7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

၇ ရက် သတင်းဂျာနယ်

# 7DAY NEWS JOURNAL

http://www.7daynewsjournal.com

TRI LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၁၀) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက် ၊ ဗုဒ္ဓဟူး ၊ (မေ ၁၅ ၊ ၂၀၁၃)

## မွန်ပြည်နယ်တွင် မူးယစ်ဆေးဝါး သုံးစွဲသော လူငယ် ၄၀ ရာခိုင်နှုန်းကျော်ရှိဟုဆို

**အိဖြူမွန်**

**ရန်ကုန်၊ မေ-၁၃**

မွန်လူ့အခွင့်အရေးဖောင်ဒေးရှင်းကကောက်ယူသော စစ်တမ်းများအရမွန်ပြည်နယ်တွင် မူးယစ်ဆေးဝါးသုံးစွဲနေသည့် လူငယ် ၄၀ရာခိုင်နှုန်းအထိမြင့်တက်လာကြောင်း မွန်လူ့အခွင့်အရေး ဖောင်ဒေးရှင်းအဖွဲ့မှ ဦးနိုင်ကဆုမွန်ပြောသည်။

မွန် လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်ပြည်နယ်ရှိမူးယစ်ဆေးဝါးသုံးစွဲမှုများမှုကို ၂၀၁၀ ပြည့်နှစ်မှစတင်ပြီး တစ်နှစ်တစ်ကြိမ် ကောက်ခံခဲ့ခြင်းဖြစ်သည်။

၂၀၁၂ စစ်တမ်းအရ မွန်လူမျိုးလူငယ် ၄၀ရာခိုင်နှုန်းနှင့် ၄၅ ရာခိုင်နှုန်းသည် မူးယစ်ဆေးကိုသုံးစွဲနေပြီး ယခင်က လူလတ်ပိုင်းများသာ သုံးစွဲခဲ့ရာမှယခုအခါ အသက် ၁၀နှစ်နှင့်၁၅နှစ်ကြားငယ်ရွယ်သူများပါ သုံးစွဲလာသည်ကို တွေ့ရှိလာကြောင်း ၎င်းကပြောသည်။

စာ(၈)သို့



မုန်တိုင်းရှောင်ရန် ပစ္စည်းများသိမ်းနေသော စစ်တွေမြို့ သဲချောင်း ဘင်္ဂါလီဒုက္ခသည်စခန်းမှ ကလေးငယ်နှင့် လူအချို့ကို မေ၁၃ရက်ကတွေ့ရစဉ် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## မဟာစင်မုန်တိုင်းနှင့် ထူးခြားမှုများ

**အောင်သူရ၊ အောင်သစ်လွင်**

**ရန်ကုန်၊ မေ-၁၃**

အစိုးရသစ်လက်ထက်တွင် အင်အားကြီးမုန်တိုင်းအဖြစ် ပထမဆုံးအကြိမ်ကြုံရသော မဟာစင်မုန်တိုင်း မဝင်မီ မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့က ငါးရက်ကြို၍ သတိပေးနိုးဆော်ချက်များထုတ်ပြန်ထားသည်။ စာ(၈)သို့

**မုန်တိုင်းအထူးသတင်းပေးပို့ချက်များ သတင်းစာအချပ်ပိုတွင်ဖော်ပြထားပါသည်**

## ပုဂ္ဂလိကသတင်းစာဈေးကွက် ပြိုင်ဆိုင်မှုပြင်းထန်

**အေးသူစံ၊ ဗိုလ်ဗိုလ်ဝင်း၊ ဆွေမွန်**

သတင်းဂျာနယ်ဈေးကွက်အတွင်း ဦးဆောင်နေသော ဂျာနယ်အများစုမှ ထုတ်ဝေသော ပုဂ္ဂလိက သတင်းစာများ ဈေးကွက်တွင် စုံသလောက်ဖြစ်လာပြီးနောက် ပုဂ္ဂလိက သတင်းစာများ ဈေးကွက်ဝေစုရရှိရန် ယှဉ်ပြိုင်မှု ပြင်းထန်လာသည်။

ဖွံ့ဖြိုးပြီးနိုင်ငံအများစုတွင် နေ့စဉ်ထုတ်သတင်းစာများ၏ ရပ်တည်ရေးမှာ ခက်ခဲနေပြီး ပုံနှိပ်မီဒီယာမှ အွန်လိုင်းမီဒီယာသို့ပြောင်းလဲရပ်တည်နေရချိန်တွင် မြန်မာနိုင်ငံတွင်မူ ဆယ်စုနှစ်လေးခုကျော်ကြာမှ ပြန်လည်ထွက်ရှိလာသော ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာများ၏ ယှဉ်ပြိုင်မှုရေချိန်မှာ အမြင့်ဆုံးအချိန်ဖြစ်နေသည်။

စာ(၈)သို့



"သမ္မတဦးသိန်းစိန်ဦးဆောင်ပြီးလုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် လမ်းမှန်ကိုရောက်နေပါပြီ။ မှန်မှန်ကန်ကန် တစ်စိုက်မတ်မတ်လုပ်ဆောင်သွားဖို့ပဲလိုပါတယ်"
RCSS/SSA ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရွက်ဆစ်နှင့် တွေ့ဆုံခြင်း
စာ(၂၃)သို့

လှိုင်မြစ်ရေအရည်အသွေး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စစ်ဆေးနေ
စာ(၉)သို့

မြန်မာ–တရုတ်ဓာတ်ငွေ့ ပိုက်လိုင်း သဘာဝပတ်ဝန်းကျင် ထိခိုက်၊မထိခိုက်အငြင်းပွား
စာ(၃၃)သို့



7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

# မြန်မာ – တရုတ်ရေနံဓာတ်ငွေ့ ပိုက်လိုင်း ဖြတ်သန်းခ ရေနံတစ်တန်လျှင် တစ်ဒေါ်လာရမည်ဟုဆို

## ဖြတ်သန်းခအပါအဝင် မြန်မာရမည့် အကျိုးအမြတ်နည်းဟု ပိုက်လိုင်းစောင့်ကြည့်သူများ ဝေဖန်

**အိဖြူမွန်**

**ရန်ကုန်**-မြန်မာ-တရုတ်ရေနံပိုက်လိုင်းဖြတ်သန်းခအတွက်နိုင်ငံတော်အခွန်အနေဖြင့် ရေနံတစ်တန်လျှင် အမေရိကန် တစ်ဒေါ်လာနှုန်း ရရှိမည်ဖြစ်ကြောင်း အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ ဥက္ကဋ္ဌမစ္စတာလီကျန်ယွင်းကယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းစီမံကိန်းမှ တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန်ပေါင်း ၂၂ သန်း ပို့လွှတ်မည်ဖြစ်ပြီး ရေနံစိမ်းထုတ်လုပ်ရန်အတွက်Process Stations ငါးခုနှင့် တန်ချိန် သုံးသိန်းအဆင့်ရှိရေနံစိမ်းဆိပ်ကမ်းတစ်ခုမြန်မာနိုင်ငံတွင် တည်ဆောက်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယင်းစီမံကိန်းမှ နိုင်ငံတော်အခွန် အပြင် ရှယ်ယာအကျိုးအမြတ်၊ မြေယာငှားရမ်းခ၊ နယ်နိမိတ်ဖြတ်သန်းခ၊ လေ့ကျင့်ရေး ရန်ပုံငွေများနှင့် လူမှုစီးပွားဖွံ့ဖြိုး ရေးလုပ်ငန်းအတွက် ကူညီပံ့ပိုးငွေများ ရရှိမည်ဖြစ်ပြီး အကျိုးအမြတ်များအပြင်ပိုက်လိုင်းတည်ရှိမှုအတွက် ပိုက်လိုင်းဖြတ်သန်းခ တစ်နှစ်လျှင်ဒေါ်လာ ၁၃ ဒသမ ၈၁ သန်းလည်း ရရှိမည်ဟု မစ္စတာလီကျန်ယွင်းက ဆိုသည်။

မြန်မာနိုင်ငံအတွက် အကျိုးအမြတ်မည်မျှရှိသည့် အသေးစိတ်အချက်အလက်များကို ပြည်သူ့လွှတ်တော်တွင် စွမ်းအင်ဝန်ကြီးဌာနမှ ပြောကြားထားပြီးဖြစ်သောကြောင့် အသေးစိတ်ကို ယင်းသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်သည့်စွမ်းအင်ဝန်ကြီးဌာနက တာဝန်ရှိပုဂ္ဂိုလ်များ ဖြေကြားခဲ့ခြင်းမရှိပေ။

ယင်းပိုက်လိုင်း စီမံကိန်းဖြတ်သန်းတည်ဆောက်မှုကြောင့် မြန်မာနိုင်ငံသည် အကျိုးအမြတ်ငွေကြေးများအပြင် တစ်နှစ်လျှင် ရေနံစိမ်း တန်ချိန် နှစ်သန်းနှင့် သဘာဝဓာတ်ငွေ့ ကုဗမီတာ နှစ်ဘီလီယံရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ယင်းစီမံကိန်းသည်မြန်မာနိုင်ငံအတွက် အကျိုးရလဒ်များပြားကြောင်း မစ္စတာလီကျန်ယွင်းက ထပ်မံပြောကြားသည်။

"လူမှုဖူလုံရေးအတွက် ပိုက်လိုင်းက ကန်ဒေါ်လာတစ်သန်း၊ ရေနံက ကန်ဒေါ်လာ တစ်သန်းသုံးနေပါတယ်။ ပြည်နယ်တွေကတိုင်းဒေသကြီးထက် ဖွံ့ဖြိုးမှုနည်းတော့ ပြည်နယ်ကို ၈၀ ရာခိုင်နှုန်းအသုံးပြုပြီး တိုင်းဒေသကြီးကိုတော့ ၂၀ ရာခိုင်နှုန်းသုံးစွဲပါတယ်" ဟုပိုက်လိုင်းစီမံကိန်းတွင်တာဝန်ရှိသူ စွမ်းအင်ဝန်ကြီးဌာန ဒါရိုက်တာ ဦးဝေဦးကပြောသည်။

ယခင်က ရေနံစိမ်းတစ်ပီပါလျှင် အခွန် တစ်ဒေါ်လာနှုန်းကောက်ယူမှုရှိခဲ့ပြီး ယခုကောက်ယူမည့် နှုန်းထားသည် နည်းပါးကြောင်း၊ ပိုက်လိုင်းစီမံကိန်းမှ သဘာဝဓာတ်ငွေ့ကုဗမီတာထုတ်ယူမှုသည် ၁၂ဘီလီယံ ရှိသော်လည်း မြန်မာနိုင်ငံသို့ ပေးမည့်ဓာတ်ငွေ့ပမာဏမှာ ၂ဘီလီယံသာရှိသောကြောင့် အလွန်နည်းပါးပြီး လူမှုဖွံ့ဖြိုးရေးအတွက် ရေနံပိုက်လိုင်းမှ ကန်ဒေါ်လာ တစ်သန်း၊ သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှကန်ဒေါ်လာတစ်သန်း ထောက်ပံ့ငွေဖြစ်ကြောင်း ပိုက်လိုင်းဖြတ်သန်းရေး စောင့်ကြည့်သူအချို့က ဆိုသည်။

မဒေးကျွန်းမှ တည်ဆောက်ထားသော ရေနံစိမ်းပိုက်လိုင်းသည် ဆော်ဒီအာရေဗျ နိုင်ငံမှ ရေနံစိမ်းများ ဝယ်ယူသည့် စီမံကိန်းဖြစ်ကြောင်း နိုင်ငံတကာတွင်ပိုက်လိုင်းဖြတ်သန်းသည့်မိုင်အရှည်၊ အလေးချိန်ကို ကြည့်ပြီးကောက်ယူကြောင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကောက်ယူမှုဈေးနှုန်းမတူညီကြောင်း၊ ရေနံစိမ်းတစ်တန်လျှင် စည်ပီပါ ၁၅နှင့် ၂၀ အကြားရှိကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်းကို မဒေးကျွန်း (မြဒေးကျွန်း) မှ စတင်တည်ဆောက်ပြီး ဓာတ်ငွေ့ ပိုက်လိုင်းကိုကျောက်ဖြူမြို့နယ်မှ စတင်တည်ဆောက်သည်။ ယင်းပိုက်လိုင်း နှစ်လိုင်းသည် ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း ဒေသကြီးနှင့် မန္တလေးတိုင်း ဒေသကြီးတို့ကိုဖြတ်သန်းဖောက်လုပ်ထားပြီးရေနံစိမ်းပိုက်လိုင်းသည် ၇၇၁ ကီလိုမီတာရှည်လျားကာသဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ၇၉၃ ကီလိုမီတာ ရှည်လျားသည့်ပိုက်လိုင်းများဖြစ်သည်။

ယင်းစီမံကိန်းကိုမြန်မာနိုင်ငံအစိုးရနှင့်တရုတ်၊ အိန္ဒိယနှင့်ကိုရီးယားနိုင်ငံတို့မှ ကုမ္ပဏီခြောက်ခုက ရင်းနှီးထားသည်။



*မီးရထားရုံးချုပ်ဟောင်းအဆောက်အအုံ*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ကိုလိုနီလက်ကျန် မီးရထားရုံးချုပ်ဟောင်း ဟိုတယ်အဖြစ် ပြုပြင်ရန် ရိုးမကုမ္ပဏီက ပင်နီဆူလာဟိုတယ်အုပ်စုနှင့် ဆောင်ရွက်မည်

**ထားထားမြင့်၊ မိုးညို**

**ရန်ကုန်၊ မေ-၁၁**

ကိုလိုနီခေတ်လက်ကျန်အဆောက်အအုံတစ်ခုဖြစ်သော ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ မီးရထားရုံးချုပ်ဟောင်းကိုပင်နီဆူလာဟိုတယ်အဖြစ် ဆောက်လုပ်ရန် စီစဉ်နေပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံထုတ် Travel Weekly စာစောင်တွင် ရေးသားဖော်ပြသည်။

ယင်းအဆောက်အအုံကို ရိုးမကုမ္ပဏီက ပိုင်ဆိုင်ပြီး ယင်းကုမ္ပဏီနှင့် ပင်နီဆူလာ ဟိုတယ်အုပ်စုက ဟိုတယ်ဆောက်လုပ်ရန် သဘောတူလက်မှတ် ရေးထိုးထားကြောင်း အထက်ပါစာစောင်တွင် ဖော်ပြပါရှိသည်။

ရိုးမကုမ္ပဏီသည် လက်ရှိတွင် ဗိုလ်ချုပ်အောင်ဆန်းလမ်းမပေါ်ရှိ FMI စင်တာကိုပြန်လည်ပြင်ဆင်ကာ Parkson အပြည်ပြည်ဆိုင်ရာကုန်တိုက်ဖွင့်လှစ်ပြီးနောက် ယခုကဲ့သို့ မီးရထားရုံးဟောင်းအား ဟိုတယ်အဖြစ် ဆောင်ရွက်ရန် လျာထားခြင်းလည်း ဖြစ်သည်။

မီးရထားရုံးချုပ် အဆောက်အအုံဟောင်း ပြုပြင်ရာတွင် အခန်းပေါင်း ၈၀ ရှိသော ကြယ်ငါးပွင့်အဆင့်ရှိသည့် ဟိုတယ်အပြင် မဂ်လာခန်းမနှင့် မြန်မာ့မီးရထား၏ သမိုင်းဝင် အချက်အလက်များကို ပြတိုက်အဖြစ် ပြသမည့် အစီအစဉ်များပါ ပါဝင်ကြောင်း FMI ကုမ္ပဏီ ပြောရေးဆိုခွင့် ရှိသူတစ်ဦးက ဆိုသည်။

ရှေးမူမပျက် ပြန်လည်မွမ်းမံမည့်မီးရထားရုံးချုပ်အဆောက်အအုံသည် ၁၈၇၇ ခုနှစ်တွင် တည်ဆောက်ခဲ့သော အဆောက်အအုံဖြစ်ပြီးကို လိုနီခေတ်ကျန် ရှေးဟောင်းအဆောက်အအုံဖြစ်ကာ Heritage Trust Zone ပါဝင်သည့် အဆောက်အအုံ ၁၈၉ လုံးအနက် တစ်လုံးလည်း ဖြစ်သည်။

ရိုးမကုမ္ပဏီနှင့် ပူးတွဲ လုပ်ကိုင်မည့် ဟောင်ကောင်နှင့်စင်ကာပူ အခြေစိုက် ပင်နီဆူလာ ဟိုတယ်အုပ်စုမှာ နယူးယောက်၊ တိုကျို၊ ချီကာဂို အပါအဝင် ကမ္ဘာတစ်ဝန်း၌ အဆင့်မြင့် ဇိမ်ခံဟိုတယ် အလုံးရေ ကိုးလုံးခန့် တည်ဆောက်ထားသော ဟိုတယ်အုပ်စုတစ်ခုလည်း ဖြစ်သည်။

ဟိုတယ်ဆောက်လုပ်မည့် အသေးစိတ်ကို ပင်နီဆူလာ ဟိုတယ် အုပ်စုမှ အသေးစိတ်ထုတ်ပြန်ထားခြင်း မရှိသေးပေ။

## ရွှေတွင်းပြိုကျ သေဆုံးသူ ၁၇ ဦးသာရှိ၊ ကောလာဟလများကို သက်ဆိုင်ရာအဖွဲ့အစည်းများ ငြင်းဆို

**အောင်သစ်လွင်**

**ရန်ကုန်၊ မေ-၁၁**

ကလော ရွှေတွင်းပြိုကျမှုတွင် ပျောက်ဆုံးနေသူ တစ်ရာကျော်နှင့် တွင်းထဲတွင် ပိတ်မိနေသူများရှိနေသေးသည်ဟူသော သတင်းများမှာ ကောလာဟလသာဖြစ်ကြောင်း စုံစမ်းစစ်ဆေးရေး အဖွဲ့နှင့် သက်ဆိုင်ရာမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးက ငြင်းဆိုသည်။

ကလောမြို့နယ်ရှိ အာရှကမ္ဘာမြေ ရွှေတူးဖော်ရေး ကုမ္ပဏီပိုင် ရွှေလုပ်ကွက်အမှတ် (D) တွင် မေ ၁ ရက်ညက ရုတ်တရက်မိုးသည်းထန်စွာ ရွာသွန်းပြီး ရွှေတွင်းပြိုကျမှုနှင့်အတူ သစ်ပင်နှင့် အလုပ်သမားနားနေဆောင်များပြိုလဲ၍ သေဆုံးသူ၁၇ဦးဖြစ်ပြီး ဒဏ်ရာရသူဦးရေမှာ ရှစ်ဦးဖြစ်ကြောင်း ပြင်ပတွင် ထွက်ပေါ်နေသော သတင်းများကဲ့သို့ ရွှေတွင်းထဲတွင် ပိတ်မိပြီး ပျောက်ဆုံးနေသူ တစ်ရာကျော်ရှိသည်ဆိုသည်မှာ မဟုတ်မှန်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်ဝင်းက ပြောသည်။

"အခင်းဖြစ်ရာဒေသက တာဝန်ရှိသူအနေနဲ့ သေဆုံးသူ ၁၇ ယောက်ဆိုတာကို အတည်ပြုနိုင်ပါတယ်။ တစ်ရာကျော် ပျောက်ဆုံးနေတယ်ဆိုတာ ကောလာဟလပါ" ဟု ၎င်းကပြောသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ သေဆုံးသူနှင့် ဒဏ်ရာရသူစာရင်းကို သိရှိနိုင်ရန် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း (နေပြည်တော်)မှ အရာရှိ ငါးဦးပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖွဲ့စည်းပြီး အခင်းဖြစ်ပွားရာ ဂိုးလ်စတား ကုမ္ပဏီပိုင်အင်းနှင့် ရွှေတောင်ကြီးအင်းတို့ကို မေ ၈ ရက်နှင့် ၉ ရက်တို့တွင် သွားရောက်စစ်ဆေးခဲ့ကြောင်း သတင်း ရရှိသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ငါးဦးပါဝင်သော အမှတ်(၂)သတ္တုတွင်း လက်ထောက်မန်နေဂျာ (ငြိမ်း) ပြည်နယ်တာဝန်ခံ ဗိုလ်ကြီး ဉာဏ်လင်းထွန်းက "လူ ၁၇ ယောက်ပဲ သေတယ်ဆိုတာ တိကျခိုင်မာပါတယ်။ တစ်ရာကျော် ပျောက်ဆုံးနေတယ်ဆိုတာ သေချာကွင်းဆင်းမကြည့်ဘဲနဲ့ ပါးစပ်ပြောပြောနေကြတာပါ" ဟု ဆိုသည်။

စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များအနေဖြင့် အခင်းဖြစ်ပွားရာ တွင်းထဲသို့ ဆင်း၍ စစ်ဆေးခဲ့ကြောင်း၊ တရားဝင်ဖွဲ့စည်းထားသော အဖွဲ့အစည်းအနေဖြင့် သေဆုံးသူ ၁၇ ဦးဆိုသည်ကို အတည်ပြုကြောင်း ၎င်းက ဆက်လက်ပြောသည်။

"အထက်က အရာရှိတွေ ကိုယ်တိုင် လုပ်ကွက်ထဲကို နှစ်ရက်ဆက်တိုက်လာပြီး စစ်ဆေးတာ။ မဟုတ်မှန်တဲ့ သတင်းကို ကုမ္ပဏီအနေနဲ့ ထုတ်ပြန်လို့မရပါဘူး" ဟု ထွက်ပေါ်နေသော သတင်းများနှင့်ပတ်သက်၍ ကုမ္ပဏီ ဆက်ဆံရေးအရာရှိ ဦးသန့်ဇင်က ပြောသည်။

ပိတ်မိနေသော အလုပ်သမားများရှိနေသေးသည်ဟု လာရောက် တင်ပြမှုများ ရှိသော်လည်း ဒေသခံတစ်ဦးအနေဖြင့် ယင်းကဲ့သို့ သတင်းထွက်ပေါ်နေမှုများမှာ မဖြစ်နိုင်ဟုယူဆကြောင်း ရှမ်းပြည်နယ်အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ် (၁) မဲဆန္ဒနယ်မှဦးဉာဏ်လင်းကပြောသည်။



7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

# လိင်ခရီးသွားနှင့် ကလေးသူငယ်လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုများ ကာကွယ်ရန် ကူညီမည်

**ခိုင်ချို**

**ရန်ကုန်၊ မေ-၁၂**

မြန်မာနိုင်ငံသို့ ကမ္ဘာလှည့် ခရီးသွား ဝင်ရောက်မှုများ ပြားလာသည်နှင့်အမျှ လိင်ခရီးသွားဆိုင်ရာကိစ္စ၊ ကလေးသူငယ်များအား လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုများ မဖြစ်ပေါ်စေရန် နိုင်ငံတကာ အဖွဲ့အစည်း တစ်ခုဖြစ်သည့် The Code မှ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါအဖွဲ့အစည်းမှာ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (Unicef) အပါအဝင် UNWTO, SECO စသည့် အဖွဲ့များ၏ ပံ့ပိုးမှု ရရှိနေပြီး လက်ရှိတွင်နိုင်ငံတကာ၌ ခရီးသွားလုပ်ငန်းအကြောင်း ပြု၍ ကလေးသူငယ်များကို လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားမှုမှ ကာကွယ်ပေးနေသည့်အဖွဲ့ဖြစ်သည်။

မြန်မာနိုင်ငံရှိ Myanmar Polestar ခရီးသွား ကုမ္ပဏီက The Code အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး Child Sex Tourism နှင့်ပတ်သက်၍ မလိုလားအပ်သည်များ မဖြစ်ပေါ်စေရန်၊ ဖြစ်ပေါ်လာပါက ဖြေရှင်းမှုများကို လွယ်ကူစွာ ဖြေရှင်းနိုင်ရန် ပညာပေးသည့်အနေဖြင့် Myanmar Polestar နှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ပြီး ယခုကဲ့သို့ ပူးပေါင်းမှုသည် ပထမဦးဆုံး အကြိမ်ဖြစ်သည်ဟု The Code အထွေထွေမန်နေဂျာ Andreas Astrup ကပြောသည်။

The Code အဖွဲ့အစည်းအနေဖြင့် ခရီးသွားလုပ်ငန်းများတွင် ကလေးသူငယ်များ၏ လိင်ပိုင်းဆိုင်ရာ ကာကွယ်ရေးနှင့် ပတ်သက်၍ အချက်ခြောက်ချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

"ခရီးသွားလုပ်ငန်းက ရှေ့ကိုတိုးတက်လာဖို့ပဲရှိတာ။ ဒီလိုပူးပေါင်းမှုတွေ၊ ပညာပေးဖို့တွေက လုပ်သင့်တယ်။ အိမ်နီးချင်းနိုင်ငံတွေမှာ Sex Tourism ဖြစ်ပေါ်နေတာကိုကြည့်ပြီး ကျွန်တော်တို့ဆီမှာဖြစ်မလာခင် ကြိုတင်တားဆီးသင့်တယ်"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း အမှုဆောင်တစ်ဦးက ပြောသည်။ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနကလည်း ကလေးသူငယ်လိင် လုပ်သားတိုက်ဖျက်ရေး၊ လိင်ခရီးသွားများကို တားဆီးရေးတို့နှင့်ပတ်သက်၍ ဟိုတယ်ဝန်ထမ်းများ၊ ဧည့်လမ်းညွှန်များကို အလုပ်ရုံဆွေးနွေးပွဲများ စတင်ပြုလုပ်ဆောင်ရွက်နေပြီဖြစ်သည်။

# ၁,၅၀၀ တန်ဆင်းမ်ကတ် ပထမအသုတ် ၆,၀၀၀ ခန့်ကျန်

**သန်းဌေး၊ မိုးညို**

**ရန်ကုန်၊ မေ-၁၃**

နိုင်ငံအဝန်း အစိုးရက ပထမအသုတ်ချထားပေးသည့်တန်ဖိုးနည်း ၁,၅၀၀ တန် ဆင်းမ်ကတ်များအနက်အသုံးအပြုရသေးသောဆင်းမ်ကတ် ၆,၀၀၀ ခန့် ရှိနေကြောင်း မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဌာနက ယနေ့ထုတ်ပြန်ကြေညာသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

မိုဘိုင်းအိတ်ချိန်းများ၏ မှတ်သားထားသော အချက်အလက်အရ မေ ၁၃ ရက်အထိ ရန်ကုန်၊ ပုသိမ်၊ ပဲခူးနှင့် ပျဉ်းမနားမြို့များတွင် ရောင်းချပေးထားသော စက်အင်အားထက်ပိုမိုသုံးစွဲထားကြောင်း လေ့လာတွေ့ရှိရသည်။

လက်ရှိတွင် အဆိုပါ တန်ဖိုးနည်း ၁,၅၀၀ ဆင်းမ်ကတ်များကို ပထမအသုတ်အဖြစ် ဧပြီလ ၂၄ ရက်က ကတ်သုံးသိန်းခွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် ရောင်းချပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်ပြီး ယခုလအတွက် မေလ ၂၀ ရက်တွင် သုံးသိန်းခွဲကိုပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် ထပ်မံရောင်းချမည်ဟု ဆိုသည်။

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ဒုတိယနှစ်ပြီးလျှင် ဒီပလိုမာလက်မှတ်ရမည်

**သန်းထူး**

**ရန်ကုန်၊ မေ-၁၃**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်ကျောင်းသားများ ဒုတိယနှစ် သင်တန်းပြီးဆုံးလျှင် ဒီပလိုမာလက်မှတ် ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မိဘများ၏ စီးပွားရေးအခြေအနေအရ ဘွဲ့ရသည်အထိ (လေးနှစ်ပြည့်) မတက်ရောက်နိုင်သည့် ကျောင်းသားများအတွက် ဒီပလိုမာလက်မှတ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရန် ရည်ရွယ်၍ ထိုကဲ့သို့ စီစဉ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ပြောသည်။

"နှစ်နှစ်နဲ့ ဒီပလိုမာပေးလိုက်ရင် ဇာတ်မင်းသားဘယ်သူဆိုပြီး ဆိုင်းဘုတ်ထောင်လို့ရသွားမယ်" ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။ ဒီပလိုမာလက်မှတ်ထုတ်ပေးရေး အစီအစဉ်အတွက် တက္ကသိုလ်များ ဇဟိုကောင်စီကလည်း ယခုလ ၃ ရက်တွင် ပြုလုပ်သော အစည်းအဝေး၌ အတည်ပြုခဲ့သည်။




## CRIME CORNER မှုခင်း သတင်း

### ရေယာဉ်လုပ်သားသုံးဦး သင်္ဘောဝမ်းဗိုက်အတွင်း အသက်ရှူကြပ်သေဆုံး

**ရဲနောင်**

**ရန်ကုန်၊ မေ-၉**

တနင်္သာရီတိုင်း၊ မြိတ်မြို့တွင် ကျောက်ချရပ်နားထားသော ကုန်တင်သင်္ဘော၏ ဝမ်းဗိုက်အတွင်း သန့်ရှင်းရေးပြုလုပ်နေစဉ် ရေယာဉ်လုပ်သား သုံးဦးအသက်ရှူကြပ်၍ သေဆုံးခဲ့သည်ဟုမြန်မာနိုင်ငံရဲတပ်ဖွဲ့ထံမှ သတင်းရရှိသည်။

MV- ဇဝနအမည်ရှိတွန်းသင်္ဘောနှင့်တွဲလျက် BARGE-11 Singaporeကုန်တင်သင်္ဘောမှ ရေယာဉ်မှူးအပါအဝင် ဝန်ထမ်း၁၅ဦးသည် မေ၇ရက် နံနက်တွင် သင်္ဘောသန့်ရှင်းရေးပြုလုပ်နေကြပြီး ဒုရေယာဉ်မှူးဇင်ကိုကိုဦးသည် သင်္ဘောဝမ်းဗိုက်အတွင်းရောက်ရှိစဉ် လဲကျသွားသဖြင့် သင်္ဘောသာကျော်မြင့်၊ ဝင်းထွန်းနှင့် သန်းထိုက်အောင်တို့မှ ကူညီရန်တစ်ဦးချင်းစီသွားရောက်ခဲ့ရာမှ လေးဦးစလုံးထပ်မံလဲကျသွားခြင်းဖြစ်သည်။

သင်္ဘောကုန်းပတ်ပေါ်တွင်အသင့်ရှိသည့်စက်ဆရာနှင့်အဖွဲ့သားများက အောက်ဆီဂျင်ပေးသောကိရိယာဝတ်ဆင်၍ သင်္ဘောဝမ်းဗိုက်အတွင်းဆင်း၍ လဲကျသူလေးဦးစလုံးအား ကုန်းပတ်ပေါ်တင်ခဲ့ပြီး ဝင်းထွန်းမှာ အသက်ရှူကြပ်သည့် ဝေဒနာခံစားရကြောင်း တွေ့ရှိသဖြင့် မြိတ်မြို့နယ်ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ကျန်သုံးဦးမှာ ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးလျက်ရှိသည်ကို တွေ့ရှိခဲ့သည်။

အောက်ဆီဂျင်ပေးသည့်ကိရိယာမပါရှိဘဲ သင်္ဘောဝမ်းဗိုက်အတွင်းသို့ ဝင်ရောက်ရာတွင် အလုံပတ်ထားသော သင်္ဘောဝမ်းဗိုက်အတွင်း လူ့အသက်အန္တရာယ်ဖြစ်နိုင်သော လေထုကြောင့် သေဆုံးရခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်အား မြိတ်မြို့မရဲစခန်းက သေမှုသေခင်းအမှုဖွင့်စစ်ဆေးလျက်ရှိသည်။

# ဒဂုံဆိပ်ကမ်းတန်ဖိုးနည်းအိမ်ရာ စီမံကိန်း၏မြေအချို့ ပိုင်ရှင်ရှိဟုဆို

**ငြိမ်းချမ်း**

**ရန်ကုန်၊ မေ-၉**

ဒဂုံဆိပ်ကမ်းမြို့နယ်တွင် တည်ဆောက်မည့်အခန်းပေါင်း၄၀,၀၀၀ ဝန်းကျင်ပါဝင်သော ရောဝဏ်နှင့်ရတနာအိမ်ရာတန်ဖိုးနည်း အိမ်ရာစီမံကိန်းမြေကွက်များတွင် လူပုဂ္ဂိုလ်အချို့ပိုင်ဆိုင်သော နှစ်ခြောက်ဆယ်ဂရန်မြေကွက်များ ပါဝင်နေကြောင်း ၎င်းတို့ကပြောသည်။

အဆိုပါဂရန်မြေကွက်ပိုင်ရှင်များသည် ၁၉၈၉ခုနှစ်ကတည်းက မြေကွက်များဝယ်ယူနေထိုင်နေကြကြောင်း ဒဂုံဆိပ်ကမ်းမြို့နယ် ၆ ရပ်ကွက်မှ အထက်ပါ စီမံကိန်းမြေကွက်တွင်၎င်း၏ဂရမ်မြေပါသည်ဆိုသော ဒေါ်တင်ဝင်းမာက ပြောသည်။

တန်ဖိုးနည်းအိမ်ရာတည်ဆောက်မည်ဖြစ်သောကြောင့် အိမ်ရာတည်ဆောက်မည့် ရပ်ကွက် ၆၁ နှင့် ၆၇ တွင်နေထိုင်သူများကို ဒဂုံအရှေ့ပိုင်းရှိ ရွာသာကြီးရှိကွင်း အမှတ် ၁၄၁/၂သို့ ရွှေ့ပြောင်းခိုင်းထားကြောင်းသတင်းရရှိသည်။

“ကျွန်မတို့က နှစ်ခြောက်ဆယ် မြေဂရန်ပိုင်တယ်။ အဲဒီမြေကွက်ကိုသိမ်းမယ်ဆိုတော့အဲဒီဂရန်ကလည်း အာမခံချက်မရှိတော့ဘူးလား”ဟု စီမံကိန်းမှ မြေတစ်ကွက်ပိုင်သော ဒေါ်တင်ဝင်းမာက ပြောသည်။

တန်ဖိုးနည်းအိမ်ရာစီမံကိန်း တည်ဆောက်ရန်အတွက် ၂၀၀၁ ခုနှစ်တွင်နိုင်ငံတော်အစိုးရက မြေကွက်များသိမ်းယူထားခဲ့ပြီး မြေကွက်ပိုင်ရှင်များက ရွှေ့ပြောင်းမပေးခဲ့ပဲ နေခဲ့ရာ ယခု ၂၀၁၃ခုနှစ်မတ်လတွင်မှသာ အပြီးပြောင်းရွှေ့ရန် စာပို့ထားကြောင်း ၎င်းတို့ကဆိုသည်။

“ကျွန်တော်တို့က ဘယ်လိုမှ မပြောင်းပေးနိုင်ဘူး။ အခုပေါက်ဈေးအတိုင်းလုပ်ပေးမှသာပြောင်းပေးမှပါ”ဟုနှစ်ခြောက်ဆယ်ဂရန်ပိုင် မြေကွက်သိမ်းယူခံရသော ကိုဇော်ဝင်းလှိုင်ကပြောသည်။

တန်ဖိုးနည်းအိမ်ရာစီမံကိန်း တည်ဆောက်ရေးအတွက် ရွှေတောင်ဖွံ့ဖြိုးရေးကုမ္ပဏီလီမိတက်၊ အေးရှားဝေါလ်နှင့် ဒဂုံအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက် အပါအဝင် အခြားသောကုမ္ပဏီ ၂၄ ခုတို့မှ တည်ဆောက်ခွင့်ရထားပြီး ၂၀၁၅ခု နှစ်မတိုင်ခင်အပြီးတည်ဆောက်ရန်ဖြစ်သည်။

“ပိုင်ရှင်တွေကို အဆင်ပြေအောင်တော့လုပ်ပေးမှာပါ။ အခုလောလောဆယ်တော့ ဘာမှပြောလို့မရသေးပါဘူး” ဟု မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးဒေါ်အေးအေးမြင့်ကပြောသည်။

တန်ဖိုးနည်းစီမံကိန်းတွင် ၁၈ ထပ်ပါတိုက်အလုံးရေ ၄၈လုံး၊ အခန်းပေါင်း လေးသောင်းဝန်းကျင် ပါဝင်မည်ဖြစ်ကြောင်း ဒဂုံအင်တာနေရှင်နယ်လီမိတက်မှ ဒါရိုက်တာဦးသူရိန်အောင်က ပြောသည်။

## အကြမ်းဖက်မှုတွင် ပါဝင်ပတ်သက်မှုဖြင့် ပြစ်ဒဏ်ချခံရသော ရခိုင်တိုင်းရင်းသားများအတွက် အယူခံဝင်မည်

**အောင်နိုင်**

**ရန်ကုန်၊ မေ-၉**

အကြမ်းဖက်မှုများတွင် ပါဝင်ပတ်သက်မှုဖြင့် ပြစ်ဒဏ်ချမှတ်ခံရသော ရခိုင်တိုင်းရင်းသား၁၀ဦး၏အမှုကို ကျေနပ်ခြင်းမရှိသဖြင့် ဆက်လက်အယူခံသွားမည်ဟု ယင်းအမှုကူညီဆောင်ရွက်နေသူ များကပြောကြားသည်။

၂၀၁၂ခုနှစ်အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများပါဝင်မှုဖြင့် ရခိုင်တိုင်းရင်းသား ၁၀ဦးအား ပုဒ်မ ၃၇၉နှင့် ၄၃၆တို့အရထောင်ဒဏ် ၃နှစ်စီကျခံရန် စစ်တွေမြို့နယ် တရားရုံးက မေ ၇ ရက်တွင် အမိန့် ချမှတ်ခဲ့သည်။ “တရားခံတွေဘက် မကျေနပ် လို့အခုခရိုင်ကိုအယူခံတင်ဖို့ဆောင်ရွက်နေတယ်” ဟု ဒေသခံရှေ့နေတစ်ဦးက ပြောသည်။ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ရခိုင်တိုင်းရင်းသား ၁၀ဦးကို ယမန်နှစ် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော ဒုတိယအကြိမ် ပဋိပက္ခများအပြီးတွင် ဖမ်းဆီးစစ်ဆေးခဲ့ခြင်းဖြစ်သည်။



Life
7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

# နေညိုညိုဘဝထဲက မလှပသော ပုံရိပ်များ



**မင်းသန်းထိုက်(ဒေးဒရဲ)**

တီဗီသတင်းအစီအစဉ်ကထုတ်လွှင့်ပြသနေသည့်(၆၇)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ ကျင်းပနေပုံသတင်းကို မမှိတ်မသုန် ကြည့်နေရင်းက အရာရှိအိုကြီးဦးခင်မောင်၏မျက်လုံးအိမ်မှာမျက်ရည်ကြည်တွေ ဝေ့လည်နေသည်။ ပင်စင်မယူမီကဆိုလျှင်တော့ သည်လိုပွဲတွေမှာ တစ်ခန်းတစ်ကဏ္ဍ တစ်နေရာက ပါပေလိမ့်မည်။ ခုတော့ ခုတင်ပေါ်မှာ တုံးလုံးလုံလိုက်၊ ငုတ်တုတ်ထိုင်လိုက်နှင့် အချိန်ကုန်ခဲ့သည်မှာ နှစ်ချီကြာခဲ့ပြီ။ မီးသတ်ဦးစီးဌာနတွင် ပြည်နယ်ဦးစီးမှူးအထိ အဆင့်မြင့်တာဝန်ကြီးများ ထမ်းဆောင်ခဲ့ဖူးသည့် အတိတ်တို့က ဦးခင်မောင်အဖို့ ဟိုးခပ်ဝေးဝေးမှာ ကျန်ခဲ့ပြီ။ ခုချိန်မှာတော့ ၁၅ ပေခန့်ကျယ်သည့် သုံးပင်နှစ်ခန်း ပျဉ်ထောင်အိမ်လေးမှာ ကောင်းတူဆိုးဖက်လက်တွဲဖော် ဇနီးအိုနှင့်အတူ သမီး၊ သမက်၊ မြေးများနှင့် ပစ္စုပ္ပန်ကိုလေးလံစွာဖြတ်သန်းနေရလေပြီ။

ခေါင်းအုံးလေးကိုကျောမှီကာ ခုတင်ပေါ်တွင် ခြေဆင်းထိုင်ရင်း အသက်(၆၉)နှစ်အရွယ် ဦးခင်မောင်တစ်ယောက် စိတ်ကအတိတ်ကို ပြန်လည်တူးဆွနေမိသည်။ ၁၉၆၂ ခုနှစ် ဆယ်တန်းအောင်စဉ်ကတည်းက မီးသတ်တပ်ဖွဲ့သို့ တပ်သားအဖြစ် ဝင်ရောက်ခဲ့သည်။ ဗိုလ်သင်တန်းလျှောက်လျှင် မခက်ခဲသေးသည့် ထိုစဉ်ကာလမှာပင် မိမိဝါသနာပါရာ မီးသတ်တပ်ဖွဲ့သို့ဝင်ခဲ့ခြင်းဖြစ်၏။ ရာထူးအမျိုးမျိုးဖြင့် တစ်မြို့ပြီးတစ်မြို့ ပြောင်းနေရသော်လည်းကိုယ်ဝါသနာပါသည့်အလုပ်မို့ဦးချစ်မောင်ပျော်ပါသည်။ သည်လိုပြောင်းရင်း ရွှေ့ရင်းကပဲ ဦးချစ်မောင်၏ ဘဝထဲကို ဇနီးမယား၊ သမီးသားတွေ ရောက်လာခဲ့ခြင်းဖြစ်လေသည်။

မီးသတ်ဝန်ထမ်းဘဝ အမှတ်တရတွေက များလှသည်။ မီးသတ်ဌာနဆိုတော့လည်း အခြားဌာနတွေလို အချိန်ရယ်၊ အခါရယ်မရှိ။ အရေးပေါ်လျှင်ပေါ်သလိုအသင့်အနေအထားရှိရသည်။ ၂၄ နာရီတာဝန်ဖြစ်၏။ ငယ်စဉ်ကတော့ ပင်ပန်းသည်ဟုလည်း မထင်ခဲ့ပါချေ။

ဘားအံမီးသတ်တွင်တာဝန်ထမ်းဆောင်စဉ် ကာလများကတော့မီးသတ်ဝန်ထမ်းဘဝ အမှတ်တရများပင်ဖြစ်၏။ ထိုစဉ်ကဦးခင်မောင်၏ ရာထူးမှာတာဝန်ခံ စခန်းမှူး ဖြစ်သည်။ လှိုင်းဘွဲ့မြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာကို သူပုန်တပ်တွေဝင်၍မီးရှို့သွားသည်။ မီးကအနီးအပါးရွာများကိုပါကူးစက်နိုင်သဖြင့် ထိုစဉ်က ပြည်နယ်ပြည်သူ့ကောင်စီ၏ တာဝန်ပေးချက်အရ သွားရောက် မီးငြိမ်းသတ်ရသည်။ သင်တန်းကျောင်းက ပို့ချသင်ကြားပေးလိုက်သည့် မီးသတ်အတတ်ပညာနှင့် မိမိ၏မီးသတ်ဝန်ထမ်းဘဝ အတွေ့အကြုံတို့ပေါင်းစပ်ကာ အဆုံးအရှုံးနည်းနိုင်သမျှ နည်းအောင် ကြိုးစား၍ မီးငြိမ်းသတ်နေစဉ် သူပုန်များ၏ ချောင်းမြောင်းပစ်ခတ်ခြင်းကိုခံခဲ့ရ၏။ ကံကြီး၍သာ ဇနီးသည်လည်း မုဆိုးမ မဖြစ်ခဲ့သလို မိမိ၏သားသမီးများလည်း ဖတဆိုးဘဝ မရောက်ခဲ့ရခြင်း ဖြစ်လေသည်။

နောက်အမှတ်တရ တစ်ခုက တကယ့်ကို အမှတ်တရဟု ဆိုရပေမည်။ မိမိတစ်ဦးတည်းအတွက်သာမက မိမိတို့ဘားအံမီးသတ်စခန်းတစ်ခုလုံး၊ ထိုမှ တစ်ဆင့်တက်၍ မြန်မာနိုင်ငံ မီးသတ်တစ်ဖွဲ့လုံးအတွက်ပါဂုဏ်ယူစရာအမှတ်တရပင်ဖြစ်၏။ တပ်မ(၄၄)တွင် ဗိုလ်မှူးကြီးမြသင်း (နောင်-ဒုတိယဗိုလ်ချုပ်ကြီးမြသင်း)တပ်မမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က ဖြစ်သည်။

စာမျက်နှာ (၃၂)သို့



7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

# နာဂဒေသတွင် ပညာရေးခက်ခဲသည့် ကလေးငယ်များ ပိုမိုများပြားလာ

ကျင်းဆောင်

**ရန်ကုန်၊ မေ - ၁၀**

စီးပွားရေး အကျပ်အတည်းများနှင့် ပညာရေးအခြေခံအားနည်းလာမှုများကြောင့် ကျောင်းနေအရွယ် နာဂတိုင်းရင်းသားကလေးငယ်များအားရန်ကုန်မြို့ ဘာသာရေး ပရဟိတဂေဟာများသို့ လာရောက်ပို့ဆောင်မှုသည် တစ်နှစ်ထက် တစ်နှစ်ပိုမိုများပြားလာကြောင်း ရန်ကုန်အခြေစိုက် နာဂကျောင်းသားလူငယ်များအဖွဲ့ချုပ်မှ သတင်းရရှိသည်။ ယင်းကလေးငယ်များမှာ နာဂဒေသရှိ ပန်အောင်၊ နန်းယွန်းမြို့များမှဖြစ်သည်။

" ဒီနှစ်က အယောက်လေးဆယ်ခေါ်လာတယ်။ အရင်နှစ်တွေကရောပေါင်းရင် ၆၁ ယောက်ရှိပြီ"ဟု ကလေးများအားလိုက်လံပို့ဆောင်ပေးသူ ဦးနှင်းဝါက ပြောသည်။

မိသားစုဝင်ငွေနည်းပါးမှုက အဓိကဖြစ်ပြီး သားသမီးများအား တက္ကသိုလ်ဝင်တန်းအောင်မြင်သည်အထိ ကျောင်းထားပေးရန် အခက်အခဲ များစွာရှိနေရာ သားသမီးငါးဦးရှိသည့် မိသားစုတစ်စုတွင် သုံးဦးကိုသာ ကျောင်းထားပေးနိုင်ပြီး ကျန်သည့်နှစ်ဦးက မိဘများနှင့်အတူ တောင်ယာလုပ်ငန်းများလုပ်ကိုင်နေရကြောင်း သတင်းရရှိသည်။

"သမီးလေးက ငယ်သေးတော့ မိဘနဲ့လည်း ခွဲတော့မခွဲချင်ဘူး။ သမီးရဲ့ပညာရေးအတွက် စဉ်းစားပြီး လာပို့တာ။ သမီးလေးကလည်း သွားချင်တဲ့ဆန္ဒရှိနေတော့"ဟု အသက်ရှစ်နှစ်အရွယ်သာရှိသေးသောသမီးငယ်ပွင့်နွယ်၏ မိခင်ကရင်ဖွင့်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အစိုးရ၏ အစီအစဉ်ဖြင့် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသော ကျောင်းသား၊ ကျောင်းသူများအား နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးဒီဂရီ ကောလိပ်များ၌ ပညာသင်ကြားခွင့်ရသော်လည်း ယခုနောက်ပိုင်း ပရဟိတဂေဟာများနှင့် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများတွင် သွားရောက် ပညာသင်ယူနေသည့်လူငယ်များ ပို၍များပြားလာသည်။

ရန်ကုန်မြို့တွင်မှန်ကင်းဘုန်းတော်ကြီးကျောင်းတိုက်နှင့် မိုးကုတ်ဆရာတော်ဘုရားကြီး တည်ထောင်ခဲ့သည့် နာဂလိုဏ်ဂူကျောင်းများသို့ အများဆုံးလာရောက်ပို့ဆောင်ပေးနေကြောင်း ဦးနှင်းဝါက ပြောသည်။




## ပဲငါးပိချောက်ဆီပြန်

ဒီတစ်ပတ်ကတော့ဝိုက်ဖီက အညာပဲငါးပိချောက်ကိုခပ်လေးလေး၊ ခပ်စပ်စပ်ချက်မှာပါ။ မုံရွာကလာတဲ့ ရေဦးပဲငါးပိချောက်ပြားလေးတွေ (ရိုးရိုးပဲငါးပိချောက်ပြားလည်းရပါတယ်) ငါးပြားလောက်ကို အရင်ဆုံးရေစိမ်၊ ပြီးရင် ထောင်းထားပါမယ်။

ငရုတ်သီးခွဲခြမ်း ကြက်သွန်ဖြူ၊ နီကို ထုံးစံအတိုင်းဆီသတ်၊ မွှေးလာပြီဆိုရင် ပဲငါးပိထည့် ။ ရေလေးနည်းနည်းထည့်ပြီးမှ ငရုတ်သီးစိမ်း၊ နံနံပင်လေးအုပ်ပြီးချလို့ရပါတယ်။ ပဲငါးပိကခပ်လေးလေး အရသာရှိတာမို့ကြက်သားကြော်၊ ဝက်သားကြော်၊ ငါးကြော်စသ ဖြင့် အသားကြော်ကြွပ်ကြွပ်လေးနဲ့ ဘူးသီးဟင်းချိုတစ်ခွက်ကိုအတူတွဲလို့ စားမယ်ဆိုရင်တော့ တကယ်ကို အရသာရှိပြီး ခံတွင်းမြိန်မှာပါပဲ။






# မိခင်များနေဖို့ အကောင်းဆုံး၁၀နိုင်ငံ ဥရောပတိုက်တွင်ရှိ

**လန်ဒန်၊ မေ-၁၃**




လေ့လာမှုအသစ်တစ်ရပ်အရမိခင်များအတွက် နေထိုင်ချင်စရာအကောင်းဆုံး နိုင်ငံများမှာ ဆွီဒင်၊ ဖင်လန်နှင့် နော်ဝေးအစရှိသော ကမ္ဘာ့မြောက်ဖျား နော်ဒစ်နိုင်ငံများဖြစ်ကြောင်းသိရှိရသည်။

ဖင်လန်နိုင်ငံမှာ မိခင်များအတွက် နေ့စဉ်လိုလိုပင် အမေများနေ့ဖြစ်သည်ဟု Save the Children အစီရင်ခံစာသစ်က ၎င်း၏ စာရင်းတွင် နံပါတ်တစ်ရသော နိုင်ငံကို တင်စားထားသည်။

ကမ္ဘာ့မိခင်များ၏ အခြေအနေ (၁၄)ကြိမ်မြောက် နှစ်စဉ်အစီရင်ခံစာကို အဓိက တိုင်းတာချက် ငါးမျိုးဖြင့် အဆင့်သတ်မှတ်ခဲ့ရာ ဥရောပနိုင်ငံများက ထိပ်ဆုံးနေရာများ ရယူခဲ့ပြီး ဩစတြေးလျနိုင်ငံက နံပါတ်တစ်ဆယ် ချိတ်ခဲ့သည်။

တစ်ဦးချင်းဝင်ငွေ၊ ဘဝတစ်လျှောက်မိခင်အသက်ဆုံးရှုံးနိုင်မှုအန္တရာယ်၊ အသက်ငါးနှစ်အောက်ကလေးသေဆုံးနှုန်း၊ ပညာရေးအဆင့်အတန်းဩဇာအာဏာရှိသော အစိုးရအလုပ်များတွင် အမျိုးသမီးများနေရာရရှိမှု စသောသတ်မှတ်ချက်များဖြင့် ကမ္ဘာ့နိုင်ငံ ၁၈၆ နိုင်ငံကို အဆင့် သတ်မှတ်ခဲ့သည်။

ပညာရေးနှင့် ဘဝအရည်အသွေးအတွက် ထိပ်တန်းအမှတ်များရရှိခဲ့သောဖင်လန်နိုင်ငံနောက် ဒုတိယနေရာတွင် ဆွီဒင်၊ တတိယနေရာ၌ နော်ဝေး အစရှိသဖြင့် မိခင်များအတွက် အကောင်းဆုံးနိုင်ငံများကို ဥရောပက ဦးဆောင်ပြီး အဆိုးဆုံးနိုင်ငံများမှာ အာဖရိကအလယ်ပိုင်းနိုင်ငံများဖြစ်သည်။

မီးဖွားစဉ် မိခင်သေဆုံးမှု၏ ၉၉ရာခိုင်နှုန်းနှင့် မွေးကင်းစကလေးသေဆုံးမှု၏ ၉၈ရာခိုင်နှုန်းမှာ အခြေခံကျန်းမာရေးကျန်းမာရေးစောင့်ရှောက်မှုနည်းပါးသော ဖွံ့ဖြိုးဆဲနိုင်ငံများတွင်အဖြစ်များပြီး၊ ယင်းတို့အထဲတွင် ကွန်ဂိုနိုင်ငံမှာ အဆိုးဆုံးဖြစ်ပြီး ဒုတိယအဆိုးဆုံးမှာ ဆိုမာလီယာ၊ ယင်းအထက်တွင် ဆီယာရာလီယွန်၊ မာလီ၊ နိုင်ဂျာ၊ ဗဟိုအာဖရိကနိုင်ငံ၊ ဂမ်ဘီယာ၊ နိုင်ဂျီးရီးယား၊ ချဒ်၊ အိုင်ဗရိကို့စ်တို့ ရှိနေသည်။

အမေရိကန်နိုင်ငံမှာ အမှတ်စဉ် ၃၀ တွင်ရှိနေကာ စက်မှုဖွံ့ဖြိုးပြီး ကမ္ဘာတွင် မွေးကင်းစ ကလေး သေဆုံးမှုနှုန်း အမြင့်ဆုံးဖြစ်သည်။ မိခင်များနှင့် ကလေးများအတွက် ကျန်းမာရေး စောင့်ရှောက်မှု အကောင်းဆုံးနိုင်ငံများမှာ ဖင်လန်၊ ဆွီဒင်၊ နော်ဝေး၊ အိုက်စလန်၊ နယ်သာလန်၊ ဒိန်းမတ်၊ စပိန်၊ ဘယ်လ်ဂျီယမ်၊ ဂျာမနီ၊ ဩစတြေးလျတို့ဖြစ်ကြသည်။

ကမ္ဘာတစ်ဝန်း နှစ်စဉ်ငါးနှစ်အောက်ကလေးသေဆုံးမှုမှာမူ ၁၉၉၀ ပြည့်နှစ်ကထက်စာလျှင် ၄၀ ရာခိုင်နှုန်းကျဆင်းလာပြီး ၁၂ သန်းမှ၆ဒသမ၉သန်းသို့လျော့ကျသွားခဲ့သည်။

—Ref: Time

# မစ်ဇိုရမ်ပြည်နယ်ရှိ ရွှေ့ပြောင်းချင်းလူမျိုးအချို့ လူ့အခွင့်အရေးချိုးဖောက်ခံနေရ

**ရဲနောင်၊ ကျင်းဆောင်**

**ရန်ကုန်၊ မေ-၁၃**

အိန္ဒိယနိုင်ငံမစ်ဇိုရမ်ပြည်နယ်အတွင်းသို့ ရွှေ့ပြောင်းနေထိုင်သော ချင်းလူမျိုးတစ်သိန်းကျော်သည် အခြေခံလူ့အခွင့်အရေး ချိုးဖောက်ခံရမှုများရှိနေ၍ လူမှုဘဝလုံခြုံရေးအတွက် အကူအညီများပေးရန် လိုအပ်သည်ဟု ချင်းနိုင်ငံရေးပါတီအချို့မှ သတင်းရရှိသည်။

မစ်ဇိုရမ်ပြည်နယ်အတွင်းရှိ လူနည်းစုချင်းရွာများတွင် အကြမ်းဖက် မီးရှို့ဖျက်ဆီးခံရမှုများ မကြာခဏဖြစ်ပွားနေပြီး ၂၀၀၀ပြည့်နှစ်အလွန်ကာလများတွင်လည်း မစ်ဇိုရမ်ပြည်နယ်အစိုးရက ရွှေ့ပြောင်းချင်း လူမျိုးများအားလုံးကို နှင်ခဲ့သည်။

"အခုက ဟိုဘက်မှာ ညှော်သည်အဖြစ်တောင် နေကြရတာ မဟုတ်ဘူး။ ဒုက္ခသည်တွေလိုနေနေကြတာ။ တော်တော်လေးလုံခြုံမှုမရှိဘူး"ဟု ချင်းအမျိုးသားပါတီမှ အထွေထွေအတွင်းရေးမှူး ဆလိုင်းကျဲအိုဘိခ်ထောင်ကပြောသည်။

ပြီး ၂၉ရက်တွင် မစ်ဇိုရမ်ပြည်နယ်ရှိ ချင်းလူများနေထိုင်သောကျေးရွာ၌ အကြမ်းဖက်မီးရှို့ခံခဲ့ရပြီး အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားမှုမရှိစေရန် မစ်ဇိုရမ်ပြည်နယ် အစိုးရကဥပဒေအရ ထိရောက်စွာအရေးယူရန်၊ အစိုးရနှင့် နိုင်ငံတကာမှ လူသားချင်းစာနာမှုအထောက်အပံ့များ ကူညီပေးရန် ချင်းနိုင်ငံရေးပါတီ လေးခုက မေ ၈ရက်တွင် တောင်းဆိုခဲ့ကြသည်။

"မြန်မာနိုင်ငံရဲ့ အနောက်ဘက်မှာ ရွှေ့ပြောင်းချင်းလူမျိုးတွေကိုလည်း နိုင်ငံတော်အနေနဲ့ ကြည့်ရှုပေးသင့်ပါတယ်။ ပြည်တွင်းမှာ သူတို့အတွက် လုံခြုံရေးအတွက် အာမခံချက်ပေးနိုင်တဲ့ မူဝါဒတစ်ခုချမှတ်သင့်ပါပြီ"ဟု ဆလိုင်းကျဲအိုဘိခ်ထောင်ကပြောသည်။

နိုင်ငံတကာလူ့အခွင့်အရေး အဖွဲ့အစည်းများက ရွှေ့ပြောင်းချင်းလူမျိုးများအား စစ်တမ်းကောက်ယူမှုအရ ၎င်းတို့တွင်လူမှုဘဝ လုံခြုံမှုမရှိဘဲ အဆင်မပြေမှုများ ရှိနေသည်ဟု ဖော်ပြခဲ့ကြသည်။

လတ်တလောတွင် ချင်း လူ့အခွင့်အရေးအဖွဲ့များ၊ မစ်ဇိုရမ်ပြည်နယ်အတွင်းရှိ ချင်းလူမှုအသင်းအဖွဲ့များက ရွှေ့ပြောင်းနေထိုင်သော ချင်းလူမျိုးများအတွက် အကူအညီများပေးလျက်ရှိသည်။ ၂၀၀၇ခုနှစ်စာရင်းအရ အိန္ဒိယနိုင်ငံ မစ်ဇိုရမ်ပြည်နယ်အတွင်း နေထိုင်သော ချင်းလူမျိုးဦးရေမှာ ခုနစ်သောင်းခန့်ရှိပြီး ယနေ့အချိန်တွင် တစ်သိန်းကျော်ရှိကြောင်း ဖော်ပြထားသည်။



7DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013



## ၂၀၁၃ မေ၁၅မှ ၂၁ရက်အထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အပူပိုင်းဆိုက်ကလုန်း 01B13 (MAHASEN) ဟာ ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား စစ်တကောင်းမြို့နဲ့ မောင်တောမြို့များအကြားမှ ကုန်းတွင်းပိုင်းကို ဖြတ်ကျော်ဝင်ရောက်နိုင်ပါတယ်။ မြန်မာနိုင်ငံတောင်ပိုင်းသို့ မုတ်သုံလေဝင်နိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

မန္တလေးတိုင်းတွင် 38-40°C ၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ရောဝတီတိုင်း၊ ရန်ကုန်တိုင်းတို့မှာ 36-38°C ၊ ကချင်ပြည်နယ်တွင် 24-26°C ၊ ကျန်ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ 33-35°C စင်တီဂရိတ်ခန့် ရှိနိုင်ပါတယ်။

**မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်မှုအခြေအနေ။**

တစ်ပြည်လုံးတွင် အများအားဖြင့် ညနေပိုင်းများမှာ မိုးတိမ်တောင်များ ဖြစ်ထွန်းနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်း၊ ပဲခူးတိုင်း၊ ရောဝတီမြောက်ပိုင်းတို့မှာ နေရာကျဲကျဲ၊ ကျန်ဒေသများမှာ နေရာကွက်ကျား ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်း ရွာသွန်းနိုင်ပါတယ်။ **ဒေါက်တာထွန်းလွင်**

မျက်နှာဖုံးမှ

## မွန်ပြည်နယ်တွင် မူးယစ်ဆေးဝါး သုံးစွဲသော လူငယ် ၄၀ရာခိုင်နှုန်းကျော်ရှိဟုဆို

"မုဒုံနဲ့ သံဖြူဇရပ်မှာ လူငယ်တွေအတော်လေး မူးယစ်ဆေးဝါးစွဲနေတာတွေ့ရတယ်။ တကယ့်ကို စိတ်မကောင်းစရာပါ။ ဝယ်ရတာလည်းလွယ်ပါတယ်။ ရာမကိုကွမ်းယာဆိုင်တွေမှာတောင်ဝယ်လို့ရတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

မွန်ပြည်နယ်ရှိ လူငယ်များကြားတွင် မူးယစ်ဆေးဝါးသုံးစွဲမှုသည် ၂၀၁၂ခုနှစ်မှစပြီး မြင့်တက်လာကြောင်း၊ လူငယ်များသည် တိုင်းပြည်၏အနာဂတ်ဖြစ်သောကြောင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို ပြည်နယ်အစိုးရအနေဖြင့် စီမံချက်တစ်ခုချလုပ်ဆောင်သင့်ကြောင်း၊ ကွမ်းယာဆိုင်များတွင် အလွယ်တကူဝယ်ယူရရှိနေသောအခြေအနေဖြစ်သောကြောင့် ယင်းဆိုင်များကိုပါ စစ်ဆေးအရေးယူမှုများပြုလုပ်သင့်ကြောင်း အထက်ပါပုဂ္ဂိုလ်ကပြောသည်။

"လူငယ်အများစုကတော့ သုံးစွဲလာကြတယ်။ ၁၃နှစ်အထက်ကျောင်းသားတွေ လည်းပါတယ်။ ဆေးတွေက အလွယ်တကူဝယ်ယူလို့ရတာရယ်၊ မိဘအုပ်ထိန်းသူတွေနိုင်ငံခြားကိုရောက်နေလို့အုပ်ထိန်းမှုအားနည်းတာ ရယ်ကြောင့်ပါ။ ကျောင်းသားသူငယ်ချင်းအသိုင်းအဝိုင်းတွေထဲမှာလည်း ဆေးဖြန့်ဖြူးတဲ့ လူတွေရှိနေတာလည်းပါတယ်။ သူတို့က ဘယ်ရွာတွေကိုအခြေခံပြီး ကောက်ထားလည်းတော့မသိဘူး။ ကျွန်တော့်အမြင်အရဆိုရင်ဆေးစွဲသူ ၃၀ရာခိုင်နှုန်းလောက်ပဲ ယေဘုယျရှိမယ်ထင်တယ်"ဟု မုဒုံမြို့နေ အသက် ၂၈နှစ်အရွယ်လူငယ်တစ်ဦး ကပြောသည်။

မွန်ပြည်နယ်တွင်မူးယစ်ဆေးဝါးဖြန့်ဖြူးသူအများစုမှာ လက်နက်ကိုင်ဆောင်ကြသောကြောင့်ဒေသခံများကပင် ရောင်းဝယ်နေသည်ကိုသိရှိသော်လည်း မပြောရဲကြကြောင်း၊ အာဏာပိုင်များကလည်း ဖမ်းဆီးမှုအားနည်းနေသည်ကို တွေ့ရှိရကြောင်း၊ ထုတ်လုပ်ဖြန့်ဖြူးကြသူများသည် နိုင်ငံရေးလက်နက်ကိုင်သူများမဟုတ်ဘဲ လက်နက်ကိုင် မူးယစ်ဆေးဝါးရောင်းချသူများဖြစ်ကြောင်း ၊ မွန်ပြည်သစ်ပါတီကလည်း မူးယစ်ဆေးဝါးစွဲနေသူများကို ဆေးဖြတ်ပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ကိုင်ကူညီနေကြောင်းအထက်ပါပုဂ္ဂိုလ်ကပြောသည်။

မျက်နှာဖုံးမှ

## ပုဂ္ဂလိကသတင်းစာဈေးကွက် ပြိုင်ဆိုင်မှုပြင်းထန်

သတင်းစာတစ်စောင်၏ စီမံခန့်ခွဲမှုနှင့် သတင်းခန်း ကုန်ကျမှုမပါ အသားတင်ကုန်ထုတ်မှု ကုန်ကျစရိတ်မှာ ကျပ် ၁၆၀ ဝန်းကျင် ရှိနေသည်။ သို့သော်ဖြန့်ချိရေးကိုယ်စားလှယ်များထံသို့ တစ်စောင်လျှင် ကျပ်တစ်ရာဝန်းကျင်နှုန်းဖြင့်သာ လက်ကားစနစ်ပေးရရာ ဖြန့်ချိသည့်စရိတ်၌ပင် ကျပ်ခြောက်ဆယ်ခန့် ရှုံးနေပြီဖြစ်ကြောင်း စံတော်ချိန် နေ့စဉ်သတင်းစာတိုက်ပိုင်ရှင်ဦးကိုကိုလေးက တွက်ချက်ပြသည်။

သတင်းစာထုတ်ဝေသူအများစု၏ တူညီသော မျှော်လင့်ချက်မှာ ထုတ်ဝေပြီး ကာလတစ်ခုအကြာတွင်၏ရပ်တည်ကျန်ရစ်ခဲ့မည့် သတင်းစာထဲ၌မိမိတို့သတင်းစာပါဝင်ရေးပင်ဖြစ်သည်။ လက်ရှိထုတ်ဝေနေသည့် ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာများမှာ တစ်နှစ်တာကာလကို ပစ်မှတ်ထား၍ ဈေးကွက်ဝေစုရရှိရန် သတင်းထူးသတင်းဦး တင်ဆက်မှုများစွာဖြင့် သတင်းစာပြေးလမ်းတွင် မိုင်ကုန်မောင်းနှင်နေကြပြီဖြစ်သည်။

"ဘယ်သူဘယ်လောက်ထိ အရှုံးခံနိုင်မလဲဆိုပြီး အရှုံးနဲ့ဆက်သွားနေချိန်မှာ ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာတွေကို သတင်းစာလို့မြင်ပြီး ဖတ်လာဖို့ ပြည်သူလူထုရဲ့ Mind Set တွေ အပြောင်းကို သတင်းစာထုတ်တဲ့သူတိုင်းက စောင့်ကြည့်နေကြတယ်"ဟု ရန်ကုန်တိုင်းမ်နေ့စဉ်ထုတ် သတင်းစာ အယ်ဒီတာချုပ်ဦးကိုကိုက ပြောသည်။

ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာများကို သတင်းစာအင်္ဂါရပ်နှင့် အနီးစပ်ဆုံးတူညီအောင် လုပ်ကိုင်နေသော်လည်း နိုင်ငံပိုင်သတင်းစာများကဲ့သို့ အစိုးရနှင့်နီးစပ်သည့် သတင်းများ ဖော်ပြနိုင်မှုအားနည်းခြင်း၊ လူမှုရေး၊ သာရေး၊ နာရေး ကြော်ငြာများတွင် နိုင်ငံပိုင်သတင်းစာများလောက် နေရာယူနိုင်မှု အားနည်းသေးခြင်းနှင့် နိုင်ငံပိုင်သတင်းစာများ၏ ဈေးနှုန်းနှင့် လေးဆနီးပါး ကွာဟခြင်းတို့မှာလည်း စိန်ခေါ်မှုတစ်ရပ်ဖြစ်နေသေးကြောင်း ဦးကိုကိုက ဆိုသည်။

ဈေးကွက်ဝေစုရရန်ထက် နေ့စဉ်ထုတ်သတင်းစာ အများစုထဲတွင် စာဖတ်သူအတွက် အမှန်တကယ်သိသင့်သိထိုက်သည့် သတင်းများတင်ဆက်နိုင်သော၊ သတင်းစာပီသသည့် သတင်းစာများသာ ရေရှည်ရပ်တည်နိုင်မှာဖြစ်ကြောင်း The Daily Eleven မှ အယ်ဒီတာချုပ်ဦးဝေဖြိုးက ပြောသည်။

သတင်းစာပြေးလမ်းတွင် ထုတ်ဝေသူအများစု ရင်ဆိုင်နေရသည့် အခက်အခဲမှာ လူသားရင်းမြစ် ရှားပါးမှု၊ အခြေခံအဆောက်အအုံ မလုံလောက်မှုနှင့် ဖြန့်ချိရေးပြဿနာတို့ ဖြစ်သည်။ ယင်းအခက်အခဲကို ဖြေရှင်းနိုင်မှု ပမာဏပေါ်မူတည်၍ ရေရှည်ရပ်တည်နိုင်မည့် သတင်းစာများ ကျန်ရစ်နိုင်မည်ဖြစ်ကြောင်း စံတော်ချိန်နေ့စဉ်သတင်းစာမှ ဦးကိုကိုလေးက ပြောသည်။

"အခုဒီမှာသတင်းစာတွေက Door To Door အိမ်အရောက်ပို့စနစ်မသွားနိုင်တာကလည်း သတင်းစာတွေစောင်ရေမတက်တဲ့ ရှိသင့်ရှိထိုက်တဲ့ စောင်ရေကို ချက်ချင်းတက်မလာနိုင်တဲ့ အခက်အခဲပဲ"ဟု The Voice Daily သတင်းစာမှ အယ်ဒီတာချုပ် ဦးကျော်မင်းဆွေကပြောသည်။

သတင်းစာများ ရေရှည်ရပ်တည်နိုင်ရေးအတွက် သတင်းစာတိုက်ကြီးများ ရှန်းကန်နေရချိန်၊ ဖြန့်ချိရေးအများစုမှာလည်း ထွက်ရှိသည့်သတင်းစာ များလာသည်နှင့်အမျှ ဝန်ထမ်းများ ထပ်ခန့်ရပြီး အကျိုးအမြတ်ထက် အလုပ်ပိုများလာခြင်းသာ အဖတ်တင်နေကြောင်း ဖြန့်ချိရေးအများစုက ဆိုသည်။

"နောက်ခုနစ်လ၊ ရှစ်လလောက်ဆိုရင်ကောင်းကောင်းရပ်တည်နိုင်မယ့် သတင်းစာ၊ ဂျာနယ်ကျန်ခဲ့မယ့်အချိန်ကို မျှော်လင့်ပြီး ရပ်တည်နေရတာ။ အကျိုးအမြတ်ကလည်း အခု ဘာမှ မရှိသေးဘူး"ဟု နန်းဦးစာပေက ပြောသည်။

သတင်းစာများကြောင့် အမှန်တကယ် အလုပ်ဖြစ်နေသည့် ပုံနှိပ်စက္ကူရောင်းဝယ်သူများ၊ ပုံနှိပ်တိုက်များ၊ ကာလာခွဲသည့် လုပ်ငန်းများနှင့် သတင်းစာခေါက်သည့် ဘိုင်းနင်းလုပ်ငန်း စသောသတင်းစာနှင့် ဆက်စပ်လုပ်ငန်းတို့ဖြစ်သည်။ ပုံနှိပ်တိုက်များတွင် ယခင်က အပတ်စဉ်ထုတ် ဂျာနယ်များအတွက်ညဘက်ဂျူတီသုံးရက်ခန့်ဆင်း၍ ပုံနှိပ်ရသော်လည်း ယခုအခါ နေ့ညအဆိုင်းနှစ်ခုခွဲ၍ ၂၄ နာရီ လည်ပတ်နေရခြင်းကြောင့် ပုံနှိပ်နေ့စားအလုပ်သမားများအတွက်အလုပ်အကိုင်အခွင့်အလမ်းပိုများလာကြောင်း သုဝဏ္ဏသိင်္ဂီ ပုံနှိပ်တိုက်မှ ကိုမိုးကျော်က ပြောသည်။

"ကျွန်တော်တို့ပုံနှိပ်တိုက်မှာ နေ့စားပုံနှိပ်သမား ဆယ်ယောက် ထပ်ခေါ်ထားရတယ်။ နေ့ညအဆိုင်းနှစ်ခုခွဲပြီး နားရက်မရှိ လည်ပတ်နေရတယ်။ သတင်းစာအပ်ထည်တွေ ပိုရလာတဲ့အတွက် ဝန်ထမ်းထပ်ခန့်တာနဲ့အမျှ ဝင်ငွေလည်းကျွန်တော်တို့ပိုတိုးပါတယ်။ ပုံနှိပ်သမားတွေကတော့ ကိုယ်လုပ်ရင် လုပ်နိုင်သလောက်ကို ရနေတာ"ဟု ကိုမိုးကျော်က ပြောသည်။

ထို့အပြင် ဖလင်ခွဲသည့် လုပ်ငန်းများတွင်လည်း နေ့စဉ်ထုတ်သတင်းစာ အပ်နှံမှုများ ပိုမိုရရှိလာပြီး ဝင်ငွေတိုးလာကြောင်း ၂၄ နာရီဖလင်ကာလာခွဲနေသည့် Eagle ပုံနှိပ်နှင့် ဖလင်ခွဲလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ "အရင်ကတည်းက ၂၄ နာရီဖွင့်တော့ ဝန်ထမ်းထပ်ခေါ်စရာတော့မလိုဘူး။ နေ့စဉ်သတင်းစာက လေး၊ ငါးစောင်လောက် တိုးလာတော့ ဝင်ငွေတော့ ပိုလာတာပေါ့"ဟု ၎င်းကပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ပုဂ္ဂလိကနေ့စဉ်ထုတ်သတင်းစာများကို ဖေဖော်ဝါရီ ၂၈ ရက်မှ စတင်၍ ထုတ်ဝေခွင့်ပြုလိုက်ပြီး လက်ရှိတွင် မြန်မာဘာသာဖြင့် ၂၄ စောင်၊ အင်္ဂလိပ်ဘာသာဖြင့် နှစ်စောင်၊ စုစုပေါင်း ၂၆ စောင်ရှိပြီဖြစ်သည်။ ထိုထဲမှ သတင်းစာ ၁၀ စောင် ထုတ်ဝေနေပြီး ခေတ်သစ်နေ့စဉ်သတင်းစာမှာ ရက်အနည်းငယ်ထုတ်ဝေပြီး ရပ်နားသွားသည်။ ထို့ကြောင့် လက်ရှိတွင် ပုဂ္ဂလိကသတင်းစာ ကိုးစောင်သာ ဈေးကွက်ဝေစု ရရှိရေး ယှဉ်ပြိုင်ထုတ်ဝေနေသည်။

ဖြန့်ချိရေး ကိုယ်စားလှယ်များ အဆိုအရ Daily Eleven ၊ The Voice Daily နှင့် 7DAY Daily တို့မှာ လက်ရှိဈေးကွက်တွင် ဦးဆောင်နေသည်။

"အရှုံးကိုတော့ ကြိုပြီးတွက်ချက်ထားတာတော့ ရှိပါတယ်။ တစ်နိုင်တစ်ပိုင် လုပ်တာဆိုတော့ တတ်နိုင်သမျှ မရှုံးအောင်လုပ်တယ်။ ဘယ်လောက်ထိ အရှုံးခံနိုင်မလဲ ဆိုတာတော့ ပြောရခက်ပါတယ်"ဟု ဦးကျော်မင်းဆွေက ပြောသည်။

လွန်ခဲ့သည့် ဆယ်စုနှစ်လေးခုကျော်က ပုဂ္ဂလိကနေ့စဉ်ထုတ် သတင်းစာကြီးများ အပြိုင်အဆိုင် အားကောင်းခဲ့သော တော်လှန်ရေးကောင်စီလက်ထက် မတိုင်မီကာလက သတင်းစာဈေးကွက် အောင်မြင်မှုမျိုးကို ပြန်လည်ရရှိရန် စိန်ခေါ်မှု၊ စွန့်စားမှုများစွာကို ရင်ဆိုင်ရဦးမည်ဖြစ်ပြီး အရေးကြီးဆုံးအချက်ကို ဦးဝင်းတင်က ယခုကဲ့သို့ပြောသည်။

"သတင်းစာမှာ အရေးကြီးဆုံးက အရည်အသွေးရှိတဲ့ အားကိုးရတဲ့ သတင်းထောက်တွေရှိဖို့ပဲ"။

အရှုံးခံနိုင်မည့်သူသာ ဈေးကွက်တင်ကျန်ခဲ့မည်ဟုပုံသေနည်းကျ တွက်ဆ၍ မရသော်လည်း ငွေအင်အားများများနှင့် လည်ပတ်နိုင်ခြင်းက သတင်းစာ တစ်စောင် ရေရှည်ရပ်တည်ရေးအတွက် အဓိကမောင်းနှင်အား ဖြစ်ကြောင်း သတင်းစာထုတ်ဝေသူများက မှတ်ချက်ပြုသည်။

"သတင်းစာတွေက အချင်းချင်းပြိုင်တာထက် သတင်းစာထုတ်တဲ့သူ ဘယ်သူပိုချမ်းသာလဲ ဆိုတာ ပြိုင်နေတာဖြစ်နေပြီ"ဟု စံတော်ချိန်နေ့စဉ်မှ ဦးကိုကိုလေးက ပြောသည်။

မျက်နှာဖုံးမှ

## မဟာစင်မုန်တိုင်းနှင့် ထူးခြားမှုများ

မေလ ၆ရက်မှစ၍ ဘင်္ဂလားပင်လယ်အော်တွင်ဖြစ်ပေါ်ခဲ့သောလေဖိအားနည်းရပ်ဝန်းသည် မေလ ၁၀ရက်မှစ၍ မုန်တိုင်းငယ်အဖြစ်သို့ အသွင်ပြောင်းခဲ့သည်။ အဆိုပါမုန်တိုင်းငယ်မှာ တဖြည်းဖြည်းအားကောင်းလာခဲ့သောကြောင့် မဟာစင်(01B) ဆိုက်ကလုန်းမုန်တိုင်းဟု အမည်ပေးလိုက်သည်။

မုန်တိုင်းစောင့်ကြည့်ရေးဌာနများနှင့် ဒေါက်တာထွန်းလွင်တို့က မေလ ၁၀ရက်ကတည်းက အဆိုပါအပူပိုင်းမုန်တိုင်းမှာ မြန်မာနိုင်ငံသို့ မေ ၁၅ညနေမှစ၍ ဝင်ရောက်နိုင်ကြောင်း ကြိုတင်သတိပေးခဲ့သည်။ သို့သော် မိုး/ဇလက အဆိုပါမုန်တိုင်းမှာ မြန်မာနိုင်ငံသို့ဝင်ရောက်ရန်မရှိဘဲ အဝါရောင်အဆင့် သတ်မှတ်ထားကြောင်း ကြေညာသည်။

မေ ၁၁ရက်တွင် ဒေါက်တာထွန်းလွင်နှင့် မုန်တိုင်းစောင့်ကြည့်ရေးဌာနများက မဟာစင်သည် စစ်တကောင်းကို ဗဟိုပြုပြီး ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်မှ ဖြတ်ကျော်မည်ဖြစ်ပြီး မောင်တောမြို့အနီးတစ်နာရီလေတိုက်နှုန်းမိုင်တစ်ရာကျော်ဖြင့် ဖြတ်သန်းမည်ဟု ခန့်မှန်းသတိပေးသည်။ မေ ၁၁ ရက်တွင် မိုး/ဇလကလည်း အဆိုပါမုန်တိုင်းမှာ ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်ကို တိုက်ခတ်မည်ဖြစ်ကြောင်း သတိပေးခဲ့သည်။

မေ ၁၂၊ ၁၃ တွင် အဆိုပါမုန်တိုင်း၏အချင်းမှာမိုင် ၁၂၀အထိ ရှိလာပြီး ပိုမိုအားကောင်းလာသည်။ မိုး/ဇလနှင့် ပညာရှင်တို့အားလုံးက မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်သို့ ဝင်ရောက်မည်ဖြစ်ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်း မုန်တိုင်းဒဏ်ခံရနိုင်ကြောင်း တညီတညွတ်တည်းခန့်မှန်းသည်။ မုန်တိုင်းရွေ့လျားမှုခန့်မှန်းတွက်ချက်ရာတွင် ယခုသတင်းရေးသားချိန် မေ ၁၃ရက်အထိ ဦးထွန်းလွင်၏ ခန့်မှန်းချက်များ မှန်ကန်ခဲ့သည်ကို တွေ့ရှိရသည်။

အဆိုပါမုန်တိုင်းကြောင့် နိုင်ငံတော်အစိုးရကလည်း မေ ၁၆ ရက်တွင် မုန်တိုင်းဝင်နိုင်ဖွယ်ရှိသည်ဟု ကြေညာပြီးနောက် ရခိုင်ပြည်နယ်အတွင်းမုန်တိုင်းဒဏ်ခံရနိုင်သောဒေသများရှိ ပြည်သူများအား ဘေးလွတ်ရာသို့ အချိန်မီပြောင်းရွှေ့ပေးရန် မေ ၁၃ ရက်နေ့က ပြည်နယ်အစိုးရအား ညွှန်ကြားခဲ့သည်။

မုန်တိုင်းဒဏ်အဓိက ခံရနိုင်သော ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်၊ စစ်တွေစသောမြို့နယ်များတွင် မေ ၁၁ရက်မှစတင်၍ မုန်တိုင်းအန္တရာယ်ကာကွယ်နိုင်ရန် ရွှေ့ပြောင်းမှုများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ခဲ့ကြသည်။

မုန်တိုင်းအဓိကဖြတ်သန်းမည်ဟု ခန့်မှန်းထားသော မောင်တောမြို့နယ်ရှိဒေသခံအများစုမှာ မိုး/ဇလမှ ထုတ်ပြန်ကြေငြာထားသည့် တစ်နာရီလေတိုက်နှုန်း မိုင် ၅၀၊ ၆၀ ဆိုသည်မှာ ယင်းတို့အတွက် အလွန်အမင်းစိတ်မပူပန်မိကြောင်း ဒေသခံများက မေ ၁၃ ရက်ကပြောသည်။

မေ၁၃ရက်တွင် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဗဟိုကော်မတီက မေ၁၄ရက်မှစ၍ အမ်းမြို့တွင်အခြေစိုက်ကာ အနီးကပ်ကွပ်ကဲမည်ဖြစ်ပြီး တပ်မတော်က ရွှေ့ပြောင်းရေးအတွက် အားလုံးစီစဉ်ထားကြောင်း အစိုးရကသတင်းထုတ်ပြန်သည်။

၂၀၀၈ခုနှစ် နာဂစ်မုန်တိုင်းတိုက်ခတ်စဉ်က အစိုးရက တစ်ရက်သာကြို၍သတင်းထုတ်ပြန်ခဲ့ပြီး၊ ယခုကဲ့သို့ မုန်တိုင်းသင့်နိုင်သောဒေသခံများကို ရွှေ့ပြောင်းပေးမှုမျိုးကဲ့သို့ ကြိုတင်ပြင်ဆင်မှုများလည်းမရှိခဲ့ပေ။ ထို့ကြောင့် နာဂစ် နှင့်မဟာစင်တွင် ခြားနားမှုများစွာ ရှိခဲ့သည်။

"အရင်မုန်တိုင်းတွေတုန်းက အခုလိုပွင့်ပွင့်လင်းလင်းချပြခဲ့တာမရှိဘူး။ ကျေနပ်စရာကောင်းပါတယ်"ဟု စစ်တွေမြို့မှ မြို့မိမြို့ဖ ဦးသန်းထွန်းကပြောသည်။

မဟာစင်ကို ဦးထွန်းလွင် နှင့် မိုးဇ/လတို့က မေ၁၆ ရက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းကိုဖြတ်သန်းမည် ဟု ခန့်မှန်းထားသည်။

# Health

7 DAY NEWS JOURNAL

Vol.12, No.10 • MAY 15 , 2013


## လှိုင်မြစ်ရေအရည်အသွေး ကမ္ဘာ့ကျန်းမာရေး အဖွဲ့ စစ်ဆေးနေ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ-၆**

လှိုင်သာယာ စက်မှုဇုန်ရှိ စက်ရုံများမှ စွန့်ပစ်ပစ္စည်းများကြောင့် လှိုင်မြစ်ရေ အရည်အသွေးညစ်ညမ်းမှုကို သုတေသနပြုလုပ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က စတင်စစ်ဆေးနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်သူ့ ကျန်းမာရေး တက္ကသိုလ်မှ သုတေသနပြုလုပ်သွားမည်ဖြစ်ပြီး ကုန်ကျစရိတ်နှင့် နည်းပညာအကူအညီကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထောက်ပံ့ပေးကာ ပြီးလကုန်ခန့်တွင် စတင်ဆောင်ရွက်နေခြင်း ဖြစ်သည်။

ရေတွင် ညစ်ညမ်းမှုဖြစ်ပေါ်နေသည့် အခြေအနေကို သိရှိရန်နှင့် အဆိုပါ ရေသုံးစွဲနေကြသည့် လူများ၏ ကျန်းမာရေးဆိုင်ရာ ပြဿနာများကိုကြိုတင်ကာကွယ်ရန် လှိုင်သာယာစက်မှုဇုန်အနီး လှိုင်မြစ်တစ်လျှောက်တွင်ပြည်သူ့ ကျန်းမာရေးတက္ကသိုလ်က သုတေသနပြုလုပ်ခြင်းဖြစ်ကြောင်း ပါမောက္ခချုပ်က ပြောသည်။

"အခုပထမဆုံး WHO ကနေ စက်ရုံတွေရဲ့စွန့်ပစ်ရေထွက်တဲ့ ရေထွက်ပေါက်ကရေကို ယူပြီး စစ်ဆေးနေတယ်" ဟု ပါမောက္ခချုပ် ဦးနေစိုးမောင်က ပြောသည်။

လှိုင်မြစ်၏ နေရာ သုံးနေရာကို ခွဲ၍စစ်ဆေးမည်ဖြစ်ပြီး သုတေသနကိုငါးလနှင့်အပြီးဆောင်ရွက်ကာ ရရှိလာသည့်ရလဒ်ပေါ် အခြေခံ၍ အရေးယူမှုများ ဆောင်ရွက်သွားရန် သက်ဆိုင်ရာဌာနများသို့ အသိပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စက်ရုံများမှစွန့်ပစ်ပစ္စည်းများ အား လူကိုအန္တရာယ်မဖြစ်စေသည့် အနေအထားရောက်သည်ထိ သန့်စင်ပြီးမှ စွန့်ပစ်ရန်သတ်မှတ်ထားသော်လည်း ကုန်ကျစရိတ်လျှော့ချလိုခြင်း၊ ထိုသို့ဆောင်ရွက်ရမည်ကို မသိခြင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ထိရောက်စွာ ဆောင်ရွက်မှုမရှိခြင်းတို့ကြောင့် စက်ရုံအများစုမှာ သန့်စင်မှုမလုပ်ဘဲ စွန့်ပစ်နေကြကြောင်းသိရသည်။

ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များအား မြို့တော်စည်ပင်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက ပြီးလမှစတင်ကာကွင်းဆင်းစစ်ဆေးမှုများရှိနေပြီး စက်မှုဇုန်များက သန့်စင်မှုမရှိဘဲ ရေဆိုးစွန့်ပစ်ပါက လုပ်ငန်းလိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူမည်ဟု စည်ပင်မှတာဝန်ရှိသူများက အသိပေးခဲ့သည်။

လှိုင်သာယာစက်မှုဇုန်နှင့် တောင်ဒဂုံစက်မှုဇုန်များမှ စွန့်ထုတ်လိုက်သည့် ရေများတွင် ဒြပ်စင်ပမာဏခွင့်ပြုသည်ထက် ပိုမိုပါဝင်နေကြောင်း ဆေးသုတေသနမှ ပြုလုပ်ထားသည့် သုတေသနတွင် တွေ့ရှိခဲ့သည်။

သုတေသနအရ ထိုစက်မှုဇုန် နှစ်ခုမှ စွန့်ပစ်လိုက်သည့် ရေထဲတွင် သံဓာတ်၊ မဂ္ဂနီဆီယမ်နှင့် ကော့ပါးတို့မှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားသည်ထက် ပိုမိုပါဝင်နေပြီး ထိုဒြပ်စင်များ လူ့ခန္ဓာကိုယ်အတွင်း ရောက်ရှိသွားပါက ခန္ဓာကိုယ် အရိုးအဆစ်များအတွင်း အနည်ထိုင်ကာ ခန္ဓာကိုယ်အား ဒုက္ခပေးနိုင်ကြောင်း သိရသည်။

## ကလေးငယ်တစ်ဦး နှလုံးအပေါက်ကျယ်ရောဂါ ခွဲစိတ်ကုသရန် အကူအညီလို

**ဝတ်ရည်အောင်**

**ရန်ကုန်၊ မေ-၁၁**

ဒေါ် မသန်စွမ်းသက်ငယ်ရိပ်မြုံမှ ကျောင်းသားတစ်ဦး၏မွေးရာပါ နှလုံးအားနည်းပြီး နှလုံးအပေါက်ကျယ်သောရောဂါအား ခွဲစိတ်ကုသရန် အကူအညီလိုအပ်နေကြောင်းသတင်းရရှိသည်။

အသက် (၁၃)နှစ်အရွယ်ရှိ Down's syndroneရောဂါဖြစ်ပွားနေသည့်ကလေးငယ်သည် ယခုလ ၂၉ ရက်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ နှလုံးခွဲစိတ်ဌာနသို့ တက်ရောက်ဆေးကုသမည်ဖြစ်ပြီး ခွဲစိတ်မှုပြုလုပ်ရာတွင် လိုအပ်သည့်ပစ္စည်းဝယ်ယူရန် ကျပ်သိန်း ၅၀ ခန့် အကူအညီလိုအပ်နေကြောင်း ဒေါ်မသန်စွမ်းသက်ငယ်ရိပ်မြုံမှ သိရသည်။

နှလုံးအခန်းပေါက် လေးခန်းတွင် တစ်ပေါက်သာကောင်းမွန်နေပြီး ကျန် သုံးပေါက်ကို ဖာထေးရန် ခွဲစိတ်ပြုပြင်ရမည်ဖြစ်ရာ မခွဲစိတ်နိုင်ပါက ခြောက်လ မှတစ်နှစ်အတွင်း အသက်သေဆုံးနိုင်မည်ဟု ဆရာဝန်များက ရှင်းပြထားကြောင်းကလေးငယ်၏ဖခင်ဦးလှညွန့်က ပြောသည်။

"ဆေးရုံဘက်ကလည်း သူတို့တတ်နိုင်တဲ့ လူအားနဲ့စက်ပစ္စည်းကို အခမဲ့အကူအညီပေးမှာပါ"ဟု ဦးလှညွန့်က ပြောသည်။

သို့ဖြစ်ပါ၍ ပါဝင်ကူညီလိုသော စေတနာရှင်များအနေဖြင့် ဖော်ပြပါလိပ်စာအတိုင်း မိသားစုနှင့် တိုက်ရိုက်ဆက်သွယ်၍လည်းကောင်း၊ ဒေါ်ရိပ်မြုံ၏ Social Worker ဖြစ်သူ ဒေါ်စန်းစန်းဝင်း (၀၉-၃၁၀၅၆၇၂၇)မှတစ်ဆင့်သော်လည်းကောင်း ဆက်သွယ်စုံစမ်းကူညီနိုင်ကြောင်း သိရသည်။

## လူငယ်များနှင့် အရက်အကြောင်းဆွေးနွေးရာတွင် အချိန်မလွန်ရန် အရေးကြီး

**ပင်ဆယ်ဗေးနီးယား**

**မေ-၁၀**

မိဘများသည် သားသမီးများနှင့် အရက်သေစာသောက်စားမှုအကြောင်း ဆွေးနွေးရာ၌အချိန်ကိုက်ပြောဆိုနိုင်ရန် အလွန်အရေးကြီးသောကြောင့် သားသမီးများ တက္ကသိုလ်စတက်မည့် အချိန်တွင်မှ ဆွေးနွေးလျှင် အလွန်နောက်ကျနေပြီဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။



သုတေသနပညာရှင်များသည် အရက်အကြောင်း မည်သို့ဆွေးနွေးရမည်ဆိုသော လက်စွဲစာအုပ်တစ်အုပ်ကို တက္ကသိုလ်စတက်တော့မည့် ပထမနှစ်ကျောင်းသားကျောင်းသူများ၏ မိဘများထံ သို့ စာတိုက်မှပို့ခဲ့ကြောင်း ပင်ဆယ်ဗေးနီးယားပြည်နယ်တက္ကသိုလ်မှ ရောဘတ်တားရစ်က ပြောကြားခဲ့သည်။

မိဘများအနေဖြင့် သားသမီးများတက္ကသိုလ်မတက်မီ အရက်အကြောင်း ပြောဆိုဆွေးနွေးရမည်ဖြစ်ပြီး တက္ကသိုလ်တက်နေစဉ်အတွင်းဆွေးနွေးလျှင် အကျိုးသက်ရောက်မှုမရှိကြောင်း မစ္စတာတားရစ်က ပြောကြားသည်။

"လူငယ်တွေ တက္ကသိုလ် မတက်ခင် အားလပ်ရက်ထဲမှာ သူတို့တွေနဲ့ အရက်အကြောင်း ဆွေးနွေးမှုတွေလုပ်ပေးမယ်ဆိုရင် လူငယ်တွေ အရက်အလွန်အကျွံသောက်တာကို ကြိုတင်တားဆီးရာ ရောက်ပါတယ်" ဟု မစ္စတာတားရစ်က ပြောကြားသည်။

မိဘများအနေဖြင့် လူငယ်များတက္ကသိုလ်မတက်မီ အရက်အကြောင်း ဆွေးနွေးမှုပြုလုပ်ပါက ၎င်းတို့၏ သားသမီးများ တက္ကသိုလ်တက်သောအခါ၌ အရက်သေစာမသောက်စားတော့ဘဲ သောက်လျှင်လည်း အနည်းအကျဉ်းသာသောက်ဖြစ်လိမ့်မည်ဖြစ်ကြောင်း အရက်နှင့်မူးယစ်ဆေးဝါးလေ့လာရေးဂျာနယ်က အကြံပြုထားသည်။

မိဘများအနေဖြင့် သားသမီးများကို အရက်သောက်ခြင်းနှင့်ပတ်သက်၍ ဆုံးမဩဝါဒပေးခြင်းမျိုးမပြုလုပ်ဘဲ ဆွေးနွေးမှုသက်သက်သာပြုလုပ်သင့်သည်ဟု မစ္စတာတားရစ်က အကြံပြုသည်။

—Ref: UPI

## ထိုင်း-မြန်မာနယ်စပ်နှစ်နေရာတွင် ငှက်ဖျားရောဂါ ပညာပေးဟောပြောမည်

**ဝတ်ရည်အောင်**

**ရန်ကုန်၊မေ-၉**

မြန်မာ-ထိုင်းနှစ်နိုင်ငံပူးပေါင်း၍ ဆေးယဉ်ပါးငှက်ဖျားရောဂါပိုး ပျံ့နှံ့မှုများပြားသည့် နယ်စပ်နှစ်နေရာတွင် ငှက်ဖျားရောဂါ အသိပညာပေးဟောပြောပွဲများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နေပြည်တော် ငှက်ဖျားရောဂါ တိုက်ဖျက်ရေးစီမံချက်မှ သတင်းရရှိသည်။

အိမ်နီးချင်းနိုင်ငံများတွင် ထိုင်း-မြန်မာနယ်စပ်သည် ဆေးယဉ်ပါးငှက်ဖျားပိုး ဒုတိယအများဆုံးတွေ့ရသည့် နေရာဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံသည် အရှေ့တောင် အာရှနိုင်ငံများတွင် ဆေးယဉ်ငှက်ဖျားပိုးအများဆုံးကူးစက်ဖြစ်ပွားနေသည့် နိုင်ငံဖြစ်ကြောင်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခဒေါက်တာချစ်စိုးက ပြောသည်။

ပညာပေးဟောပြောပွဲများကို ယခုလ၁၇ရက်တွင် မြဝတီ-မဲဆောက်နယ်စပ်နှင့် ၂၂ရက်တွင် ကော့သောင်း ရနောင်းနယ်စပ်၌ ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ငှက်ဖျားရောဂါနေ့အထိမ်းအမှတ်အဖြစ် ပြုလုပ်ခြင်းဖြစ်ကြောင်း ငှက်ဖျားရောဂါတိုက်ဖျက်ရေး ဒုတိယညွှန်ကြားရေးမှူးဒေါက်တာသောင်းလှိုင်က ပြောသည်။

နှစ်နိုင်ငံပြည်သူလူထုအကြားတွင် ငှက်ဖျားရောဂါနှင့်ပတ်သက်သောဗဟုသုတ ပိုမိုတိုးတက်လာစေရန်ရည်ရွယ်ကြောင်း အဆိုပါ ညွှန်ကြားရေးမှူးက ပြောသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂ နှစ်စဉ် အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ ငှက်ဖျားရောဂါဖြစ်ပွားသူ ၆၃၂,၀၀၀ ခန့်ရှိပြီး သေဆုံးသူဦးရေ ၆၀၀ ခန့်ရှိကြောင်း ရေးသားထားသည်။

ငှက်ဖျားရောဂါသည် ကမ္ဘာပေါ်ရှိကလေးများ အသက်သေဆုံးခြင်း၏ တတိယမြောက်အဓိကရောဂါတစ်ခုဖြစ်ပြီး နှစ်စဉ်လူ ရှစ်သိန်းသည် ငှက်ဖျားရောဂါဖြင့် သေဆုံးနေသည်။






IVECO
2013
TRUCK OF THE YEAR
၂၀၁၃ ခုနှစ် ကမ္ဘာ့အကောင်းဆုံး ထရပ်ကားဆုရ
IVECO 682 Tractor Head
ကုန်ပစ္စည်းမျိုးစုံသယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင်များအတွက်
IVECO 682
15Cu.M to 20Cu.M Dump Truck
IVECO 682
9Cu.M Mixer Truck
ဝယ်ယူသူများအဆင်ပြေစေရန်အတွက် Hire Purchase စနစ်ဖြင့်ရောင်းချပေးပါမည်။
၃၀% လက်ငင်းငွေချေ၍ ကျန်၇၀% အား
(၁) လလျှင်အတိုးနှုန်း၀.၆% ဖြင့်(၁) နှစ်အတွင်း (၁၂) ကြိမ်ပေးချေနိုင်ပါသည်။
IVECO
Power Daily Minibus
ရုံး/ကုမ္ပဏီ/ဘဏ်/ကျောင်းကြို/ပို့နှင့် ခရီးတိုအမျိုးမျိုးသွားနိုင်ရန်အတွက်
10 Seaters to 19 Seaters
IVECO
Leoncino Light Truck
ဘက်စုံသုံး အပေါ့စားကုန်တင်ယာဉ်
3.5 Tons to 6 Tons
Box Truck also available
IVECO Dealer for Myanmar
SYNERGY
Myanmar Synergy Co.,Ltd.
No. (3/82) (A), Innlay Avenue, 7½ Mile, 6 Quarter, Pyay Road, Manyangone Township, Yangon, Myanmar.
Ph : 95-1-665336, 656857, 95-9-448005515, 95-9-5134221 Fax : 95-1-665336

Regional
7DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

## မျက်မမြင်ကျောင်းမှ ဆပ်ပြာရည်နှစ်မျိုးနှင့် ခေါင်းလျှော်ရည်သုံးမျိုး စတင်ထုတ်

**မျိုးမင်းဦး**

**မုံရွာ၊ မေ- ၁၀**

မုံရွာမြို့၊ အောင်ချမ်းသာမြို့သစ်ရပ်ကွက်၊ ရောင်ခြည်သစ်ပရဟိတ မျက်မမြင် သင်တန်းကျောင်းမှ အိမ်တွင်းမှုအသက်မွေးပညာသင်တန်းတစ်ခုကို ဧပြီလအတွင်း သင်ကြားခဲ့ပြီးနောက် ယခုနှစ် မေလ ဒုတိယပတ်အတွင်း ဆပ်ပြာရည်နှစ်မျိုး၊ ခေါင်းလျှော်ရည်သုံးမျိုး စတင်၍ထုတ်လုပ်ခဲ့ရာ မကြာမီ ဈေးကွက်အတွင်း ဖြန့်ချိမည်ဖြစ်ကြောင်း ရောင်ခြည်သစ်မျက်မမြင်သင်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးကြည်ကပြောသည်။

ရောင်ခြည်သစ်မျက်မမြင်သင်တန်းကျောင်း အခြေခံအိမ်တွင်းမှုထုတ်လုပ်မှုသင်တန်းမှ သံပရာဆပ်ပြာရည်နှင့် မန်ကျည်းဆပ်ပြာရည်နှစ်မျိုး ထုတ်လုပ်မည်ဖြစ်ပြီး ဆပ်ပြာရည်တစ်ဘူးလျှင် ကျပ်၇၀၀ နှုန်းဖြင့် ဈေးကွက်အတွင်းဖြန့်ဖြူးမည်ဖြစ်သည်။ ခေါင်းလျှော်ရည်အဖြစ် တရော်ကင်ပွန်းခေါင်းလျှော်ရည်၊ ပီတောက်ရန့်ခေါင်းလျှော်ရည်၊လက်ဖက်ရန့်ခေါင်းလျှော်ရည် သုံးမျိုးထုတ်လုပ်မည်ဖြစ်ပြီး ခေါင်းလျှော်ရည်တစ်ဘူးလျှင် ကျပ် ၅၀၀ နှုန်းဖြင့် ဈေးကွက်အတွင်း စတင်ဖြန့်ဖြူးရန် စီစဉ်ထားသည်။

ခေါင်းလျှော်ရည်နှင့် ဆပ်ပြာရည်ထုတ်လုပ်မှုသင်တန်းအား မြန်မာနိုင်ငံမျက်မမြင်များအသင်း (ရန်ကုန်)မှ နည်းပညာနှင့် ကုန်ကြမ်း ပစ္စည်းများထောက်ပံ့ခဲ့ကာ အသက်မွေးဝမ်းကျောင်းပညာရပ်အဖြစ် ရောင်ခြည်သစ်မျက်မမြင်သင်တန်းကျောင်းတွင် ဧပြီလမှစ၍ အခြေခံအိမ်တွင်းမှုပညာသင်တန်းအဖြစ် ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်သည်။



သတင်းဓာတ်ပုံ - ကိုမိုးကျော်

*မကွေးမြို့နှင့် မင်းလှမြို့ကို ဆက်သွယ်ပေးသော ရောဝတီတံတား (မလွန်)ကို မေ ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ အဆိုပါတံတားမှာ ၁၂ စင်းမြောက် ဧရာဝတီမြစ်ကူးတံတားဖြစ်ပြီး ပင်မတံတားအရှည် ၃၂၁၅ ပေ ရှည်လျားပြီး သံကူကွန်ကရစ်တံတားဖြစ်သည်။ ရထားလမ်းနှင့် ကားလမ်းနှစ်ခုတွဲပါရှိပြီး ကားလမ်းခံနိုင်ဝန်မှာ တန် ၆၀ ထိဖြစ်သည်။*

# ပြန်လည်ထူထောင်ရေးအတွက် ပြည်ပရောက် ရခိုင်တိုင်းရင်းသားများ ပြန်လာရန်လိုအပ်နေဟုဆို

**အောင်ခိုင်၊ ရဲနောင်**

**ရန်ကုန်၊ မေ- ၁၀**

ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် ပြည်ပရောက်ရခိုင်တိုင်းရင်းသားများ ပြန်လာရန်လိုအပ်နေပြီဖြစ်ကြောင်း ရခိုင်အမျိုးသားအင်အားစုများကတိုက်တွန်း ပြောကြားသည်။

ပဋိပက္ခအလွန်ဒေသတည်ငြိမ်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့ကို ဆောင်ရွက်ရန်လူသားအရင်းအမြစ်များလိုအပ်နေခြင်းကြောင့် အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ရောက်ရှိနေသော ရခိုင်တိုင်းရင်းသားများ ပူးပေါင်းပါဝင်ကြရန် ယနေ့ပြုလုပ်သော ထိုင်းနိုင်ငံအခြေစိုက် ရခိုင်လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် ပြည်တွင်းရှိအင်အားစုများ တွေ့ဆုံဆွေးနွေးပွဲတွင်တိုက်တွန်း ပြောကြားခြင်းဖြစ်သည်။

“ပြည်ပရောက် ရခိုင်တွေ ရခိုင်ပြည်ပြန်လာဖို့လိုနေပြီ။ ကျွန်တော်တို့က လူဦးရေပေါက်ဖွားမှုမြင့်တဲ့နိုင်ငံတွေနဲ့ထိစပ်နေတာ။ ဒါပေမဲ့ လူငယ်တွေကဒေသမှာ အလုပ်အကိုင်မရှိကြလို့နိုင်ငံခြားထွက်ကြရတာ။ ကိုယ့်ဆီမှာအလုပ်အကိုင် ဖွံ့ဖြိုးရေးတွေဖန်တီးပေးနိုင်ရင် ဘယ်သူမှမသွားနိုင်ပါဘူး။ အခုအချိန်မှာတော့ အားလုံးညီညွတ်ဖို့လိုနေပြီ”ဟု ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးဇော်အေးမောင်က ပြောသည်။

အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်းကြောင့် ရခိုင်တိုင်းရင်းသားများပြည်ပသို့သွားရောက်ကြခြင်းဖြစ်ပြီးဒေသအတွင်း လူဦးရေပေါက်ဖွားမှုမြင့်မားသောလူမျိုးစုများကြောင့်လည်း ရေရှည်တွင် လူမျိုးပျောက်ကွယ်သွားနိုင်သည့် အခြေအနေကြုံတွေ့နိုင်သည်ဟု ရခိုင်အသင်းအဖွဲ့များက ထောက်ပြပြောဆိုသည်။

“ကျွန်မတို့ နေ့တိုင်း ရန်ကုန်က ဘုန်းကြီးကျောင်းတွေမှာ နိုင်ငံခြားထွက်အလုပ်လုပ်မယ့် ရခိုင်လူငယ်တွေတွေ့နေရတယ်။ ရခိုင်ပြည်နယ်မှာ လူအင်အားအရင်းအမြစ်တွေ ဆုံးရှုံးနေပါတယ်။ သွားချင်သူတွေကိုတားလို့မရနိုင်ဘူး။ ပြန်လာချင်အောင်အခွင့်အလမ်းတွေလုပ်ပေးရမယ်” ဟု ရခိုင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဒေါ်စောခင်တင့်က ပြောသည်။

ရခိုင်လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (AHR-DO)၏ စစ်တမ်းများအရ ထိုင်းနိုင်ငံတွင် ရခိုင်ရွှေ့ပြောင်းအလုပ်သမားအရေအတွက် နှစ်သိန်းကျော်ရှိပြီး မလေးရှားနိုင်ငံတွင် ရောက်ရှိနေသူများပါ ထည့်တွက်လျှင် နှစ်သိန်းခွဲခန့်ရှိကြောင်း သိရသည်။ ခန့်မှန်းလူဦးရေ ၂ဒသမ၆ သန်းကျော်ရှိသော ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် ဒုတိယအဆင်းရဲဆုံးပြည်နယ်ဖြစ်ပြီး မုန်တိုင်းဒဏ် မကြာခဏခံစားရကာ ၂၀၁၂ ခုနှစ်အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေရဆဲဖြစ်သည်။

## တောင်သူအများစု မိုးရာသီ သီးနှံစိုက်ပျိုးရန် ရာသီဥတုအခြေအနေ စောင့်ကြည့်

**မျိုးမင်းဦး**

**မုံရွာ၊ မေ-၁၀**

မုံရွာခရိုင်အတွင်းစိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်သော တောင်သူအများစုသည် မိုးရာသီ သီးနှံစိုက်ပျိုးရန်အတွက် ရာသီဥတု အခြေအနေများအား အမြဲမပြတ်စောင့်ကြည့်လေ့လာသူ ပိုမိုများပြားလာကြောင်း ဒေသခံတောင်သူများက ပြောသည်။

“တောင်သူတွေဘက်က စိုက်ရေးပျိုးရေးအတွက် ဝီရိယ မလျော့ဘူး။ မိုးလာတာနဲ့ စိုက်နိုင်ပျိုးနိုင်အောင် နေအပူရှိန်ပြင်းတုန်းကတည်းက ထွန်တဲ့သူထွန်နဲ့ တောင်သူလုပ်ငန်းစခဲ့တာ။ အခုမိုးက ရွာတော့ ရွာတယ်။ စိုက်နိုင်အောင်တော့ မရွာသေးဘူး။ မနှစ်တုန်းက မိုးဦးမှာ စိုက်တဲ့ နှမ်း၊ ပဲစင်းငုံစိုက်ခင်းတွေ မိုးလယ်မှာ မိုးခေါင်တော့ အကုန်သေကုန်တယ် ဆိုတော့ ရာသီဥတုအခြေအနေကိုစောင့်ကြည့်နေရတယ်” ဟု မုံရွာခရိုင်၊ ကနီမြို့တောင်ဘက် မုဋ္ဌောကျေးရွာဒေသခံတောင်သူ ဦးဇော်ထိုက်က ပြောသည်။

မုံရွာမြို့နယ်အတွင်းလေပြင်းဒဏ်ကြောင့် နေအိမ်နှင့် စိုက်ခင်းများပျက်စီးဆုံးရှုံးခဲ့သောထနောင်းတောမြောက်ရွာဒေသခံ တောင်သူ ဦးသိန်းကလည်း “လေပြင်းတိုက်လို့ အိမ်တွေ၊ စိုက်ခင်းတွေ ပျက်ပြီးကတည်းက မိုးလေဝသ သတင်းတွေကို ရေဒီယိုတွေ၊ သတင်းစာတွေကနေ အမြဲမပြတ် လေ့လာနေတာ” ဟု ဆိုသည်။

မုံရွာခရိုင်အတွင်း ဒေသခံ တောင်သူများသည် လေပြင်းကြောင့် စိုက်ခင်းများနှင့် နေအိမ်များ ပျက်စီးဆုံးရှုံးမည်ကို စိုးရိမ်မှုများကြောင့်သာမက လာမည့်မိုးရာသီစိုက်ပျိုးသီးနှံ စိုက်ပျိုးရန်အတွက် မိုးလေဝသ သတင်းထုတ်ပြန်မှုများ အမြဲမပြတ်စောင့်ကြည့်သူ ပိုမိုများပြားလာကြောင်း သတင်း ရရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

# ကနီမြို့နယ်အတွင်း သနပ်ခါးစိုက်ပျိုးရေးလုပ်ငန်းများကြောင့် ယာမြေဈေးတက်

**မျိုးမင်းဦး**

**မုံရွာ၊ မေ-၁၂**

မုံရွာခရိုင်၊ ကနီမြို့နယ်အတွင်း ပြည်တွင်း စိုက်ပျိုးရေးကုမ္ပဏီအချို့နှင့် ဒေသခံတောင်သူများ သနပ်ခါးစိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ကြသဖြင့် ယာမြေဈေးနှုန်း သိသိသာသာ မြင့်တက်လာကြောင်းကနီတောင်လက် ဒေသခံတောင်သူများက ပြောသည်။

"လွန်ခဲ့တဲ့ နှစ်သုံးဆယ်လောက်တုန်းက ရှား၊ ထနောင်း၊ ဒဟတ်စတဲ့ ထင်းစိုက်ခင်းတွေပဲရှိတာ။ အဲဒီထင်းစိုက်ခင်းတွေ တုန်းက ဈေးသိပ်မတန်ဘူး။ နောက်ပိုင်း ဆီးခြံတွေစိုက်ပျိုးတဲ့အထိ ဈေးက သိပ်မကောင်းခဲ့တာ။ ဒီနှစ် သနပ်ခါးစိုက်ပျိုးရေးတွေ လုပ်ကိုင်လာတော့ မြေဈေးက မနှစ်ကထက် နှစ်ဆသုံးဆ ခုန်တက်သွားတယ်" ဟုကနီမြို့တောင်ဘက်ယက်ကန်းတိုင်ကျေးရွာဒေသခံတောင်သူတစ်ဦးက ပြောသည်။

ကနီမြို့နယ် ချောင်းမကျေးရွာ ဒေသခံတောင်သူတစ်ဦးကလည်း "ဆီးခြံတစ်ဧကကျပ်သိန်း ၃၀၀နီးကျင်ဆိုရင်သနပ်ခါးခြံတစ်နှစ်သားအရွယ် မြေကွက်က သိန်း ၅၀ လောက်အထိ အရောင်းအဝယ်ဖြစ်တယ်" ဟု ဆိုသည်။

ယခုနှစ်တွင် သနပ်ခါးခြံ သက်တမ်းအပေါ် မူတည်၍ မြေကွက်တစ်ကွက်လျှင် ကျပ်သိန်း ၃၀ မှ ကျပ်သိန်း ၂၀၀ ခန့်အထိ အရောင်းအဝယ် ဖြစ်ခဲ့ကြောင်း အဆိုပါ ဒေသခံတောင်သူများ ပြောပြချက်အရ သိရှိရသည်။

ချင်းတွင်းမြစ်အတွင်း သနပ်ခါး အရောင်းအဝယ်ပြုလုပ်ရာ ကနီမြို့နယ် ချိုင်ကျေးရွာနှင့် ဒင်ပေါက်ကျေးရွာများတွင် ယခင်နှစ်များက နေအိမ်ခြံဝင်းအတွင်း သနပ်ခါးစိုက်ပျိုးရေးလုပ်ကိုင်ခဲ့ရာမှ ယာစိုက်ခင်းများအတွင်း သနပ်ခါးတိုး ချဲ့ စိုက်ပျိုးခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဆီးသီးဈေးကွက် အနေအထားအရ ကနီမြို့နယ် အတွင်း ဆီးစိုက်ပျိုးရေးလုပ်ငန်း အချို့ သနပ်ခါးစိုက်ပျိုးရေး လုပ်ငန်းအဖြစ် ပြောင်းလဲလုပ်ကိုင်လာခဲ့ကြောင်း သတင်းရရှိသည်။



*သနပ်ခါးစိုက်ခင်းတစ်ခင်းနှင့်ဒေသခံသားအဖနှစ်ဦး*

ဓာတ်ပုံ - မျိုးမင်းဦး






# မိရိုးဖလာလုပ်ကိုင်စားသောက်သည့်မြေကို ဘိုးဘွားပိုင်အဖြစ် သတ်မှတ်ပေးရန် တောင်းဆို

**အိဖြူမွန်**

**ရန်ကုန်၊ မေ- ၁၁**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရတပ်များ အကြား နေထိုင်ပြီး မိရိုးဖလာလုပ်ကိုင်စားသောက်နေသော ဒေသခံများ၏ လယ်မြေများ မှတ်ပုံတင်စရာမလိုဘဲ ဘိုးဘွားပိုင်မြေအဖြစ်သတ်မှတ်ရန် တိုင်းရင်းသားအရပ်ဘက်အဖွဲ့စည်းခုနစ်ဖွဲ့က တောင်းဆိုလိုက်သည်။

ဝေးလံခေါင်ဖျားသည့်ဒေသများတွင်တောင်ယာဖြင့် လုပ်ကိုင်စားသောက်နေကြသော ဒေသခံများ၏ မြေယာများသည် အသစ်ပြဋ္ဌာန်းလိုက်သည့် မြေလွတ်မြေရိုင်းဥပဒေအရ မြေလွတ်မြေရိုင်းများတွင် ပါဝင်နေသောကြောင့် ဒေသခံများ စိုးရိမ်ပူပန်မှုများရှိနေကြောင်းနှင့် ယင်းသို့လုပ်ကိုင်စားသောက်နေကြသည့် မြေယာများသည်ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်စားသောက်နေထိုင်ကြသည့် မြေနေရာများဖြစ်သောကြောင့် ဓလေ့ရိုးရာအရ သုံးစွဲခွင့်ရသည့်မြေအဖြစ် ခွင့်ပြုရန်တောင်းဆိုခြင်းဖြစ်သည်။

ကေအင်န်ယူထိန်းချုပ်နယ်မြေများနှင့်အစိုးရထိန်းချုပ်နယ်မြေများတွင် နေထိုင်ကြသော တောင်သူများက မည်သည့်လယ်ယာမြေ ဥပဒေကို လိုက်နာရမည်ဆိုသည်ကို ကွဲပြားခြင်းမရှိကြောင်း၊ ကေအင်န်ယူအဖွဲ့ကမြေယာသုံးစွဲမှုကို ဓလေ့ရိုးရာအရ သုံးစွဲခွင့်ရသည့်မြေအဖြစ် အသိအမှတ်ပြုသော်လည်း အစိုးရလယ်ယာမြေဥပဒေတွင် အသိအမှတ်ပြုမထားကြောင်း ကရင်သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးကွန်ရက်မှ ဦးအယ်လပ်စ်ကဆိုသည်။

“ဝေးလံခေါင်ဖျားတဲ့နေရာအဲဒီဒေသတွေမှာ မှတ်ပုံတင်ဖို့မပြောနဲ့နိုင်ငံသားကတ်တောင်မရှိကြဘူး။ သူတို့ ဘိုးစဉ်ဘောင်ဆက်လုပ်ကိုင်စားသောက်နေတဲ့မြေ၊ မြေလွတ်မြေရိုင်း ဥပဒေအရ မြေလွတ်မြေရိုင်းဖြစ်နေမှန်းတောင်မသိဘူး”ဟု ဦးအယ်လပ်စ်ကပြောသည်။

ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများတွင်လည်း ယခုအချိန်အထိ လုပ်ကိုင်စားသောက်နေသည့် မြေယာများဖြစ်သော်လည်း ဥပဒေအရ မြေလွတ်မြေရိုင်းဖြစ်နေသည်ကိုကောင်းစွာမသိရှိကြသေးဟု အရပ်ဘက်တိုင်းရင်းသား အဖွဲ့အစည်းများကဆိုသည်။

အချို့သော တိုင်းရင်းသားဒေသများတွင် အဖိုးတန်သတ္တုများ ထွက်ရှိသောကြောင့် ယခင်လုပ်ကိုင်စားသောက်သောမြေနေရာများသည် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်သည့်နေရာများဖြစ်လာပါက ပြောင်းရွှေ့ပေးရမည်ကို အထူးစိုးရိမ်လျက်ရှိကြသည်ဟု အရပ်ဘက်တိုင်းရင်းသားအဖွဲ့အစည်းများမှ ကောက်ယူရရှိသော အချက်အလက်များကိုကိုးကား၍ ပြောကြားသည်။

“ချင်းပြည်နယ်မှာ တောင်ယာလုပ်တဲ့ ချင်းလူမျိုးတွေ အများကြီးပဲ ။ တောင်ယာကို လယ်ယာဥပဒေထဲထည့်ပြီး အသိမှတ်ပြုမထားတော့ ဒေသခံတွေ ဒေသခံဆိုတဲ့အတိုင်း ခံနေရတယ်။ ဒါတွေကိုလက်နက်ကိုင် တိုင်းရင်းသားအဖွဲ့နဲ့ အာဏာပိုင်တွေ စဉ်းစားပေးဖို့လိုပါတယ်။ သူတို့ဘာသာငြိမ်းချမ်းရေးဘယ်လောက်ယူယူ ဒေသခံတွေရဲ့ဆန္ဒမပါဘူး။ အခု လက်နက်ကိုင်တိုင်းရင်းသားတွေနဲ့ အပစ်အခတ်ရပ်စဲရေး သဘောတူတာ မြေယာသိမ်းဖို့လားလို့တောင်မေးခွန်းထုတ်ချင်တယ်” ဟု ချင်းတောင်သယံဇာတ စောင့်ကြည့်ရေးအဖွဲ့မှ ဦးအန်ဒရူဟန်တောင်က ပြောသည်။

ဖွံ့ဖြိုးရေးစီမံကိန်းများကြောင့် သိမ်းဆည်းခံရသည့် မြေယာများသည် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းတွင်ဖြစ်ပွားလျက်ရှိပြီး ဒေသခံတိုင်းရင်းသားများနှင့် ပြေလည်မှုမရရှိပါက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အနှောင့်အယှက်ဖြစ်နိုင်ကြောင်း၊ နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသောလုပ်ငန်းရှင်များကလည်းဒေသခံပြည်သူများ၏ အသံကိုနားထောင်ပြီး လုပ်ငန်းစစေလိုကြောင်း Myanmar Peace Support Initiative မှ မစ္စတာ Ashely South က မိရိုးဖလာလုပ်ကိုင်စားသောက်နေကြသည့် မြေယာများ သိမ်းဆည်းခြင်းနှင့် ပတ်သက်၍ အကျိုးသက်ရောက်မှုမည်မျှရှိနိုင်သည်ကို သုံးသပ်ပြောသည်။

# ကျပ်နှစ်သိန်းတန် ဂျီအက်စ်အမ် ဆင်းမ်ကတ် ကျပ်တစ်သိန်းကျော်ဖြင့် အဝယ်လိုက်

**သန်းထူး**

**နေပြည်တော်၊ မေ- ၁၀**

ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ်များ မတိုင်မီ တန်ဖိုးနည်းဖုန်း အဖြစ် ငှားရမ်းသုံးစွဲခွင့်ပြုခဲ့သည့် ကျပ်နှစ်သိန်းတန်ဂျီအက်စ်အမ်ဆင်းမ်ကတ်များ ကျပ်တစ်သိန်းကျော်ဖြင့် အဝယ်လိုက်နေကြောင်း နေပြည်တော်ရှိမိုဘိုင်းဖုန်းသုံးစွဲသူအသိုင်းအဝိုင်းမှ သတင်းရရှိသည်။

စာချုပ်ပါလျှင် ကျပ် ၁၅၀,၀၀၀ မှကျပ် ၁၈၀,၀၀၀ အထိလည်းကောင်း၊ စာချုပ်မပါအရစ်ကျဖုန်းများဖြစ်လျှင် ကျပ်တစ်သိန်းဝန်းကျင်ဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်း အရောင်းအဝယ်ဖြစ်ခဲ့သူ အချို့က ဆိုသည်။

၀၉၄၂၀. . . ဖြင့်စသော ဂျီအက်စ်အမ်ဆင်းမ်ကတ်ကို ကျပ်တစ်သိန်းခွဲဖြင့် ရောင်းခဲ့သော ကိုမောင်ဦးက “ဟန်းဆက်ကောင်းကောင်းကိုင်ချင်လို့ပါ”ဟု ပြောဆိုသည်။ ၎င်းအနေဖြင့် ကျပ်တစ်သိန်းကျော်တန် ဟန်းဆက်ဖြင့် ကျပ် ၁,၅၀၀ တန် ဆင်းမ်ကတ် ဝယ်ယူသုံးစွဲရန် ရည်ရွယ်ထားသည်ဟုဆိုသည်။

# စစ်ကိုင်းတိုင်းဒေသကြီး ထူးချွန်ကြက်ခြေနီ ရွေးချယ်ပွဲ မုံရွာမြို့တွင် ကျင်းပ

**မျိုးမင်းဦး**

**စစ်ကိုင်း၊ မေ-၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ထူးချွန်ကြက်ခြေနီ ရွေးချယ်ပွဲအခမ်းအနားကို မေလ ၁၀ ရက်နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့ရာ စာတွေ့၊ လက်တွေ့၊ နှုတ်ဖြေ၊ ရေးဖြေ စာမေးပွဲ ဖြေဆိုသူ ၁၂ ဦး ဝင်ရောက် ဖြေဆိုကြောင်း သိရှိရသည်။

ORIENT CLINIC အရှေ့တိုင်း ဆေးခန်း









ပိတ်ရက်မရှိ

လမ်းမတော်မြို့နယ်၊ (၁)လမ်းထိပ်၊ ပုဂံအိမ်ရာအမှတ် (၃၃၄/၃၄၄)၊ အနော်ရထာလမ်း Ph : 01 226917, 01 227285

7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

## တပ်မှ သိမ်းထားသော လယ်ဧက ၁၀,၀၀၀ ဒေသခံများထံ ပြန်ပေးရန် ဆွေးနွေးမည်ဟုဆို

**အိဖြူမွန်**
**ရန်ကုန်၊ မေ-၁၀**

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် စစ်တပ်က သိမ်းဆည်းထားသော မြေဧက တစ်သောင်းခန့်ကို ဒေသခံများ ပြန်လည် လုပ်ကိုင်ခွင့်ပေးရန် နေပြည်တော်တွင် သက်ဆိုင်သည့် အစိုးရအဖွဲ့အစည်းနှင့် တွေ့ဆုံသွားမည်ဖြစ်ကြောင်း မွန်ပြည်နယ်လူ့အခွင့်အရေးအဖွဲ့မှ ဒါရိုက်တာဦးနိုင်ကဆုမွန်က ပြောသည်။

မွန်ပြည်နယ်ရှိ ရေးမြို့နယ်တွင် ဧက ၈,၀၀၀၊ သံဖြူဇရပ်မြို့နယ်တွင် ဧက ၇,၀၀၀၊ ရေဖြူမြို့နယ်တွင်ဧက၁,၀၀၀ကျော်တို့ကိုစစ်တပ်က တပ်ဖူလုံရေးအကြောင်းပြချက်ဖြင့် သိမ်းယူခဲ့ခြင်းဖြစ်ပြီး စစ်တပ်တည်ဆောက်ရေး အတွက် အမှန်တကယ် လိုအပ်ချက်မှာ ဧက ၅၀ ဖြစ်ကာ၊ တပ်မှ သိမ်းယူထားသော မြေယာများတွင် အလုပ်လုပ်ကိုင်သည့် လယ်သမားများကို သီးစားချကာ လုပ်ကိုင်ခွင့်ပေးသည်များလည်းရှိကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

"မလိုအပ်ဘဲ သိမ်းထားတဲ့ မြေတွေအတွက် မြန်မာနိုင်ငံကို ရောက်ရှိနေစဉ်အတွင်း အာဏာပိုင်တွေနဲ့ ညှိနှိုင်းဆွေးနွေးပြီး ပြန် တောင်းဖို့ ရှိပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။


*မွန်ပြည်နယ်အတွင်းမှ လယ်မြေအချို့*
ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

အဆိုပါ အဖွဲ့သည် မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆွေးနွေးရန် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်အဖွဲ့နှင့် တစ်နာရီကျော်အကြာ တွေ့ဆုံခဲ့သည်။ တွေ့ဆုံမှုတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်က လယ်ယာသိမ်းဆည်းမှုများနှင့် ပတ်သက်ပြီး တိုင်ကြားစာများပေးပို့နိုင်ကြောင်း မွန်ပြည်နယ် လူ့အခွင့်အရေးအဖွဲ့ကို မနေ့က ပြောကြားခဲ့သည်။

"လူ့အခွင့်အရေးကော်မရှင်ကတစ်ဆင့် တင်ပြဖို့လည်း ရှိသလို နေပြည်တော်ကိုလည်း သွားတွေ့ဖို့ ရှိတယ်" အထက်ပါပုဂ္ဂိုလ်က ပြောသည်။

မွန်ပြည်နယ်တွင်စစ်တပ်က သိမ်းဆည်းခဲ့သော မြေယာသိမ်းဆည်းမှုအပြင် ဖွံ့ဖြိုးရေးအကြောင်းပြချက်နှင့်သိမ်းဆည်းနေသော မြေယာသိမ်း ဆည်းမှုများလည်း ရှိသည်။ ကုမ္ပဏီများက သိမ်းဆည်းသောမြေယာများပြန်လည်တောင်းခံရေးကို အဆိုပါအဖွဲ့က ဒုတိယဦးစားပေးအဖြစ် လုပ်ဆောင်သွားမည်ဖြစ်သည်။

မွန်ပြည်နယ် လူ့အခွင့်အရေးအဖွဲ့ကို ၁၉၉၅ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ အခြေပြုကာ စတင်ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့ ပထမဦးဆုံး ပြုလုပ်ခဲ့သော လှုပ်ရှားမှုတစ်ခုမှာ ရေး-ထားဝယ် ရထားလမ်းဖောက်လုပ်ရေးတွင်ထောင်ချီသောအဓမ္မလုပ်အားပေးခိုင်းစေမှုကို ကုလသမဂ္ဂအလုပ်သမားအဖွဲ့အစည်းကိုတင်ပြခဲ့ပြီး အများသိအောင် ပြုလုပ်ပေးခဲ့သည်။ မွန်ပြည်နယ်ရှိ မြေယာသိမ်းဆည်းမှုများကို ၁၉၉၅ ခုနှစ်မှ စတင်ကာယနေ့အချိန်အထိ (၂) နှစ်တစ်ကြိမ် စာရင်းကောက်ယူခြင်းများကို ပြုလုပ်လျက်ရှိသည်။

## တစ်ရက်တည်း ပြည့်တန်ဆာခေါင်းငါးဦးနှင့် ပြည့်တန်ဆာ ရှစ်ဦး ဖမ်းဆီး

**ကျော်ဇေယျ**
**နေပြည်တော်၊**
**မေ-၁၀**

နေပြည်တော် ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့တွင် မေလ ၁၁ ရက်ညပိုင်း၌ နေပြည်တော်ရဲတပ်ဖွဲ့များက ပြည့်တန်ဆာလုပ်ကိုင်သူများကို လိုက်လံဖမ်းဆီးရာ တစ်ညတည်းမှာပင် ပြည့်တန်ဆာခေါင်း ငါးဦးနှင့်ပြည့်တန်ဆာရှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ကြောင်း သက်ဆိုင်ရာ ရဲစခန်းမှ သတင်းရရှိသည်။

ယခုလ ၁၁ ရက်ည၉နာရီခန့်က နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် အသိသက်သေများသည် သတင်းအရ နေပြည်တော်၊ ဘောဂဝတီရပ် ၁၅ လမ်းသို့ ဝင်ရောက်ရှာဖွေရာပြည့်တန်ဆာခေါင်း ဒေါ်ခင်ဌေးဝင်းနှင့် ပြည့်တန်ဆာ အမျိုးသမီးငယ်သုံးဦးတို့ကို ဖမ်းဆီးအရေးယူခဲ့သည်။

တစ်ချိန်တည်းမှာပင် နေပြည်တော်ရဲတပ်ဖွဲ့မှ အခြားအရာရှိငယ် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် ပျဉ်းမနား၊ ပေါင်းလောင်း ၂ ရပ်ကွက်၊ ၁၂ လမ်းရှိ အလတ်ကောင်၏ နေအိမ်အား သတင်းအရ ဝင်ရောက်ဖမ်းဆီးရာပြည့်တန်ဆာခေါင်း အလတ်ကောင်နှင့်ပြည့်တန်ဆာများထပ်မံဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ထို့နောက် နာရီဝက်သာခြားပြီး ည ၉ နာရီခွဲအချိန်ခန့်မှာပင် အခြားသော နေပြည်တော်ရဲတပ်ဖွဲ့ဝင်တို့က အသိသက်သေများနှင့်အတူ သတင်းရရှိထားသော ပျဉ်းမနားဦးကျေးရပ်ကွက် လမ်းဆုံသို့ သွားရောက်ဖမ်းဆီးရာ ပြည့်တန်ဆာခေါင်း ကတုံး(ခ) စိုင်းကိုကို(ကယ်ရီသမား)၊ ရဲထိုက်နှင့် ပြည့်တန်ဆာ အမျိုးသမီးငယ်သုံးဦးတို့ကို ထပ်မံဖမ်းဆီးခဲ့သည်။

သို့ဖြစ်၍ ယင်းတို့အား နေပြည်တော်ပျဉ်းမနားရဲစခန်းတွင် ပြည့်တန်ဆာနှိပ်ကွပ်ရေးဥပဒေ ပုဒ်မ ၅(၁)/၇(၁)(က)အရ အသီးသီးအမှုဖွင့်ထားသည်။


# ရွှေပိတောက် အထူးကုဆေးရုံ

**အမျိုးသား မျိုးပွားအင်္ဂါနှင့် ပတ်သက်၍ နောက်ဆုံးပေါ် ဆေးဝါးကုသရေးနည်းပညာရပ် (၈) မျိုး**

၁။ လျှပ်စစ်စက်ကို အသုံးပြု၍ ဆီးကျိတ်ရောဂါကို ကုသသော နည်းပညာ
-ဆီးကျိတ်ရောဂါကို တစ်ကြိမ်တည်းဖြင့် သက်သာ ပျောက်ကင်းအောင် ကုသပေးပါသည်။
၂။ အမေရိကန်နိုင်ငံမှ superconducting microwave နည်းပညာ
၃။ ဩစတေးလျနိုင်ငံမှ CH-2 ultrashort wave နည်းပညာဖြင့်သာ နှံ့အောင်ပေးခြင်း
၄။ ဆီးကျိတ်ဆေးကြောသန့်စင်သောနည်းပညာ
-လတ်တလောနှင့် နာတာရှည်ဆီးကျိတ်ရောဂါ တို့ကို ကုသပေးပါသည်။
၅။ ကရုတ်တိုင်းရင်းဆေးကို အသုံးပြု၍ ထိကျစွာထိန်းချုပ်နိုင်သော လျှပ်စီးဖြင့်ကုသသောနည်းပညာ
၆။ ED ဒီဂျစ်တယ်နည်းဖြင့်ကုသသောနည်း
၇။ သိပ္ပံနည်းကျပေါင်းစပ်ကုသပေးသော နည်းပညာ
-မျိုးပွားဆိုင်ရာရောဂါအမျိုးမျိုးနှင့် လိင်ကူးစက်ရောဂါအမျိုးမျိုးတို့ကုသပေးပါသည်။
၈။ အသေးငယ်ဆုံးသော ဒီဇေမင်လီကျူးများတိုင်အောင်ဖော်ထုတ်တွေ့ရှိနိုင်သောနည်းစနစ်
-ရောဂါပိုးအမျိုးမျိုးနှင့် ရောဂါမျိုးစုံကို မှန်ကန်မြန်ဆန်စွာ စစ်ဆေးပေးနေပါသည်။

**အမျိုးသား မျိုးပွားအင်္ဂါနှင့် ပတ်သက်သောရောဂါအမျိုးမျိုး**

ဆီးစုံရောင်ရမ်းခြင်း၊ ဆီးအကျိတ်ရောင်ရမ်းခြင်း၊ သုက်ထွက်မြန်ခြင်း၊ ဆီးလမ်းကြောင်းရောင်ခြင်း၊ ... (HPV) ... ရောဂါများကို ကုသပေးပါသည်။

**အမျိုးသမီး မီးယပ်ရောဂါအမျိုးမျိုး**

သားအိမ်လည်တံအသားပိုထွက်ခြင်း၊ ... (HPV)၊ ... ရောဂါများကို ကုသပေးပါသည်။

**စအို၊ အူမကြီးအောက်ပိုင်းရောဂါအမျိုးမျိုး**

အူကျခြင်း၊ အူကျွံခြင်း၊ အတွင်းလိပ်၊ အပြင်လိပ်၊ ပေါင်းစပ်လိပ်၊ စအို ... ကုသပေးခြင်းဖြစ်ပါသည်။

ရွှေပိတောက်ဆေးရုံသည် အမေရိကန်နိုင်ငံမှ ခေတ်မီသော PPH ဆေးကိရိယာများဖြင့်အကောင်းဆုံးကုသမှုပေးလျက်ရှိပါသည်။



လူကြီးမင်းတို့၏ကျန်းမာရေးအတွက် ရွှေပိတောက်ဆေးရုံမှ တာဝန်ယူပါရစေ၊ လူသားအားလုံးကျန်းမာပျော်ရွှင်စွာဖြင့် နေ့သစ်များကိုဖြတ်သန်းနိုင်ရန် ရည်ရွယ်လျက် ရွှေပိတောက်ဆေးရုံမှ မျှတသောဈေးနှုန်းဖြင့် ဆေးကုသမှုခံယူနိုင်ခြင်း၊ ဆေးဝါးများဝယ်ယူရရှိနိုင်ခြင်းတို့ကို အထူးစနစ်ဆောင်မှုပေးလျက်ရှိပါသည်။

အမှတ် ၃၄/၃၅ ၊ ရွှေပိတောက်ရိပ်မွန် ၊ ဘုရင့်နောင်လမ်း ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
Hot Line - 01 515202

# Education

7DAY NEWS JOURNAL

Vol.12, No.10 • MAY 15 , 2013


## အတုဗီဝဗေဒပါရဂူဘွဲ့ သင်တန်းတိုးချဲ့ ဖွင့်လှစ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊မေ-၁၀** ရန်ကုန်တက္ကသိုလ်၌ အဏုဇီဝဗေဒပါရဂူဘွဲ့ သင်တန်းကို ၂၀၁၃-၁၄ ပညာသင်နှစ်တွင် တိုးချဲ့ဖွင့်လှစ်သင်ကြားမည်ဖြစ်ကြောင်း အဆိုပါ တက္ကသိုလ်သင် တန်းရေးရာဌာနမှ သိရသည်။

ရုက္ခဗေဒဌာနမှ ဖွင့်လှစ်သော အဏုဇီဝဗေဒသင်တန်းကို ဇွန်လတွင် ဖွင့်လှစ်မည့် ပါရဂူဘွဲ့ သင်တန်းများ၌ အသစ်ထည့်သွင်း၍ သင်ကြားပို့ချသွားမည် ဖြစ်သည်။

ရန်ကုန်တက္ကသိုလ်တွင်ဝိဇ္ဇာဘာသာဌာန ၁၂ ခုနှင့်သိပ္ပံဘာသာဌာန ရှစ်ခုတို့မှ ပါရဂူဘွဲ့သင်တန်းအတွက် ဘာသာရပ် ၂၀ကို လက်ရှိတွင်သင်ကြားပို့ချနေကြောင်းသိရသည်။

“ရန်ကုန်တက္ကသိုလ်မှာ ဇီဝဗေဒဘာသာရပ်အတွက်ပါရဂူဘွဲ့ သင်တန်းကိုတိုးမြှင့်ဖွင့်လှစ်မှာပါ။ အဲဒီဘာသာရပ်နဲ့မဟာဘွဲ့ရထားတဲ့ သူတွေ ကျောင်းဝင်ခွင့်လျှောက်ထားတက်ရောက်နိုင်ပါတယ်”ဟု ရန်ကုန်တက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

လက်ရှိတွင် အဏုဇီဝဗေဒ ဘာသာရပ်၊ဘွဲ့ကြိုသင်တန်းများကို မော်လမြိုင်တက္ကသိုလ်၊တောင်ကြီးတက္ကသိုလ်၊ဒဂုံတက္ကသိုလ်၊မကွေးတက္ကသိုလ်၊ပုသိမ်တက္ကသိုလ်၊စစ်တွေတက္ကသိုလ်၊ မုံရွာတက္ကသိုလ်၊ မြစ်ကြီးနားတက္ကသိုလ်၊ပြည်တက္ကသိုလ် နှင့် ရတနာပုံတက္ကသိုလ်တို့တွင် သင်ကြားပို့ချနေသည်။



ဘုန်းတော်ကြီးသင် ပညာရေးကျောင်းတစ်ခုတွင် ပညာသင်ကြားနေကြသူများကို တွေ့ရစဉ်

ဓါတ်ပုံ- ဇေယျာမောင်မောင် (အမရပူရ)

## ပညာရေးဝန်ကြီးဌာန၏ ပညာရေးဆိုင်ရာ ထောက်ပံ့မှုများ ဘကကျောင်းများပါ ရရှိလို

**နေလင်းထွန်း**

**ရန်ကုန်**-ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာကဏ္ဍ ပညာသင်ဆု၊ ပညာသင်ထောက်ပံ့ကြေးနှင့် လူရည်ချွန်အစီအစဉ်များတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများမှ ကျောင်းသားများလည်း ပါဝင်ခွင့်ရရှိလိုကြောင်း ဘုန်းတော်ကြီးသင်ပညာရေးကျောင်းထိုင် ဆရာတော်တစ်ပါးက မိန့်ကြားသည်။

၂၀၁၂-၂၀၁၃ပညာသင်နှစ်က စတင်ဆောင်ရွက်ခဲ့သည့် ပညာတော်သင်ဆု၊ ပညာသင်ထောက်ပံ့ကြေး၊ ကင်းထောက်နှင့် လူရည်ချွန်ဆုအစီအစဉ်များတွင် အစိုးရ၏ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများသာ ပါဝင်ခွင့်ရရှိနေသည်ဟု ဆိုသည်။

ပုဂ္ဂလိကကဏ္ဍမှ ကိုယ်ပိုင်ကျောင်းများသည် ယခင်နှစ်က ပညာတော်သင်ဆုနှင့် လူရည်ချွန်အစီအစဉ်တွင် ပါဝင်ခွင့်ရရှိခဲ့ပြီး ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများသည် ယင်းအစီအစဉ်များတွင် ပါဝင်ခွင့်မရရှိဖြစ်နေကြောင်း သိရသည်။

“ဘုန်းဘုန်းတို့ဘကကျောင်းက ကလေးတွေက ပညာသင်ထောက်ပံ့ကြေးဆုလည်းဖြေလို့မရဘူး။ အရမ်းနစ်နာတာပဲ။ တကယ်တော့ အောင်တာ၊ မအောင်တာ ပဓာနမကျပါ။ ဖြေခွင့်တော့ ရှိရမှာပေါ့။ စိတ်တောင်မကောင်းဘူး။ ဝမ်းနည်းတယ်။ နိုင်ငံတော်က ပညာသင်ဆုတွေပေးတဲ့နေရာမှာ ချမ်းသာလို့ကျူရှင်တွေထားနိုင်ပြီး စာရတဲ့ကလေးတွေကိုပေးမယ့် အစား နွမ်းပါးချို့တဲ့ကလေးတွေကို ပို ပေးရင်မကောင်းဘူးလား။ စဉ်းစားစေချင်ပါတယ်”ဟု ကျောင်းသား ၁,၉၀၀ ကျော်အား ပညာသင်ကြားပေးနေသော ရွှေပြည်သာမြို့နယ်ရှိ တေဇာရာမဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၏ ကျောင်းအုပ်ဆရာတော်အရှင်ဂမ္ဘီရဗုဒ္ဓိက မိန့်ကြားသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ၁,၅၇၉ ကျောင်းသည် သာသနာရေးဝန်ကြီးဌာနအောက်တွင် တည်ရှိနေပြီး ကျောင်းသား၊ ကျောင်းသူ နှစ်သိန်းကျော် တက်ရောက်ပညာသင်ယူနေကြကြောင်း ခန့်မှန်းထားကြသည်။

ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအနေဖြင့် ပညာရေးဝန်ကြီးဌာန၏ အထက်ပါအစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခွင့်မရရှိသေးခြင်းသည် မူဝါဒချမှတ်မှု မရှိသေးခြင်းကြောင့်ဖြစ်ကြောင်း နောင်တွင်အခြေအနေတစ်မျိုးဖြစ်လာနိုင်ကြောင်း ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

## စံပြစာရိတ္တ မောင်မယ်များ ရွေးချယ်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၀**

အခြေခံပညာ ကျောင်းများရှိ ကျောင်းသားလူငယ်များ စံနမူနာဖြစ်လာစေရန် စာရိတ္တမောင်နှင့် စာရိတ္တမယ်များကို ကျောင်းအလိုက်၊ မြို့နယ်အလိုက် ရွေးချယ်ဆုချီးမြှင့်ရန် စီစဉ်ထားကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားကောင်းများအဖြစ် ပြုစုပျိုးထောင်ပေးရာတွင် စိတ်ဓာတ်ရေးရာကြံ့ခိုင်မှု၊ ပြုမူပြောဆို ကြံစည်မှုတို့တွင် လူငယ်များ၏ စံနမူနာဖြစ်စေရန် စာရိတ္တမောင်၊ စာရိတ္တမယ်များ ရွေးချယ်သွားရန် စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

“ကျောင်းအလိုက်၊ မြို့နယ်အလိုက် ရွေးချယ်ဆုချီးမြှင့်ရေး စီမံချက်တွေ ရေးဆွဲပြီး ရှေ့လာမယ့် ပညာသင်နှစ်မှာ စတင်ရွေးချယ်ဆုချီးမြှင့်ဖို့ စီစဉ်ထားပါတယ်”ဟု ပညာရေးဝန်ကြီးဌာနမှတာဝန်ရှိသူတစ်ဦးက ပြောသည်။

အခြေခံပညာ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် စာရိတ္တနှင့် လောကနီတိ ဘာသာရပ်သင်ခန်းစာများအနေဖြင့် ပဥ္စမတန်းတွင် စိတ်ဖြူစင်ရေးအကျင့် ၁၀ ပါး၊ ဆဋ္ဌမတန်းတွင် ကျေးဇူးရှင် ခင်ပွန်းကြီး ၁၀ ပါး၊သတ္တမတန်းတွင် မေတ္တာပွားကျိုး ၁၀ ပါး၊ အဋ္ဌမတန်းတွင် ကောင်းမှုမြတ်နိုး၊ ကောင်းအောင်ကြိုး၊ နဝမတန်းတွင် စကားအရာ ၁၀ အင်္ဂါညီစွာပြောကြစို့နှင့် ဒသမတန်းအတွက် နာယကဂုဏ် ၆ ပါးကို ခေါင်းစဉ်အဖြစ် သတ်မှတ်ပေးထားကြောင်း သိရသည်။

## ၂၀၁၄-၁၅ ပညာသင်နှစ်တွင် မသင်မနေရ မူလတန်းကြို (KG) တန်းများ စတင်မည်



ဓါတ်ပုံ- ဇေယျာမောင်မောင် (အမရပူရ)

**နေလင်းထွန်း**

**ရန်ကုန်**

**မေ-၁၁**

ကလေးများ ဘက်စုံဖွံ့ဖြိုးမှု အခြေခံရရှိစေရန် အခြေခံပညာကျောင်းများ၌ အသက် ၅ နှစ်ပြည့်ပြီး ကလေးများ မသင်မနေရ မူလတန်းကြိုတန်းများကို လာမည့် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

မူလတန်းကြို (KG)တန်းတွင် ကလေးငယ်များအား အတန်းစာများဖြင့် အရေးအဖတ်တတ်စေရန် သင်ကြားပေးမည် မဟုတ်ဘဲ ကလေးဖွံ့ဖြိုးမှုနှင့် သင့်လျော်သော လေ့ကျင့်မှုများ၊ ကစားနည်းများဖြင့် ကလေးဗဟိုပြုသင်ကြားသင်ယူမှု ဆောင်ရွက်သွားမည်ဖြစ်သည်။

“မူလတန်းကြိုက သင်ရိုးညွှန်းတမ်း ပြုစုနေတုန်းပါပဲ။ တာဝန်ယူသင်ကြားမယ့် ဆရာ၊ ဆရာမတွေကို ဆရာဖြစ်သင်တန်းပို့ချသွားမယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာ အသစ်နဲ့စမယ်”ဟု ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက ပြောသည်။

ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာသင်နှစ်ကို ၁၂ နှစ်သို့တိုးမြှင့်သတ်မှတ်၍ ကျောင်းဝင်သက်ကိုလည်း (၆)နှစ်သို့ ပြောင်းလဲရန် စီစဉ်ထားပြီးဖြစ်သော်လည်းမည်သည့်ပညာသင်နှစ်တွင် စတင်နိုင်မည်ကိုမသိရှိရသေးပေ။

မူလတန်းကြို(KG)တန်းကို ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် စတင်ဆောင်ရွက်ရန် သတ်မှတ်လိုက်ခြင်းကြောင့်အခြေခံပညာသင်နှစ်ကို ၁၂ နှစ်သို့တိုးမြှင့်သတ်မှတ်လိုက်ပါက အတန်းကျောင်း ၁၃နှစ် တက်ရောက်ကြရမည် ဖြစ်သည်။

လက်ရှိအချိန်တွင် ကလေးငယ်များသည် အိမ်၊သို့မဟုတ် အခြားပုံစံအမျိုးမျိုးဖြင့် ဖွင့်လှစ်သင်ကြားသော မူကြိုများတွင် တက်ရောက်နေကြခြင်းကြောင့်ကလေးများအားလုံး သင်ယူမှုအခွင့်အလမ်းများတစ်ပြေးညီဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။


ယုံကြည်စိတ်ချနေ့စဉ်အာဟာရ
အရပ်ပိုရှည်
ဉာဏ်ပိုကောင်း*
အားပိုရှိ**
Horlicks
Sharper* - Improved Attention & Concentration, Stronger** - More muscles

# မြန်မာအမျိုးသား သူနာပြုအကူများ စင်ကာပူတွင် လုပ်ငန်းခွင်ဝင်



*စင်ကာပူတွင် ပထမဆုံး အမျိုးသားသူနာပြုအကူအဖြစ် တာဝန်ထမ်းဆောင်နေသော လွန်ခမ်း*  Photo: NURIA LING

မြန်မာနိုင်ငံမှ တရားဝင်အလုပ်သမားအေဂျင်စီနှင့်ဆက်သွယ်ပြီး စင်ကာပူနိုင်ငံတွင် သက်ကြီးလူနာများအတွက် ပထမဆုံးတရားဝင် မြန်မာအမျိုးသားသူနာပြုအကူ သည် ပြီးခဲ့သည့် သောကြာနေ့က စတင်အလုပ်ဆင်းခဲ့ကြောင်း စင်ကာပူသတင်းစာမှသတင်းတစ်ပုဒ်တွင် ဖော်ပြထားသည်။

စင်ကာပူကုမ္ပဏီက မြန်မာအမျိုးသားသူနာပြုအကူကို ၄၅ ရက်ကြာ သူနာပြုစုနည်းသင်တန်းပေးခဲ့ပြီးနောက် တာဝန်ထမ်းဆောင်စေခဲ့ရာ အမျိုးသမီး သူနာပြုအကူများကဲ့သို့ ကောင်းစွာ တာဝန်ထမ်းဆောင်နိုင်ခဲ့သည်ဟု သတင်းက ဆိုသည်။

၎င်းသည် မန်ဒရင်းဘာသာစကားကို ပြောဆိုနိုင်သူဖြစ်ပြီး ကချင်တိုင်းရင်းသားတစ်ဦးဖြစ်သည်။

တာဝန်များတွင် အိပ်ရာပေါ်လဲနေသော သက်ကြီးရွယ်အိုအမျိုးသားများကို စောင့်ရှောက်ရခြင်းဖြစ်သဖြင့် လုပ်ငန်းသဘောအရ ခန္ဓာကိုယ်အင်အားသုံးပြီး အလေးအပင်မရသော အလုပ်များလည်း ပါဝင်သည်။

စင်ကာပူနိုင်ငံတွင် သက်ကြီးရွယ်အိုအမျိုးသားများကို စောင့်ရှောက်ရန် သူနာပြုအကူများ လိုအပ်နေသဖြင့် နောက်ထပ်အမျိုးသားများ အလုပ်ထပ်ခေါ်ရန် ရှိသည်ဟု အလုပ်သမား အေဂျင်စီများက ပြောသည်။

**ထားထားမြင့်ဘာသာပြန်သည်။**
ကိုးကား-The Sunday Time, The Strait Time

# တောင်ကိုရီးယားတွင် လုပ်ကိုင်လိုသူများဆဲ

**အေးမြတ်သူ၊ ပြည့်သိမ်း**
**ရန်ကုန်၊ မေ- ၁၀**

ကိုရီးယား တောင်/မြောက်နှစ်နိုင်ငံ ဆက်ဆံရေးတင်းမာနေသော်လည်းတောင်ကိုရီးယားသွားနိုင်ရန် ကိုရီးယားဘာသာကျွမ်းကျင်မှုစာမေးပွဲ (EPS TOPIK)ဖြေဆိုသူ ဦးရေလျော့ကျသွားခြင်းမရှိကြောင်းအစိုးရပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမြင့်က ပြောသည်။

ယခုပဥ္စမအကြိမ်ဖြေဆိုမည့် EPS-TOPIK စာမေးပွဲကို လာရောက်လျှောက်ထားသူဦးရေ ၈,၁၀၀ ကျော်ရှိကာယခင်စာမေးပွဲများနှင့် နှိုင်းယှဉ်လျှင် ဖြေဆိုမည့်သူအရေအတွက် လျော့ကျသွားခြင်းမရှိပေ။ ထို့အပြင် ကိုရီးယားနိုင်ငံမှလည်း အလုပ်ခေါ်ဆိုသူအရေအတွက် လျော့ကျသွားခြင်းမရှိကြောင်းသတင်းရရှိသည်။

"တောင်/မြောက် ကိစ္စနဲ့ ဘာမှ မဆိုင်ပါဘူး။ လာလျှောက်တဲ့သူက ပုံမှန်အတိုင်းပါပဲ။ မေးခွန်းပုံစံအသစ်နဲ့ ပထမဆုံးဖြေရမှာဆိုတော့ ဖြေဆိုမယ့်သူတွေမှာတော့ စိုးရိမ်မှုတော့ရှိမှာပေါ့"ဟု မန်နေဂျင်း ဒါရိုက်တာ ဦးဝင်းမြင့်ကပြောသည်။

လက်ရှိ EPS စနစ်ဖြင့် ကိုရီးယားတွင်အလုပ်လုပ်ကိုင်နေသူ အမျိုးသားတစ်ဦးက "ဘာမှမဖြစ်ပါဘူး။ တောင်/မြောက်ဆက်ဆံရေးက ပြန်အဆင်ပြေသွားပါပြီ။ မြောက်ဘက်က တင်းနေတာကို တောင်ဘက်က လိုက်ညှိနှိုင်းလို့ အဆင်ပြေသွားတာ ကြာသွားပါပြီ"ဟု ဆိုသည်။

ပဥ္စမအကြိမ် ကိုရီးယားအရည်အချင်းစစ် စာမေးပွဲကိုယခင်ဖြေနေကျမေးခွန်းပုံစံ အတိုင်းမဟုတ်တော့ဘဲ မေးခွန်းပုံစံပြောင်းလဲသတ်မှတ်ပြီးဖြစ်ရာ မေလ ၁၈ ရက်မှ ၁၉ ရက်အထိဖြေဆိုရမည်ဖြစ်သည်။ ကိုရီးယား EPS စနစ်ဖြင့် ကိုရီးယား နိုင်ငံသို့ သွားရောက်လုပ်ကိုင်သူ ဦးရေ ၈,၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

**Zeyar Phyo Co., Ltd.**
Structure လုပ်ငန်းများအတွက် Civil & Architect Engineer (AGTI, B Tech, BE) (M-5 Posts), Research လုပ် ငန်းများအတွက် Civil Engineer (AGTI, BE) (F/M-4 Posts), စီးပွားရေး လုပ်ငန်းများအတွက် MBA, HR (F/M - 4 Posts) ။
Ph: +95 (1) 559162

-----------------------------

**ယာဉ်မောင်းအလိုရှိသည်**
Caldian (AA----) CNG 70L နောက်လေး၊ စပေါ်(၄)သိန်း၊ အချိန်ညှိနှိုင်းပေးမည်။ လိုင်စင်အနီ သက်တမ်း(၃) နှစ် ရှိရမည်။
ဖုန်း-၀၉-၅၄၀၃၃၄၆

-----------------------------

Sales and Marketing (F - 2) ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေး မည်။ No.18, Thukha Street, 56th Lane, Near Baho Rd, Hlaing Tsp, Yangon, Myanmar.
ဖုန်း-၀၁-၅၁၁၀၃၀

-----------------------------

**အရောင်းဝန်ထမ်း အလိုရှိသည်။**
အမျိုးသမီးအရောင်းဝန်ထမ်း (၂) ဦး အလိုရှိသည်။ အသက် (၁၈ နှစ်မှ ၂၅ နှစ်)အတွင်း ဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး အပြောအဆို ဆက်ဆံရေး ပြေပြစ်သူ ဖြစ်ရမည်။
ဖုန်း-၂၂၆၉၄၁

Office Secretary (1)Post ၊ ဘွဲ့ရ၊ အသက်(၃၀)အောက်၊ Sales & Marketing အတွေ့အကြုံရှိသူ ဦးစားပေးမည်။ အင်္ဂလိပ်စာ (သို့မဟုတ်) တရုတ်စာ၊ အင်တာနက်ကျွမ်းကျင်ရမည်။
CPTDC, #1603, 16 Floor, Sakura Tower. Send ayesandarphyoo@gmail.com

-----------------------------

ဂျပန်နိုင်ငံ အီဘာရာကိမြို့ရှိအထည်ချုပ်စက်ရုံတွင် တာဝန်ထမ်းဆောင်ရန် အမျိုးသား/အမျိုးသမီးအသက် (၂၀)နှစ်မှ(၃၀)နှစ်အကြား ကျန်းမာသန်စွမ်းသူ အထွေထွေလုပ်သားများ အလိုရှိသည်။ ဂျပန်စကားပြောတတ်ရမည်။ ဖုန်း-၃၈၀၆၀၂

-----------------------------

**M.BUWON ELECTRONIC Co. Ltd**
တရုတ်စကားပြန် (၅)ဦး၊ ဂျပန်စကားပြန် (၅)ဦး၊ ကိုရီးယားစကားပြန် (၅) ဦး၊ ကွန်ပျူတာကျွမ်းကျင် (၃)ဦး။
ဖုန်း-၄၂၅၀၃၃၈၀၄

-----------------------------

**Phoe Thar Gyi Travels & Tours**
Tour Operator (3)Post, Sale & Marketing (5)Post, Operation Manager (1)Post, Ticking (2)Post လုပ်ငန်းအတွေ့အကြုံရှိသူ၊ အင်္ဂလိပ်စာ၊ အင်တာနက်ကျွမ်းကျင်သူ ဦးစားပေးမည်။
ဖုန်း-၀၉-၅၀၁၀၅၄၉

-----------------------------

**ယာဉ်မောင်းအမြန်အလိုရှိသည်။**
(၅)ဦး၊ ကားကြီး၊ ကားသေးမျိုးစုံ မောင်းနိုင် ရမည်။ မြောက်ဥက္ကလာ၊ ရွှေပေါက်ကံ မြို့သစ်၊ မင်္ဂလာဒုံ၊ ပုလဲမြို့သစ်နီးသူ ဦး စားပေးမည်။ လစာ- ၁၅၀၀၀၀ ကျပ်မှ ၂၀၀၀၀၀ ပေးမည်။ ဖုန်း-၀၉-၄၃၀၂၄၇၀၃

-----------------------------

Supervisor(ကျား-၅ဦး)၊တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူဖြစ်ရမည်။ အထွေထွေဝန်ထမ်း (ကျား-၁၀ ဦး)၊ အခြေခံပညာ အထက်တန်းအဆင့်ရှိရ မည်။ ယာဉ်မောင်း (ကျွမ်းကျင်) (ကျား-၂ဦး)၊ အခြေခံပညာအထက်တန်းအ ဆင့်ရှိရမည်။ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၂)နှစ်စီရှိရမည်။
ဖုန်း-၀၉-၇၃၀၂၇၇၃၃

-----------------------------

TAXI ယာဉ်မောင်း အလိုရှိသည်။ 1300CC PRO BOX အငှားယာဉ် တစ် လက်ကိုင် နေ့မောင်း၊ အချိန်၊ မောင်း ကြေး ညှိနှိုင်းမည်။
ဖုန်း-၂၉၂၀၇၃

-----------------------------

**ယာဉ်မောင်းသုံးဦးအလိုရှိသည်။**
မြောက်ဥက္ကလာ၊ မင်္ဂလာဒုံ၊ ထောက်ကြန့်၊ ပုလဲမြို့သစ် နေထိုင်သူအား ဦးစားပေးမည်။ လစာ (၁၅၀,၀၀၀-၂၀၀,၀၀၀) ကျပ် ရရှိပါမည်။
ဖုန်း-၀၉-၇၃၀၄၀၉၄၅

-----------------------------

**Vertex Security Services Co., Ltd.**
လုံခြုံရေးဝန်ထမ်း အလိုရှိသည်။ ကျား (၇၀)ဦး၊ ကျန်းမာသန်စွမ်းပြီး အသက် (၂၀)မှ (၅၀)နှစ်အတွင်း ရှိသူ၊ ကွမ်း၊ ဆေးလိပ်၊ အရက်၊ မူးယစ်ဆေးဝါးကင်းရှင်းသူဖြစ်ရမည်။ လျှောက်ထားလိုသူများသည် လိုအပ်သော စာရွက်စာတမ်းများနှင့် လာရောက်လျှောက်ထားနိုင်သည်။
ဖုန်း-၀၁-၅၂၃၀၄၃

-----------------------------

**ဂရင်းလိ(ဖ်)ဖြန့်ချိရေး**
အလှကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ဖြန့်ဖြူးရောင်းချနိုင်ရန် အတွက်ဝန်ထမ်းများ အလိုရှိသည်။ အရောင်း ကြီးကြပ်ရေးမှူး (ကျား-၁ ဦး၊မ-၁ ဦး)၊ အရောင်းမြှင့်တင်ရေး ဝန်ထမ်း (ကျား- ၂ ဦး၊ မ-၃ ဦး)၊ အရောင်းဝန်ထမ်း (ကျား-၂ ဦး၊ မ-၂ ဦး)၊ အရောင်းအကူဝန်ထမ်း (ကျား-၂ဦး၊မ-၂ဦး)။ ဖုန်း-၀၉-၅၀၁၆၃၂၈

-----------------------------

**Design Printing Services Co., Ltd.**
Data Collector ကျား(၅)ဦး၊ အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူ အသက်(၂၅)နှစ်အောက် ကွန်ပျူတာ အခြေခံရှိပြီး အသေးစိတ် Data များ စုဆောင်းနိုင်သူ၊ ကွင်းဆင်းနိုင်သူဖြစ်ရမည်။ ဖုန်း-၀၁-၂၀၄၀၂၀

-----------------------------

**ဆိပ်ကမ်းစားသောက်ဆိုင်**
Cashier (ကျား ၃ ဦး)၊ Waiter (ကျား ၁၀ ဦး)၊ သန့်ရှင်းရေး (ကျား ၃ ဦး)၊ ဂိတ်ကြေးကောက်စာရေး (မ ၅ ဦး)၊ ဂိတ်ကြေးကောက်ဝန်ထမ်း (ကျား ၇ ဦး)၊ အကင်ဆရာ (ကျား ၂ ဦး)၊ ခေါင်းကိုင် (ကျား ၂ ဦး)၊ ဂိတ်ကြေးကောက်ညစောင့် (ကျား ၃ ဦး)။
ဖုန်း-၀၉-၅၀၉၃၈၇၀

-----------------------------

မူလတန်း၊ အလယ်တန်း၊အထက်တန်းနှင့် Int'l သင်ကြားပေးနိုင်သော ဆရာ/ဆရာမများ အလိုရှိသည်။ (အတွေ့အကြုံရှိသူ ဦးစားပေးမည်။)
ဖုန်း-၀၉-၄၃၁၉၂၆၈၄

-----------------------------

အောက်ဖော်ပြပါ ဆရာ၊ ဆရာမများ လို အပ်ပါသည်။ Computer Basic, DTP နှင့် Graphic Design သင်ကြားပေးနိုင်သော ဆရာ၊ ဆရာမ (၂)ဦး၊ AutoCAD နှင့် 3D Studio Max သင်ကြား ပေးနိုင်သော ဆရာ၊ ဆရာမ (၁)ဦး။ ဖုန်း-၀၉-၅၁၅၅၉၆၇

-----------------------------

**TLCC Computer Centre**
လက်ကမ်းကြော်ငြာဝေ၊ ကြော်ငြာကပ်ရန် ကျားတစ်ဦး အလိုရှိသည်။ ရုပ်ရည် သန့်ပြန့်ရမည်။ တစ်ပတ်ခြောက်ရက်၊ တစ်လ ၅၀၀၀၀ ကျပ်၊ အမှတ်(၇၆)၊ ဗညားဒလလမ်း၊ သိမ်ဖြူကွင်းရှေ့၊ မဆလာစက်မှတ်တိုင်၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
ဖုန်း-၀၉-၅၁၉၆၀၆၇

-----------------------------

**တက္ကသိုလ်ဟန်မင်းဦး အနုပညာသင်တန်းကျောင်း**
သင်တန်းကျောင်း၏ အနုပညာအဖွဲ့ဝင်(ကျား/မ)များ အလိုရှိသည်။ အနုပညာ လှုပ်ရှားမှုများတွင် ပါဝင်သရုပ်ဆောင်ခွင့်ရရှိမည်။ စိတ်ဝင်စားသူများအမြန်ဆက်သွယ်လျှောက်ထားနိုင်ပါသည်။ အမှတ်(၂၀)၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်။
ဖုန်း-၂၂၇၁၉၉

-----------------------------

**ဦးဂွတ် အနုပညာထုတ်လုပ်ရေး**
ဗီဒီယိုဇာတ်ကားနှင့် တေးသီချင်း VCD တို့ ရိုက်ကူးရန်အတွက် သရုပ်ဆောင်သစ် ကျား(၁၀)ဦး၊ မ (၁၀)ဦး အမြန်အလိုရှိသည်။ ဖုန်း-၂၂၇၁၉၉

-----------------------------

Marketing Supervisor F/M (5) Posts. အသက်(၃)နှစ်ထက်မကြီးရ၊ သွက်လက်စွာပြောဆိုနိုင်သူ၊ဆက်ဆံရေးပြေပြစ်သူ၊ ကြော်ငြာလုပ်ငန်း၊ ကြော်ငြာဈေးကွက်နှင့်စပ်လျဉ်းသည့် အတွေ့အကြုံရှိသူကို ဦးစားပေးသည်။ အသက်လျှော့ပေါ့စဉ်းစားနိုင်သည်။ လစာအပြင် လုပ်ရည်ကိုင်ရည်ပေါ်မူတည်ပြီး ခံစားခွင့်များရရှိမည်။
ဖုန်း- ၀၉-၇၃၂၄၃၈၈၀

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013



## တောင်သူလယ်သမားများ ဘဏ်မှငွေချေးရန် အာမခံပေးမည့် အဖွဲ့ အစည်းလို

**ပြည့်သိမ်း**

**ရန်ကုန်**-တောင်သူလယ်သမားများသည် လယ်ယာမြေများကို ပုဂ္ဂလိကဘဏ်များတွင် ပေါင်နှံမည်ဆိုပါက ခိုင်မာသော အာမခံပေးနိုင်မည့် အဖွဲ့ အစည်းတစ်ခုလိုအပ်ကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူများထံမှ သတင်းရရှိသည်။

“အစိုးရက အာမခံပေးမယ်ဆိုရင် ဘဏ်တွေက မချေးရဲစရာမရှိဘူး”ဟု ကမ္ဘောဇဘဏ် ဒုတိယဥက္ကဋ္ဌ (၂) ဦးသန်းလွင်က ပြောသည်။

လယ်ယာမြေများပေါင်နှံ၊လွှဲပြောင်းနိုင်ရန်လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပြဋ္ဌာန်းခဲ့သည်။ ထို့နောက် လယ်ယာမြေ မှတ်ပုံတင်ကို ၂၀၁၃ နှစ်မှ စတင်ပြီး ပြုလုပ်ပေးနေ၍ ထိုမှတ်ပုံတင်ဖြင့် မိမိပိုင်ဆိုင်သော လယ်ယာမြေများကို အပေါင်ထားကာ အစိုးရဘဏ်များ၊ အစိုးရက အသိမှတ်ပြုထားသည့်ပုဂ္ဂလိကဘဏ်များတွင်ချေးငွေများ ရယူနိုင်ကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ထုတ်ပြန်သည့် နည်းဥပဒေ၌ ပါဝင်သည်။

“လယ်ယာကဏ္ဍက စွန့်စားရတယ်။ ရာသီဥတုနဲ့ အလောင်းအစားလုပ်ရတာဆိုတော့ ဘဏ်တွေက ခိုင်မာတဲ့အာမခံမရှိရင် ငွေချေးမှာမဟုတ်ဘူး”ဟု မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းချုပ် ဗဟိုအလုပ်အမှုဆောင်ဦးမျိုးသူရအေးက ပြောသည်။

ပုဂ္ဂလိက ဘဏ်များမှာ အများပြည်သူငွေကြေးများ ထည့်ဝင်ဖွဲ့စည်းထားခြင်းဖြစ်၍ ချေးငွေများ ထုတ်ပေးရာတွင် စိစစ်ကာ ခိုင်မာမှုရှိမှသာ ထုတ်ချေးကြောင်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူများကဆိုသည်။

ထို့အပြင်ပြည်တွင်းရှိပုဂ္ဂလိကဘဏ်များမှာ အပ်ငွေ၏ ၁၀ ရာခိုင်နှုန်းကိုသာ ချေးငွေအဖြစ် ပြန်လည်ထုတ်ပေးကြောင်း အထက်ပါပုဂ္ဂိုလ်များက ရှင်းပြသည်။

“အစိုးရက အာမခံပေးဖို့ဆိုတာမလွယ်ဘူး။ လယ်ယာကဏ္ဍကို နိုင်ငံခြားကပေးမယ့် ချေးငွေအကူအညီတွေကိုတောင် အသိအမှတ်ပြုမပေးဘူး”ဟု မြန်မာနိုင်ငံ တောင်သူလယ်သမား အသင်းဥက္ကဋ္ဌ ဒေါက်တာစိုးထွန်းက သုံးသပ်သည်။

အာရှစိုက်ပျိုးရေးနိုင်ငံကြီးတစ်ခုဖြစ်သည့် မြန်မာ့အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင် လယ်ယာကဏ္ဍကို ချေးငွေပေးရာ၌ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးပါက အစိုးရအာမခံဖြင့် ကြားဝင်ဖြေရှင်းပေးကြောင်း သတင်းရရှိသည်။

## ပြည်ပသို့ ပဲတင်ပို့မှု လျော့ကျနိုင်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၁၂**

ယခုနှစ် ပဲပေါ်ချိန်တွင် ပဲအထွက်နှုန်း လျော့နည်းခဲ့သဖြင့် ပဲမျိုးစုံ ပြည်ပတင်ပို့မှု လျာထားချက်ကိုလည်းယခင်နှစ်တင်ပို့မှုထက်လျော့ချခန့်မှန်းထားကြောင်းမြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များ အသင်းမှ သတင်းရရှိသည်။

မိုးရာသီ ပဲစိုက်ပျိုးချိန်တွင် မိုးခေါင်မှုကြောင့် ပဲအထွက်နှုန်းများ လျော့နည်းခဲ့သည့်အပြင် ယခုနွေပဲများ စိုက်ပျိုးချိန်တွင်လည်း ရာသီဥတု ပူပြင်းမှုများကြောင့် ပဲစိုက်ပျိုးမှုများ လျော့နည်းခဲ့ကြောင်း ပဲစိုက်တောင်သူများကပြောသည်။

“ဒီနှစ်က ပဲအထွက်လျော့တော့ပြည်ပပဲတင်ပို့မှုကလည်း အရင်နှစ်ထက်လျော့မယ်လို့မှန်းထားတယ်” ဟု အထက်ပါ အသင်းမှ ဗဟိုအလုပ်အမှုဆောင်ဒေါက်တာမြတ်စိုးက ပြောသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်ပြည်ပပဲတင်ပို့မှုသည်ပင် ၂၀၁၁-၁၂ဘဏ္ဍာနှစ်၏ တင်ပို့နိုင်မှုထက် တန်ချိန်လေးသောင်းနီးပါး လျော့ကျခဲ့သည်။ ၂၀၁၂-၁၃ ခုနှစ်ဘဏ္ဍာနှစ်တွင် ပဲတင်ပို့မှုလျော့ကျသည့်အပြင် ပဲဈေးနှုန်းများလည်း လျော့နည်းခဲ့သည့်အတွက် ယင်းကဏ္ဍဝင်ငွေသည် ကန်ဒေါ်လာသန်း ၂၀၀ ကျော် လျော့နည်းခဲ့သည်။

ယခုနှစ်ပဲစပေါ်ချိန်၌သဘော်တင်ဈေးနှုန်းမှာ ယခင်နှစ်ထက်ဈေး ကောင်းနေသဖြင့် ဈေးနှုန်းလျော့နည်းမှုကိုတောင်သူများများစွာ မခံစားရသေးကြောင်း ဒေါက်တာမြတ်စိုးကပြောသည်။

၂၀၁၂-၁၃ ခုနှစ်ပဲမျိုးစုံပြည်ပတင်ပို့မှုသည် ၁၄ သန်းကျော်ရှိခဲ့သည်။ လက်ရှိ ပဲဈေးကွက်တွင် အိန္ဒိယနိုင်ငံဘက်မှ ပဲအဝယ်နည်းခြင်းကြောင့်ပဲဈေးနှုန်းများမှာတစ်တန်လျှင် ကျပ် ၂၀,၀၀၀ ခန့်ဈေးနှုန်းများ ကျဆင်းနေကြောင်း သတင်းရရှိသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 340,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### Sony

| Model | Price |
|---|---|
| Xperia Neo L | 171,000 |
| Xperia Sola | 165,000 |
| Xperia Acrs | 238,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| C 8825 D | 125,000 |
| U 8836 D | 169,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| Ascend P1 | 264,000 |

မေ (၁၁)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 40ES5600 | 545,000 |
| Panasonic(LCD) | 32SC4S | 245,000 |
| Sony (LCD) | 35BX | 250,000 |
| Sony (LED) | 32EX33 | 300,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 335,000 |
| Samsung | RA20F17 | 160,000 |
| Hitachi | 190W | 220,000 |
| Panasonic | NR.BT224 | 220,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 165,000 |
| Samsung | WT10J | 160,000 |
| **Aircon** | | |
| Hitachi | 1.0HP | 225,000 |
| Mitsubishi | 1.0HP | 230,000 |
| Samsung | 1.0HP | 230,000 |

အထက်ပါဈေးနှုန်းများမှာ မေ(၁၂) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၆၀၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၄၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၈၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၈၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၅ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၈၅ |
| အုတ် (၁၀ ပေါက်အုတ်)(အထိုင်ဈေး) | တစ်လုံး | ၂၁၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၀,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၆,၅၀၀ |
| ကျောက် | တစ်ကျင်း | ၅၆,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၇၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၂၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉၊၊၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁၊၊၁၂ ပေ) | ၁ ပေနှုန်း | ၃၀၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ မေ(၁၁)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၈၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧည်ယာ) | တစ်ပြည် | ၆၅၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၅၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၄၀၀-၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၄၀၀-၈၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၁၇,၀၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၅၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၅၀၀- ၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၂၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၂၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၂၀၀- ၂,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၆၀၀- ၂,၀၀၀ |

မေ(၁၁)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| May(5) | 814 | 860 | 860 | 885 |
| May(6) | 814 | 860 | 860 | 885 |
| May(7) | 814 | 860 | 860 | 885 |
| May(8) | 814 | 860 | 860 | 885 |
| May(9) | 814 | 860 | 860 | 885 |
| May(10) | 814 | 860 | 860 | 885 |
| May(11) | 814 | 860 | 860 | 885 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Apple** | |
| IntelCorei5 2.5GHz,4GB DDR3,500GB5400rpmHDD,HD,13.3" | 1,112,000 |
| Intel Core i5 1.7 GHz,4GB DDR3,Solid State256GB,HD,13.3" | 1,338,000 |
| Intel Core i7 2.3 GHz, 4GB DDR3, 500GB HDD, HD, 15.4" | 1,660,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 256Flash Storage, 15.4" | 2,100,000 |
| **Asus** | |
| Intel Core i3 2.5 GHz, 4GB DDR3, 500GB HDD, 14" | 510,000 |
| Intel Core i5 1.7 GHz, 8GB DDR3, 500GB HDD, 14" | 726,000 |
| Intel Core i7 2.0 GHz, 4GB DDR3, 750GB HDD, 14" | 825,000 |
| Intel Core i7 2.4 GHz, 4GB D3, 1TB HDD, 14" | 890,000 |
| **Dell** | |
| Intel Core i3 2.2 GHz, 2GB DDR3, 500GB HDD, HD, 15.6" | 408,000 |
| Intel Core i5 2.5 GHz, 4GB DDR3, 500GB HDD, HD, 15.6" | 520,000 |
| IntelCorei5 1.7GHz,8GBDDR3,500GBHDD+8GBSSD,HD,14" | 771,000 |
| Intel Core i7 2.2 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 951,000 |

ဂ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချို့နွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညဏ်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင် |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

Hotline : 0973032006



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# ပညာရေးကဏ္ဍ ပြုပြင်မည်ဆိုပါလျှင်

**ခင်မေဇော်** (Burma-Newselite)

ပညာသင်အထောက်အကူပစ္စည်းများ၊ ခေတ်မီနည်းပညာများမရှိသည့် မြန်မာနိုင်ငံ၏ ပညာရေးလောကအတွက် ယခုရက်ပိုင်းအတွင်း အားတက်ဖွယ်ရာသတင်းကောင်းများကြားရသည်။

နိုင်ငံတကာက အကူအညီများ၊ နိုင်ငံတကာ တက္ကသိုလ်များ၏ အကူအညီဖြင့် တစ်ချိန်က အရှေ့တောင်အာရှ၏ ဂုဏ်ကျက်သရေဆောင် ရန်ကုန်တက္ကသိုလ်ကြီး စည်ကားသိုက်မြိုက်လာလိမ့်ဦးမည်။

စနစ်၏ သားကောင်ဖြစ်ခဲ့ရသော မြန်မာ့ပညာရေးသည် ဆယ်စုနှစ်ပေါင်းများစွာ စနစ်တကျ ဖျက်ဆီးခံခဲ့ရပြီးသည့်နောက် ပညာရေးခါးဆက်ပြတ်တောက်ခဲ့ရသည်။

ပညာရေးကို တန်ဖိုးထားတတ်သော မြန်မာမိဘတို့က နည်းမျိုးစုံနှင့် သားသမီးများ ပညာရေးအားပေးခဲ့သော်လည်း ခြောက်လနှင့် တစ်နှစ်စာ အတန်းတင်ပေးခြင်းများကြောင့် အမည်ခံပညာရေးဖြစ်ခဲ့ရသလို တက္ကသိုလ်ကျောင်းသားများလည်း ဘွဲ့တစ်ခုအတွက် စာအလွတ်ကျက်ပြီး ဖြေနေရဆဲဖြစ်နေသေးသည်။ ယခုအခါ နိုင်ငံတကာမှ လာရောက်သင်ကြားခွင့်၊ ကူညီခွင့်ပေးတော့မည် ကြားရသောကြောင့် အလွန်ဝမ်းမြောက်ရသည်။

မြန်မာနိုင်ငံ၏ အနာဂတ်အတွက်လည်း အဆင့်မြင့်ပညာရပ်တတ်ကျွမ်းသူများနှင့် တိုးတက်လာမည်ဟု မျှော်လင့်ချက် ထားမိပါသည်။ သို့သော် ခရီးက အတော်လျှောက်လှမ်းရပါဦးမည်။ အဘယ်ကြောင့်ဆိုသော် ကျွန်မတို့လိုအပ်သော ပညာရေးသည် စာအုပ်ထဲတွင်သာ ၊စမ်းသပ်ခန်းတွင်သာရှိသည် မဟုတ်သောကြောင့် ဖြစ်သည်။

မေးခွန်းမေးရန်ထက် ပြောသည်ကိုနားထောင်၍ အာဂုံဆောင်ခြင်းကသာ ပညာရေးအဖြစ် နှစ်ပေါင်းများစွာ နေရာယူခဲ့သည့် စာသင်ခန်းများ၊ပြန်မပြောနှင့်ဟူသော ရိုးရာဓလေ့လွှမ်းမိုးနေသည့် ပတ်ဝန်းကျင်များ၊ စည်းကမ်းလိုက်နာမှုကို အသားမကျသည့် ခေတ်အဆက်ဆက်မသမာသောနည်းဖြင့် အောင်မြင်သူများက နေရာယူလွှမ်းမိုးခဲ့သည့် လူနေမှုစနစ်။ ခြေလှမ်းများစွာပင် လှမ်းရပါဦးမည်။

ကျောင်းပညာတတ်တိုင်း တိုးတက်သော တိုင်းပြည်ကြီးဖြစ်မလာပါ။ ထိုကျောင်းပညာနှင့် အတူ ပြည်သူ့နီတိပညာပါလာဖို့ လိုအပ်ပါသည်။

ပြည်သူ့နီတိဆိုသော ဝေါဟာရသည် အချို့သော စာဖတ်သူများအတွက် နားစိမ်းနေနိုင်သည်။ အချို့အတွက်ကျတော့လည်း ရှေးစကားဟု ယူဆကြပေလိမ့်မည်။

ပြည်သူ့နီတိဆိုသည့် အရာကား နိုင်ငံကြီးသားတစ်ဦးဖြစ်ရန် လေ့ကျင့်သင်ကြားပေးသော အမူအကျင့်ဖြစ်သည်။ အမှိုက်ကိုလမ်းပေါ်တွင် မပစ်ရန်၊ တံတွေးမထွေးရန်၊ လူအများသွားလာနေသော နေရာတွင် သင့်တင့်လျောက်ပတ်သည့် ဝတ်စားဆင်ယင်မှုပြုရန်၊ အခြားသူ အနှောင့်မယှက်မဖြစ်ရေးဆင်ခြင်ရန်တို့သည် ကျောင်းပပညာနှင့်တော့ တိုက်ရိုက်မသက်ဆိုင်လှပါ။ သို့သော် တိုးတက်သော နိုင်ငံများတွင် ဤအချက်များကို ငယ်စဉ်ကျောင်းစနေစဉ်ကတည်းက ကလေးငယ်များကို စတင်သင်ကြားပေးလေ့ရှိကြသည်။

အမှိုက်ပစ်လျှင် အရေးယူမည်ဖြစ်သော်လည်း အမှိုက်မပစ်သင့်ဟူသော အသိတရားဖြင့် အမှိုက်မပစ်ခြင်းကို အားပေးရသည်။ ထိုသို့သော အသိတရားမျိုးကို လေ့ကျင်သင်ကြားရမည်ဖြစ်သည်။

ထို့သို့သောနီတိကို ကျွန်မတို့နိုင်ငံတွင် နှစ်တော်တော်များများ လျစ်လျူရှုခဲ့သည်ဟု ထင်ပါသည်။ လမ်းတွင်ကျနေသော ငှက်ပျောခွံကောက်ယူဖယ်ရှားတတ်သူ ဘယ်နှဦးရှိပါသနည်း။ ခေါင်းပြတ်နေသော ရေဘုံဘိုင်မှ ရေဒလဟော ထွက်နေသည်ကို ဘယ်နှစ်ဦးက ပိတ်ဖို့ ကြိုးစားပါသနည်း။ ဤအချက်တို့သည်ပင် နီတိများ ဖြစ်သည်။ လစ်ဟာနေသော ပညာရေးနည်းတူ တိုးတက်နေသော လူမှုစနစ် တစ်ခုအတွက် များစွာအထောက်အကူပြုပေးမည့် အရေးကြီးသော အရာများလည်း ဖြစ်သည်။

နိုင်ငံတကာရှိစာသင်ကျောင်းများကို သွားကြည့်လျှင် ကျွန်မတို့၏ကလေးငယ်များသာမက ကျွန်မတို့ကိုယ်တိုင် သင်ယူစရာများစွာ ရှိနေသည်ကို တွေ့ရတတ်သည်။ ရိုးသားဖို့ ၊ ရဲရင့်ဖို့၊ တာဝန်သိဖို့ဆိုသည့် အရည်အချင်းများကို သူတို့ကျောင်းမှာ သင်ကြားနည်းအမျိုးမျိုးမှာ ထည့်သွင်းထားသည်။ လုပ်အားပေးကူညီသည့်အချိန်နာရီကို အမှတ်ပေးစာရင်းတွင် ထည့်သွင်းသည့်နည်းဖြင့် ကလေးများ လုပ်အားပေးကူညီတတ်အောင်၊ လူမှုဝန်းကျင်နှင့်ထိတွေ့ဆက်ဆံတတ်အောင်သင်သည်။

ကျောင်းက အမှိုက်များထဲမှ စားကြွင်းစာကျန်ကို အမှိုက်အခြောက်များနှင့် ခွဲထုတ်သည့် နေရာတွင် လုပ်အားပေးခဲ့သူ ကလေးတစ်ဦးသည် နောင်တွင် ထိုအမှိုက်များကို ရောမပစ်လိုတော့ပါ။ တာဝန်သိသော စိတ်ဓာတ်ကိုပါ သင်ပေးလိုက်ခြင်းဖြစ်ပါသည်။ စည်းကမ်းလိုက်နာမှုကိုလည်း သင်ပေးလိုက်ခြင်းဖြစ်ပါသည်။ ကျွန်မတို့နိုင်ငံတွင် ထိုသို့သော သင်ကြားနည်းများ လိုအပ်ပါသည်။

လေ့လာမိသလောက် နိုင်ငံတကာ စာသင်ကျောင်းများတွင် မူကြိုအဆင့်မှစ၍ ကလေးများကို မိမိကိုယ်ကို အားကိုးတတ်ရန်သင်ပါသည်။ လဲကျလျှင် ထူမပေးပါ။ မိမိဘာသာ ထတတ်အောင် အားပေးပါသည်။ ငိုလျှင် မချော့ပါ။ မိမိ အလိုမကျသောအရာကို ပြောတတ်အောင် မေးပါသည်။ မိမိရပိုင်ခွင့်ကို သိအောင်၊ မိမိအခွင့်အရေးကို တောင်းတတ်အောင် သင်ပါသည်။ တာဝန်ကို ယူတတ်အောင်၊စာနာတတ်အောင်သင်ပါသည်။ မိမိနှင့် မတူသော အခြားကလေးများကို ခွဲခြားမဆက်ဆံအောင်သင်ပါသည်။ စည်းကမ်းနည်းလမ်းတကျလုပ်တတ်အောင်၊ ဥပဒေကို လိုက်နာတတ်အောင် သင်ပါသည်။

မြန်မာနိုင်ငံကို ဝင်ရောက်လာတော့မည် အဆင့်မြင့် ပညာရပ်များနည်းတူ အဆိုပါလစ်ဟာနေခဲ့သော အခြေခံ လူ့တန်ဖိုးမြှင့်တင်ပေးသည့် နီတိပညာများလည်းမူလတန်းကျောင်းပညာရေးမှစ၍ ပြန်လည်ပြဋ္ဌာန်းနိုင်လျှင် ကောင်းလေစွဟု မျှော်လင့်ရပါသည်။ ။

# Technology

7DAY NEWS JOURNAL

Vol.12, No.10 • MAY 15 , 2013


# ယခင် ကျပ် ၁၅ သိန်းတန် မိုဘိုင်းဆင်းမ်ကတ်များ လေးသိန်းဝန်းကျင် အရောင်းအဝယ်ဖြစ်

**ခိုင်ချို၊ ဆွေမွန်**

**ရန်ကုန်၊မေ-၁**

ယခင် ကျပ် ၁၅ သိန်းတန် မိုဘိုင်းဆင်းမ်ကတ်များ ဈေးကွက် အတွင်းကျပ်လေးသိန်း ဝန်းကျင်ဖြင့် အရောင်းအဝယ် ဖြစ် လျက် ရှိကြောင်း သတင်းရရှိသည်။

"တန်ဖိုးနည်းဖုန်းတွေထွက် ပေမယ့် ၀၉-၅၀. . . တွေကို ဝယ်တဲ့သူကော၊ ရောင်းတဲ့သူကောရှိတယ်။ ဈေးကွက်ရှိနေပါသေးတယ်။ ဈေးကွက်ထဲမှာ လေးသိန်း၊ လေးသိန်းခွဲလောက်ပေါက်တယ်" ဟု ဆူးလေဘုရားလမ်းရှိ မိုဘိုင်းဖုန်း ဆိုင်ရှင်တစ်ဦးကပြောသည်။

အဆိုပါ ၀၉၅၀. . .၊ ၀၉၅၁ . . . ဖုန်းများမှာ ကျပ်၁၅၀၀ တန်ဆင်းမ်ကတ်များထွက်ရှိမလာမီ အချိန်အထိ ဈေးကွက်တွင် အရောင်းအဝယ်ပါးနေပြီး ယခု တန်ဖိုးနည်းဆင်းမ်ကတ်ထွက်ရှိပြီး နောက် အရောင်းအဝယ်ပြန်လိုက်လာသည်ဟု မိုဘိုင်းဖုန်းဈေးကွက်မှ သိရှိရသည်။

"ကျွန်တော်အခု၀၉၅၀. . . ဖုန်းကို ပြန်ရောင်းမလို့ပါ။ဈေးနှုန်းကတော့ လေးသိန်းခေါ်ထားတယ်။ အရောင်းအဝယ်ဖြစ်မယ်လို့ထင်တယ်။ ၀၉၅၀ တွေက တန်ဖိုးနည်းဖုန်းတွေထက် အလုပ်ရှုပ်သက်သာတယ်"ဟု လက်ရှိတွင် မိုဘိုင်းဖုန်းရောင်းချရန်စီစဉ်နေသူတစ်ဦးကပြောသည်။

"၀၉၅၀. . .၊ ၀၉၅၁. . . ဖုန်းတွေ အဝယ်ပြန်လိုက်တယ်ဆိုတာဖြစ်နိုင်ပါတယ်။ တကယ်ဖုန်းလိုအပ်နေတဲ့သူတွေက နှစ်သိန်းတန်ဖုန်းတွေကိုလည်းဝယ်တယ်။ တန်ဖိုးနည်းဖုန်းက အဆင့်ဆင့်လုပ်ဆောင်ရတာတွေများတယ်" ဟု ကမာရွတ်လှည်းတန်းရှိမိုဘိုင်းဖုန်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဖုန်းလိုင်းများကို မိုဘိုင်းဖုန်းဆိုင်များတွင် တရားဝင်ရောင်းချခြင်းထက် ပွဲစားများမှတစ်ဆင့် အရောင်းအဝယ်ပိုမိုဖြစ်နေကြောင်း သတင်းရရှိသည်။

## ကျပ် ၁,၅၀၀ ဆင်းမ်ကတ် ဒုတိယအသုတ် မေလ နောက်ဆုံးပတ်တွင် ရောင်းမည်

**ခိုင်ချို**

**ရန်ကုန်၊မေ-၁၀**

ကျပ် ၁,၅၀၀ တန် CDMA 800 MHz မိုဘိုင်းဆင်းမ်ကတ်သုံးသိန်းခွဲကို ဒုတိယအသုတ် အနေဖြင့် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအရ မေလနောက်ဆုံးပတ် အတွင်း စတင်ရောင်းချမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ သတင်းရရှိသည်။

ယခု ဒုတိယအသုတ်ရောင်းချမှုတွင်လည်း CDMA 800 MHz ကိုသာ ရောင်းချဦးမည်ဖြစ်ပြီး CDMA 800 MHz ကို အလုံးရေ တစ်သန်းပြည့်အောင်ရောင်းချမည်ဖြစ်သည်ဟု မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာချုပ်တစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုလနောက်ဆုံးပတ်အတွင်း ထပ်မံရောင်းချပေးမည့် ကျပ် ၁,၅၀၀ တန် မိုဘိုင်းဆင်းမ်ကတ်များကိုမဲစနစ်ဖြင့်သာရောင်းချမည်ဖြစ်၍ ရပ်ကွက်ရုံးများ၌ သန်းခေါင်စာရင်းမိတ္တူ၊ ယာယီသန်းခေါင်စာရင်း(မိတ္တူ)၊မှတ်ပုံတင်(မိတ္တူ)နှင့်တကွ လာရောက်လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။

တတိယပတ်အတွင်းမှ ရောင်းချမည်ဆိုသော်လည်း အချို့မြို့နယ်၊ ရပ်ကွက်များတွင် ဒုတိယအသုတ်အတွက် စာရင်းလက်ခံခြင်း၊ မဲနှိုက်ခြင်းများ စတင်လုပ်ဆောင်နေပြီဟု သိရသည်။



ဓာတ်ပုံ-mynokiablog.com

## Nokia Lumia 928 ဖုန်းများ တရားဝင် ရောင်းမည်

**နယူးယောက်**

**မေ-၁၂**

တစ်ချိန်က ကမ္ဘာ့လက်ကိုင်ဖုန်းလောကကို စိုးမိုးခဲ့သော နိုကီယာကုမ္ပဏီထုတ် စမတ်ဖုန်းများကို တရားဝင်ထုတ်ရောင်းတော့မည်ဟုသတင်းများပေါ်ထွက်နေသည်မှာကြာပြီဖြစ်သော်လည်း ယခုအချိန်မှသာ ဖုန်းလိုင်းနှင့်အတူ အမှန်တကယ်ရောင်းချနိုင်တော့မည်ဖြစ်သည်။

Nokia Lumia 928 ဖုန်းများအား အမေရိကန်နိုင်ငံ၌ အကြီးဆုံးမိုဘိုင်းဖုန်းလိုင်း Verizon Wireless ၏ ဝန်ဆောင်မှုနှင့်အတူ ရောင်းချမည်ဖြစ်ပြီး မေလ ၁၆ ရက်တွင် ယင်းဝန်ဆောင်မှု စတင်မည်ဖြစ်သည်။

Lumia 928 မှာ ယခင်က ထွက်ရှိပြီး Lumia 920 ကို အဆင့်မြှင့်တင်ထားသော ဖုန်းဖြစ်ပြီး Dual Core Krait ပရိုဆက်ဆာပါရှိမည်ဖြစ်ကာ RAM မှာ 1GB ပါဝင်ပြီး ဖုန်း၏မှတ်ဉာဏ်သိုလှောင်နိုင်စွမ်း 32GB ရှိမည်ဖြစ်သည်။ ဖုန်းချိတ်ဆက်မှုပိုင်းတွင် 4G LTE စနစ်၊ Wi-Fi ၊ Bluetooth 4.0 ၊ NFC စနစ်နှင့်အတူ ကြိုးမဲ့အားသွင်းစနစ်များ ပါဝင်လာမည် ဖြစ်သည်။

—Ref: Phone Review

## အခပေးလိုင်းများ ယူကျုဘ် ထပ်မံလွှင့်တင်မည်

**နယူးယောက်၊ မေ-၁၂**

အင်တာနက်ပေါ်တွင် ဗီဒီယိုများတင်ပေးသော ယူကျုဘ်ဝက်ဘ်ဆိုက်က ၎င်း၏ အွန်လိုင်းဗီဒီယိုလုပ်ငန်းတွင် အခပေးလိုင်းများ စတင်လွှင့်တင်လိုက်ပြီး နောက်ထပ်လည်း လိုင်းသစ်များလွှင့်တင်ဦးမည်ဟု အသိပေးပြောကြားလိုက်သည်။

အခကြေးငွေယူသော အစီအစဉ်စတင်ရခြင်းမှာ ဗီဒီယိုဖန်တည်းသူများအတွက် ဝင်ငွေရရှိစေရန် ဖြစ်သည်ဟု ယူကျုဘ်က ပြောကြားသည်။ တွဲဖက်လုပ်ကိုင်သူ အနည်းငယ်ဖြင့်သာ စတင်ခဲ့သောလုပ်ငန်းအတွက် ဝန်ဆောင်ခမှာ တစ်လလျှင် ၀ ဒသမ ၉၉ ဆင့်ဖြင့် စတင်မည်ဖြစ်သည်။

လိုင်းတစ်ခုချင်းစီအား ၁၄ ရက် အခမဲ့စမ်းသပ်ဝန်ဆောင်မှုပေးမည်ဖြစ်ကာ လိုင်းအများအပြားတွင် နှစ်စဉ်ကြေးများ ဈေးလျှော့ပေးထားကြောင်း ယူကျုဘ်၏ ဘလော့ဂ်တစ်ခုတွင် ရေးသားထားသည်။ "ဒါအစပဲရှိပါသေးတယ်။ ရှေ့လာမယ့် သီတင်းပတ်တွေမှာအရည်အချင်းမီတဲ့လက်တွဲဖက်တွေနဲ့ သူတို့ဟာသူတို့ရပ်တည်နိုင်အောင်လုပ်တဲ့စနစ်နဲ့ ပူးပေါင်း လုပ်ဆောင်သွားမှာပါ။


**စာမျက်နှာ (၂၂) သို့**





# ကွန်ပျူတာများအတွက်အသုံးပြုနိုင်သော Viber ထွက်

**နိုင်ချို**

**ရန်ကုန်**-နိုင်ငံခြားဖုန်းအခမဲ့ခေါ်ဆိုနိုင်သည့် Viber Application အသစ်ထပ်မံထွက်ရှိလာပြီး ကွန်ပျူတာများတွင်ပါစတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။




အဆိုပါ Viber 3.0 Version မှာ ios နှင့် Android ဖုန်းများတွင်သာမက ကွန်ပျူတာနှင့်ပါ ချိတ်ဆက်အသုံးပြုနိုင်သည်။ ထို့အပြင် Window ကွန်ပျူတာတွင် သာမက Mac ကွန်ပျူတာတွင်ပါ အသုံးပြုနိုင်သည်။ အသစ်ထွက်ရှိလာသော Viber Version အသစ်မှာ မိုဘိုင်းဖုန်းများတွင်သာမက ကွန်ပျူတာများတွင်ပါ ပြည့်ပခေါ်ဆိုနိုင်ပြီး မီဒီဖိုင်များပါ အသုံးပြု၍ရကြောင်း သတင်းရရှိသည်။

Viber အသုံးပြု၍ အင်တာနက်မှဖုန်းပြောသူဦးရေမှာများပြားလာပြီး မြန်မာနိုင်ငံအတွင်း အင်တာနက်သုံးစွဲသူဦးရေ ထက်ဝက်ကျော်မှာViber အသုံးပြုသူများဖြစ်သည်။

ယင်း Viber Version အသစ်ကို http://www.viber.com/#windowsတွင်ကူးယူအသုံးပြုနိုင်ပြီဖြစ်သည်။

## HTC one 'Mini' ထုတ်လုပ်နေဟုဆို

**တိုင်ပေ၊မေ-၁၂**

HTC ဖုန်းကုမ္ပဏီသည် ဆမ်ဆောင်း၏ နမူနာကိုလိုက်၍ ၎င်း၏ နာမည်ကျော် HTC One မော်ဒယ် အငယ်စား HTC One Mini ကို ထုတ်လုပ်နေသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိသည်။

HTC One Mini လေးမှာ HTC One ပုံစံနှင့် ဆင်တူပြီး ကိုင်တွယ်ရာတွင်လည်း ယင်းဖုန်းကို ကိုင်တွယ်အသုံးပြုရပုံနှင့် တူညီနိုင်သည်ဟု ဆိုကြသည်။

သို့သော် ယင်းဖုန်းတွင် ဆမ်ဆောင်းကဲ့သို့ အထူးပြု လုပ်ဆောင်ချက်များနှင့် add-ons များ အများအပြားပါဝင်မည် မဟုတ်ဘဲ HTC ထုံးစံအတိုင်း သုံးစွဲသူများအတွက် အသုံးတည့်မည့် အစီအစဉ်များသာ ထည့်သွင်းသွားဖွယ်ရှိသည်။

Phone Arena ဝက်ဘ်ဆိုက်၏အဆိုအရ HTC One 'Mini' တွင် dual core ပရိုဆက်ဆာ၊ 16GB သိုလှောင်နိုင်စွမ်းနှင့် 2GB RAM ပါဝင်မည်ဖြစ်ကာ HTC ၏ UltraPixel ခတ်ပုံနည်းပညာ ပါဝင်မည်ဟု ဆိုသည်။

—Ref: Techcentral




## သင်ပုန်းကွန်ပျူတာအသစ် ဂူးဂဲလ်မိတ်ဆက်ဖွယ်ရှိ

**ဆန်ဖရန်စစ္စကို**
**မေ-၁၂**

ဂူးဂဲလ်ကုမ္ပဏီ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပရိုဂရမ်ရေးဆွဲပေးသူများကွန်ဖရင့် နီးကပ်လာသည်နှင့်အမျှ ဂူးဂဲလ်ကုမ္ပဏီက ယင်းပွဲတွင်ကုန်ပစ္စည်းအသစ်များနှင့် ဝန်ဆောင်မှုအသစ်များ စတင်ဖော်ထုတ်လိမ့်မည်ဟူသော ကောလာဟလများ ကြီးထွားလာသည်။ အကြောင်းသိသူများက ယင်းပွဲ၌ သင်ပုန်းကွန်ပျူတာအသစ်များနှင့် OS အဆင့်မြှင့်တင်မှုများ ဖော်ထုတ်ပြသလိမ့်မည်ဟု ဆိုနေကြသည်။

ဂူးဂဲလ်၏ Developers Conference ကိုမေ၁၅ရက်မှ၁၇ရက်အထိ ဆန်ဖရန်စစ္စကိုမြို့၌ ကျင်းပမည်ဖြစ်ပြီး ၎င်းကွန်ဖရင့်အတွက် လက်မှတ်များ တစ်နာရီအတွင်း ရောင်းကုန်သွားခဲ့သည်။

ဂူးဂဲလ်၏ စမတ်မျက်မှန် Google Glass အပြင် လက်ရှိ Nexus 7 ကို အဆင့်မြှင့်တင်ထားသော Nexus 7.7 သင်ပုန်းကွန်ပျူတာကိုမိတ်ဆက်မည်ဟု မျှော်လင့်ရသည်။ ယင်းတွင် Full HD မျက်နှာပြင် Qualcom ချပ်စ်နှင့် မိုဘိုင်းအင်တာနက်အလွန်လျင်မြန်သော 4G LTE စနစ် ပါဝင်မည်ဟု မျှော်လင့်ရသည်။ ရှင်းရှင်းလင်းလင်း မရှိသည်မှာ မည်သည့် အန်းဒရိုက်စနစ်သုံးမည်ကို မသိခြင်းဖြစ်သည်။

OS စနစ်များတွင်လည်း ဂူးဂဲလ်သည် 5.0 Key Lime Pie စနစ်ကိုယင်းပွဲ၌ဖော်ထုတ်ဦးမည်မဟုတ်ဘဲ Android 4.3 ကို အဆင့်မြှင့်တင်ထားသော စနစ်တစ်ရပ်သာ မြင်တွေ့ရဖွယ်ရှိသည်ဟု ယူဆနေကြသည်။

—Ref: Techcentral




စာမျက်နှာ (၂၁) မှ

### အခပေးလိုင်းများ ယူကျူဘ် ထပ်မံလွှင့်တင်မည်

လိုင်းအသစ်တွေကိုလည်း လူအများသိရှိအောင် လုပ်ဆောင်ပေးသွားမှာပါ"ဟု ယူကျူဘ်ဘလော့ဂ်တွင် ရေးသားထားသည်။

အခပေးလိုင်းများတွင် ဗြိတိသျှတီဗီအစီအစဉ်များကြည့်ရှုနိုင်ပြီး တစ်လလျှင် ကန်ဒေါ်လာ ၄ ဒသမ ၉၉ သတ်မှတ်ထားသည့် Acorn TV ၊ တစ်လလျှင် ကန်ဒေါ်လာ ၂ ဒသမ ၉၉ သတ်မှတ်ထားသည့် National Geographic Kids ၊ ယင်းနှင့်ဈေးနှုန်းတူ Prime Zone Sports လိုင်းများ ပါဝင်သည်။

—Ref: AFP

# “သမ္မတဦးသိန်းစိန်ဦးဆောင်ပြီးလုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ပြဿနာတွေကို ဖြေရှင်းနိုင်ဖို့အတွက် လမ်းမှန်ကို ရောက်နေပါပြီ။ မှန်မှန်ကန်ကန် တစိုက်မတ်မတ်လုပ်ဆောင်သွားဖို့ပဲလိုပါတယ်”

## ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ ရှမ်းပြည်တပ်မတော် RCSS/SSA ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရွက်ဆစ်နှင့် တွေ့ဆုံခြင်း

**သီဟ**

ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီ ရှမ်းပြည်တပ်မတော် RCSS/SSA ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရွက်ဆစ်ကိုမေးခွန်းများပေးပို့၍ အင်တာဗျူးပြုလုပ်ထားသည်မှ စာဖတ်ပရိသတ်များ အတွက် ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။

**အပစ်အခတ်ရပ်စဲရေး လက်မှတ်ထိုးခဲ့တာတစ်နှစ်ပြည့်ခါနီးပြီ။ အခုထိ အချက် နှစ်ချက်ပဲ အကောင်အထည်ဖော်နိုင်သေးတယ်လို့ သိရပါတယ်။ ဒါဆို ငြိမ်းချမ်းရေးလမ်းကြောင်းကို လျှောက်ဖို့အတော်လေးလိုနေဦးမယ်လို့ယူဆပါသလား။**

အပစ်အခတ်ရပ်စဲရေးလုပ်ထားတာ ၂နှစ်နီးပါးရှိပါပြီ။ တရားဝင်ဆွေးနွေးကြတာက ငါးကြိမ်နဲ့ သဘောတူညီချက်အချက်ပေါင်း ၄၄ ချက်လက်မှတ်ရေးထိုးထားကြပါတယ်။ လက်မှတ်ရေးထိုးတုန်းကလည်း လူကြီးတွေချည်းပါပဲ။ တပ်မတော်ဘက်ကလည်း ပါဝင်ခဲ့ပါတယ်။ ဒါပေမဲ့လက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်မယ့်အချိန်မှာ အခက်အခဲတွေ အများကြီးတွေ့ကြုံခဲ့ရပါတယ်။ အကြောင်းပြချက်တွေအမျိုးမျိုးနဲ့ လုပ်ကိုင်ခွင့်တွေကိုပိတ်ပင်ခဲ့တယ်။ သိပ်အလုပ်မဖြစ်ခဲ့ပါဘူး။ အကောင်အထည်ဖော်နိုင်တာ နှစ်ချက်ပါပဲ။ ခြောက်မြို့နယ်မှာဆက်ဆံရေးရုံးတွေ ဖွင့်ထားနိုင်တာနဲ့ပြည်သူလူထုနဲ့တွေ့ဆုံနိုင်တာပါပဲ။ ပြည်သူထုထုနဲ့ သွားရောက်တွေ့ဆုံဆွေးနွေးတာ တောင်တချို့ နေရာတွေမှာ ပြည်သူတွေကို တပ်မတော်စစ်တပ်ဘက်ကသွား ခြိမ်းခြောက်နေတာတွေလည်း ရှိပါတယ်။ ဒါကြောင့် ပြည်သူလူထုတွေကကြောက်ပြီး ငြိမ်းချမ်းရေး တည်ဆောက်နေတာကို သိပ်အယုံအကြည်မရှိကြတော့ဘူး။ ငြိမ်းချမ်းရေးကိုတည်ဆောက်လိုတယ်ဆိုရင် အရင်ဦးဆုံးယုံကြည်မှုကို တည်ဆောက်ရမှာပါ။ ဒါမှ ထာဝရငြိမ်းချမ်းရေးဆိုတာ ပေါ်ပေါက်လာနိုင်မှာပါ။

**ကျိုင်းတုံမှာ လက်မှတ်ထိုး တုန်းက တပ်ကိစ္စကို အဓိကထား ဆွေးနွေးခဲ့တယ်လို့ သိရပါတယ်။ ဒါပေမဲ့ လက်မှတ်ထိုးပြီးနောက်ပိုင်းလည်းတိုက်ပွဲပေါင်း ၈၀ ကျော်ထပ်ဖြစ်နေတယ်ဆိုတော့နှစ်ဖက်စလုံးမှာဘယ်လိုချို့ယွင်းချက်တွေရှိနေလို့ပါလဲ။**

၂၀၁၂ မေ ၁၉ ကျိုင်းတုံတွေ့ဆုံဆွေးနွေးပွဲမှာ အဓိကထားပြီး ဆွေးနွေးခဲ့တာ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးနဲ့တောင်ကြီးမြို့ ပထမအကြိမ်ပြည်ထောင်စုအဆင့်တွေ့ဆုံဆွေးနွေးပွဲသဘောတူညီချက်အတိုင်း မိုင်းထ(Moung Hta)မြို့နယ်ခွဲနဲ့ဟိုမိန်းမြို့နယ်ခွဲမှာ RCSS/SSA အတွက် ၄ခုနချုပ်နယ်မြေသတ်မှတ်ပေးရေးကိစ္စတွေဖြစ်ပါတယ်။ အဲဒီဆွေးနွေးပွဲမှာ ကျွန်တော်ကိုယ်တိုင်တက်ရောက်ပါတယ်။ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဝန်ကြီးဦးအောင်မင်းတို့ တက်ရောက်ပါတယ်။ ထိပ်တန်းခေါင်းဆောင်ကြီးတွေတက်ရောက်ခဲ့တဲ့တွေ့ဆုံဆွေးနွေးပွဲပါ။ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးကို အတူတကွ ပူးပေါင်းပြီး တည်ဆောက်သွားနိုင်ကြမယ်လို့ ယုံကြည်ခဲ့ပါတယ်။ မိုင်းတော့၊ မိုင်းထနဲ့ ဟိုမိန်းဒေသတွေမှာ နယ်မြေသတ်မှတ်ပေးရေးအတွက် ပြန်လည်ဆွေးနွေးခဲ့ကြပါတယ်။ တပ်မတော်က ကျွန်တော်တို့ အဖွဲ့ဝင်မိသားစုတွေနေထိုင်ဖို့တောထဲမှာ နေရာကလေးနည်းနည်းကို ကွက်ပေးတယ်။ ပြီးတော့ အဲဒီနေရာလေးကလည်း တပ်မတော်ကဝိုင်းထားတဲ့ နေရာလေးမျိုးဖြစ်ပါတယ်။ စားသောက်ဖို့အတွက် အဲဒီဒေသထဲကို သယ်ယူဖို့ အင်မတန်မှခက်ခဲပါတယ်။ ကျွန်တော်တို့ရဲ့ အဖွဲ့ဝင်မိသားစုတွေကို သတ်ကွင်းထဲမှာထည့်ထားပြီး အနုနည်းနဲ့သတ်တဲ့သဘောမျိုးပါပဲ။ အဲဒီအချက်ကို လက်မခံနိုင်လို့ သဘောတူညီမှုမရခဲ့ကြပါဘူး။

၂၀၁၁ဇန်နဝါရီလ ၁၆ တောင်ကြီးမြို့ ပထမအကြိမ် ပြည်ထောင်စုအဆင့်တွေ့ဆုံဆွေးနွေးပွဲသဘောတူညီချက်တွေကိုယခုအချိန်ထိ ကျွန်တော်တို့တောင်းဆိုနေတုန်းပါပဲ။ မူးယစ်ဆေးဝါးပူးပေါင်းတိုက်ဖျက်ရေးလုပ်ငန်း အတွက်လည်းလက်တွေ့အကောင်အထည်ဖော်ဆောင်တဲ့ နေရာမဖြစ်လာနိုင်သေးပါဘူး။ တပ်မတော်ဘက်က အမြင်မှာ ကျွန်တော်တို့တပ်အနေနဲ့က တပ်မတော်နဲ့သွားယှဉ်ပြိုင်လုပ်ဆောင်နေတယ်လို့မြင်နေပါတယ်။ အမှန်တကယ်ကတော့ ကျွန်တော်တို့အနေနဲ့က ပြည်ထောင်စုနိုင်ငံတော် အစိုးရကို တစ်ဖက်တစ်လမ်းက ကူညီလိုတဲ့စိတ်ထားပဲရှိတာပါ။ မူးယစ်ဆေးဝါးသုံးစွဲနေတဲ့သူတွေ လူငယ်တွေကို မူးယစ်ဆေးဝါးဖြတ်ပေးချင်ပါတယ်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားနေတာ ဘယ်သူဘယ်ဝါ ဘယ်မှာနေတယ်ဆိုတာ ကျွန်တော်တို့မှာ သတင်းအချက်အလက်ရှိတယ်။ ကျွန်တော်တို့ သိထားတယ်။ ကျွန်တော်တို့တစ်တွေ ပူးပေါင်းပြီးဆောင်ရွက်မယ်ဆိုရင်မူးယစ်ဆေးဝါးဟာပပျောက်သွားနိုင်ပါတယ်။ အဘက်ဘက်က ပူးပေါင်းပါဝင်မှုမရှိဘူးဆိုရင် မူးယစ်ဆေးဝါးပပျောက် နိုင်ဖို့ကလည်း မလွယ်ကူလှပါဘူး။ တိုက်ပွဲတွေခဏခဏဖြစ်နေတယ်ဆိုတာကလည်း အထင်အမြင်တွေလွဲမှားနေကြပြီး အထက်က(တပ်မတော်ဘက်မှ)မိမိတို့တပ်ဖွဲ့တွေကိုတိုက်ခိုက်ဖို့အမိန့်ပေးနေလို့တိုက်ပွဲတွေဖြစ်နေကြတာပါ။



**အစိုးရရဲ့ငြိမ်းချမ်းရေးဖော်ဆောင်မှုတွေကိုရော ယုံကြည်မှု ဘယ်လောက်အတိုင်းအတာရှိပါသလဲ။**

ထာဝရငြိမ်းချမ်းရေးရဖို့အတွက် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ကြဖို့လိုပါတယ်။ ပြည်သူတွေရဲ့ ကြောက်စိတ်တွေလျော့ကျသွားစေဖို့အတွက် ပြည်သူတွေရဲ့ စိတ်ဓာတ်နဲ့ စိတ်ထားတွေကို အစိုးရကပြန်လည်ကုသပေးဖို့လိုပါတယ်။ နိုင်ငံတော်က ကြွေးကြော်နေတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးဆိုတာတွေဟာ အင်အားသုံးပြီးခြိမ်းခြောက်ဖို့မဟုတ်ပါဘူး။ အင်အားသုံးပြီးပြဿနာဖြေရှင်းတာမျိုးလည်းမလုပ်သင့်ပါဘူး။ တွေ့ဆုံဆွေးနွေးခြင်းနဲ့သာ ပြဿနာဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ အင်အားတွေကို ပြည်တွင်းမှာသုံးပြီး ပြဿနာဖြေရှင်းခဲ့ကြပြီးပါပြီ။ ပြည်တွင်းစစ်မီးတောက်လောင်ခဲ့တာလည်း နှစ် ၆၀ ရှိခဲ့ပါပြီ။ ပြည်သူတွေ ဒုက္ခအတိရခဲ့ကြရပါတယ်။ နိုင်ငံတော်ရဲ့ဂုဏ်သိက္ခာဆိုရင်လည်း အဖတ်ဆည်မရလောက်အောင် ကျခဲ့ပြီးကြပါပြီ။ အင်အားသုံးပြီး ပြဿနာဖြေရှင်းခဲ့တဲ့ သာဓကတစ်ခု ကတော့ ရှစ်လေးလုံး အရေးအခင်းအဖြစ်အပျက်ပါပဲ။ ရဟန်းရှင်လူနဲ့ ပြည်သူလူထုတွေ သေကျေခဲ့ရတယ်။ ကျောင်းသားတွေ သေကျေခဲ့ကြရပါတယ်။ ဒီဒဏ်ရာတွေဟာ သူတို့တစ်တွေရဲ့ ရင်ထဲမှာရှိနေဆဲပါ မပပျောက်သေးပါဘူး။ ၂၀၀၇ ခုနှစ် ရွှေဝါရောင်တော်လှန်ရေး အရေးအခင်းမှာ သံဃာတော်တွေကိုစစ်တပ်ကပစ်သတ်ခဲ့တာ လူထုတွေရဲ့ ရင်ထဲမှာ ဒီပုံရိပ်တွေမပျောက်ကွယ်သေးပါဘူး။ သူတို့တစ်တွေနာကျင်နေကြဆဲပါ။ ရှမ်းပြည်တွင်းမှာဖြစ်တဲ့ ပြည်တွင်းစစ်မှာတပ်မတော်စစ်တပ်ကကျေးရွာတွေကို မီးရှို့ဖျက်ဆီးခဲ့တာတွေ၊ ပြည်သူတွေကို အစုအပြုံလိုက်သတ်ဖြတ်ခဲ့တာတွေ ဥပမာတစ်ခုအနေနဲ့ ဆိုင်းခေါင်ကျေးရွာ(ကျိုင်းတောင်းမြို့နယ်ခွဲမှာ)ကလေး၊ အမျိုးသမီးအပါအဝင် ရွာသား ၅၃ ယောက်ကို အစုအပြုံလိုက်ပစ်သတ်ခဲ့တာ။ လုပ်ခဲ့တာတွေ အခုချိန်ထိ ပြည်သူလူထုတွေနာနေရဆဲပါ။ လွန်ခဲ့တဲ့အချိန် လွန်ခဲ့တဲ့စနစ်တွေက အင်အားသုံးခဲ့လို့ပါ၊ အခုအချိန်အခါမှာ ပြုပြင်ပြောင်းလဲသင့်ပါပြီ။

**စာမျက်နှာ(၃၂) သို့**

**မွန်ဖြတ်ဆေးခန်း** ဗိုသာစုဘ၊ ကျွန်းမာသုခ၊ မွန်ဖြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ

ဆေးခန်းသုံး တိုင်းရင်းဆေးများသာ

ရန်ကုန်/မော်လမြိုင်

လိပ်ခေါင်းရောဂါကုသခြင်း
- ဆေးကုသချိန်(၁၅)မိနစ်သာကြာပြီး နာကျင်မှုမရှိပါ။

သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း

ဆီးချို၊ သွေးချိုရောဂါကုသခြင်း

လိပ်စာ-အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

**အောင်ဇေယျာမင်း (တိုင်းရင်းအထူးကုဆေးခန်း)**
**မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု**

အောင်ဇေယျာမင်း Ph.D, M.A.R.P., C.T.M.P(Kol kata India) ... Turell ...

(အောင်ဇေယျာမင်းဆေးခန်း၏ ဆေးစွမ်းအရည်အသွေးအာမခံချက်ရှိပါသည်။)

**အရိုးကျိုးပေါင်းတက်ရောဂါ၊ လည်ပင်း၊ ခါး၊ ပခုံး၊ ဒူးဆစ်နာရောဂါ၊ အထူးကု**

No. 68၊ ၁၂ လမ်း (အလယ်ဘလောက်)၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

# မြန်မာ့ရေနံ

အောင်စည်ဟိန်း

**၂၀၁၂ခုနှစ်၊ နိုဝင်ဘာ(၁၄)ရက်နေ့က စွမ်းအင်ဆိုင်ရာမဟာဗျူဟာမှူး (The Energy Strategist) ခေါင်းစဉ်ဖြင့် အမေရိကန်ပြည်ထောင်စုတွင် သတင်းလွှာတစ်ခု ထွက်ရှိခဲ့သည်။ ယင်း သသင်းလွှာတွင် အပြည်ပြည်ဆိုင်ရာ စွမ်းအင်အေဂျင်စီ၏ စွမ်းအင်ဆိုင်ရာ အနာဂတ်ဟောကိန်းပါရှိသည်။ ယင်းဟောကိန်းအရ အမေရိကန်ပြည်ထောင်စုသည် ၂၀၁၅ ခုနှစ်တွင် သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု ကမ္ဘာနံပါတ်တစ်၊ ၂၀၂၀ပြည့်နှစ်တွင် ရေနံထုတ်လုပ်မှု ကမ္ဘာ့နံပါတ်တစ်၊ ၂၀၃၀ ပြည့်နှစ်ခန့်တွင် ရေနံရောင်းချမှု ကမ္ဘာ့နံပါတ်တစ်ဖြစ်လာမည်ဟု သိရသည်။ ဤသတင်းအပေါ် ဝေဖန်မှုများလည်း ပေါ်ထွက်ခဲ့ပါသည်။ ကျွန်တော့်အနေနှင့် ဤဟောကိန်းသည် လက်တွေ့အခြေအနေအရ နီးစပ်မှုရှိသည်ဟု ထင်မိသည်။ အမေရိကန်ပြည်ထောင်စု၏ ဆယ်စုနှစ်များစွာ ချမှတ်ထားသော စွမ်းအင်မဟာဗျူဟာ၊ လက်ရှိရေနံလုပ်ငန်းဆိုင်ရာ နည်းပညာသစ်နှင့် စက်မှုစွမ်းအားများအရ ဖြစ်နိုင်ခြေကို ခန့်မှန်းရခြင်းဖြစ်ပါသည်။**



*မြန်မာနိုင်ငံအလယ်ပိုင်းရှိ တစ်နိုင်တစ်ပိုင် ရေနံတူးဖော်သည့်လုပ်ငန်းခွင်တစ်ခု*

ယခင်ခေတ်က ရေနံတူးရာတွင် တွေ့ရှိထားသည့် ရေနံသိုက်၏ ပျမ်းမျှ (၂၀)မှ (၄၀)ရာခိုင်နှုန်းအထိသာ ထုတ်ယူနိုင်ပါသည်။ နည်းပညာမှာလည်း ဒေါင်လိုက်တူးခြင်း (Vertical drilling) ဖြစ်ပါသည်။ ယခုခေတ်တွင်ရေနံတွင်းသစ်သာမက ရေနံတွင်းဟောင်းများ၏ ရေနံအောင်းလွှာကို မြေအောက်အလျားလိုက်တူး နည်း (သို့မဟုတ်) တွင်းကောက်တူးနည်း (Horizontal drilling) ဖြင့် ရေနံလက်ကျန်များကို ထုတ်ယူနိုင်ပြီဖြစ်ပါသည်။ ဤနည်းပညာသစ်တွင် အမေရိကန်ပြည်ထောင်စုနှင့်ယူကေနိုင်ငံတို့ကထိပ်တန်းတွင်ရှိနေပြီး တွင်းကောက်တူးရာတွင်မြေအောက် ရေနံလွှာမှ ရေနံပိုမိုရရှိအောင်လည်း လုပ်ဆောင်နိုင်ပြီဖြစ်ပါသည်။ မာကျောကျပ်ခဲနေသော ယှေလကျောက် (oil shale) အလွှာများကိုလည်း အရည်ဖိအားဖြင့် အဆင့်ဆင့်အက်ကွဲသွား အောင်လုပ်နည်း (hydraulic fracturing in tight formations) ဖြင့် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ထုတ်နိုင်စွမ်းရှိပြီဖြစ်ပါသည်။

ဆက်လက်ပြီး လူဦးရေနှင့် စွမ်းအင်သုံးစွဲမှုအခြေအနေကို တင်ပြလိုပါသည်။ ကမ္ဘာ့လူဦးရေမှာ ၁၉၀၀ပြည့်နှစ်က သန်းပေါင်း ၁,၆၂၅ သန်းရှိခဲ့ပြီး ၂၀၀၀ပြည့်နှစ်တွင် သန်း ၆,၁၀၀ ရှိခဲ့ပါသည်။ ယင်းသန်းခြောက်ထောင်ကျော်ရှိသည့်နှစ်က သုံးစွဲခဲ့သော စွမ်းအင်ပမာဏသည် ၁၉ ရာစုနှစ်တစ်ရာအတွင်း သုံးစွဲခဲ့သော စွမ်းအင်စုစုပေါင်း၏ ၄ ဆခန့် ပိုမိုသုံးစွဲခဲ့ကြောင်း သိရပါသည်။ ထို့ကြောင့် ကမ္ဘာ့စွမ်းအင် သယံဇာတလျော့ပါးလာမှုကို ဆက်လက်ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၁ ရာစု၏ ပထမဆယ်စုနှစ်အတွင်း ရေနံထုတ်နိုင်ငံကြီးအချို့၏ ပို့ကုန်ကျဆင်းမှုရှိခဲ့ပါသည်။ ယခုအခါ ရေနံသုံးစွဲမှုတွင် အမေရိကန်၊ တရုတ်၊ ရုရှားနှင့် အိန္ဒိယတို့က အများဆုံးဖြစ်ပြီး ရေနံထုတ်လုပ်မှုတွင် ရုရှားနှင့် ဆော်ဒီအာရေဗီးယားတို့က ထိပ်ဆုံးတွင် ရှိနေပါသည်။ တရုတ်နိုင်ငံသည် နေ့စဉ်ရေနံစည်သန်းပေါင်း ၄ ဒသမ ၃ သန်းခန့်ထုတ်ပြီး ၉ ဒသမ ၂ သန်းခန့် သုံးစွဲသဖြင့် ပြည်ပရေနံကို မှီခိုနေရပါသည်။ အိန္ဒိယနိုင်ငံသည်နေ့စဉ်ရေနံစည်သန်းပေါင်း ဒသမ ၉၅ သန်းထုတ်လုပ်ပြီး ၃ ဒသမ ၂ သန်းခန့် သုံးစွဲသဖြင့် ပြည်ပရေနံကို မှီခိုနေရပါသည်။ ထိုင်းနိုင်ငံသည်လည်း နေ့စဉ်ရေနံစည် ဒသမ ၃၃ သန်းထုတ်လုပ်ပြီး စည်တစ်သန်းကျော် သုံးစွဲသဖြင့် ပြည်ပရေနံကို မှီခိုရဆဲဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နေ့စဉ်ရေနံစည်တစ်သောင်းဝန်းကျင် ထုတ်လုပ်ပြီး စည် (၇၀,၀၀၀) ကျော် သုံးစွဲလျက်ရှိပါသည်။

ဤနေရာတွင် မြန်မာ့ရေနံ သမိုင်းဖြစ်စဉ်အချို့ကို တင်ပြလိုပါသည်။ မြန်မာ့နိုင်ငံကို ဗြိတိသျှတို့သိမ်းပိုက်ပြီးနောက် ၁၈၈၆ ခုနှစ်တွင် ဘီအိုစီကုမ္ပဏီ (Burmah Oil Co.,) ၁၉၀၇ ခုနှစ်တွင် အိုင်ဘီပီကုမ္ပဏီ (Indo-Burma Petroleum Co.,) ၁၉၁၀ ပြည့်နှစ်တွင် ဘီဘီပီကုမ္ပဏီ (British-Burma Petroleum Co.,) စသည့်ကုမ္ပဏီကြီးများပေါ်ပေါက်ခဲ့ပြီး မြန်မာ့ရေနံလုပ်ငန်းအများစုကို ခေတ်မီနည်းဖြင့် လုပ်ကိုင်ခဲ့ကြပါသည်။ မကွေးခရိုင်၊ သရက်ခရိုင်၊ မော်လိုက်ခရိုက်၊ စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်တို့တွင် ရေနံရှာဖွေမှုများ တိုးချဲ့လုပ်ကိုင်ခဲ့ပါသည်။ ၁၉၁၈ ခုနှစ်တွင် ရေနံချောင်းဒေသမှ မက်ထရစ်စနစ် တွက်ချက်မှုအရ ရေနံစိမ်းစည်သန်းပေါင်း ၄ ဒသမ ၇၆၂ သန်းကျော် ထွက်ရှိခဲ့ပြီး ဒုတိယကမ္ဘာစစ်ဖြစ်ခါနီးကာလတွင် နှစ်စဉ်ရေနံစည် ၆ ဒသမ ၄၃ သန်းဝန်းကျင်ထုတ်လုပ်ခဲ့သဖြင့် ဗြိတိသျှအင်ပါယာအတွင်း ထိပ်ဆုံးနေရာတွင် ရှိခဲ့ပါသည်။ အမေရိကန်ပြည်ထောင်စုမှာ ထိုကာလ အတွင်းနေ့စဉ်ရေနံစည်သန်းပေါင်း လေးသန်းကျော်ဖြင့် ကမ္ဘာ့နံပါတ်တစ်ဖြစ်ခဲ့ပါသည်။

ဆက်လက်ပြီး မြန်မာ့ရေနံ စီမံခန့်ခွဲမှုအပိုင်းကို တင်ပြလိုပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ဖဆပလအစိုးရက ဗြိတိသျှကုမ္ပဏီကြီးများနှင့် ဖက်စပ်လုပ်ရန် ဘီအိုစီ လီမိတက်ကို ၁၉၅၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပါသည်။ မြန်မာ အစိုးရဘက်က အစုရှယ်ယာ(၃၃ ဒသမ ၅)ရာခိုင်နှုန်းဖြင့် စတင်ခဲ့ ပြီး ၁၉၆၀ ပြည့်နှစ်တွင် အစုရှယ်ယာ(၅၁)ရာခိုင်နှုန်းအထိ ရှိခဲ့ပါသည်။ ၁၉၅၇ မှ ၁၉၆၀ ပြည့်နှစ် အတွင်း ဒေးဒရဲ၊ ကျိုက်လတ်၊ သာယာဝတီ၊ အောင်လံ၊ ပုဂံနယ်မြေများတွင် ရေနံရှာဖွေခြင်းနှင့် သန်လျင် ရေနံချက်စက်ရုံသစ် တိုးချဲ့ရေးစီမံကိန်းရေးဆွဲခြင်းများပြုလုပ်ခဲ့ပါသည်။ တပ်မတော် အိမ်စောင့်အစိုးရ လက်ထက်(၁၉၅၈-၆၀)တွင် အမေရိကန် ပြည်ထောင်စုက မုတ္တမကမ်းလွန် ရေနံရှာဖွေရေးအတွက် မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် လာရောက် ကမ်းလှမ်းခဲ့သော်လည်း တပ်ခေါင်းဆောင်အချို့၏ အရင်းရှင်ဆန့်ကျင်ရေးသဘောထားကြောင့်အလုပ်မဖြစ်ခဲ့ပါ။ ဖဆပလခေတ်တွင် ရေနံနှင့် ရေနံထွက်ပစ္စည်းများကို လျော်ကန်သောဈေးနှုန်းဖြင့် လုံလောက်အောင်ဖြည့်ဆည်းနိုင်ခဲ့သဖြင့် ပြည်သူများအတွက် အဆင်ပြေခဲ့သည်ဟုဆိုရပါမည်။ ၁၉၆၃ ခုနှစ်တွင်ရေနံလုပ်ငန်းများကို ပြည်သူပိုင်သိမ်းခဲ့သည်။ ပြည်တွင်းရေနံစိမ်းအပြင် အင်ဒိုနီးရှား၊ ဆိုဗီယက်ပြည်ထောင်စုတို့မှတင်သွင်းသော ရေနံစိမ်းများကိုပါ အားဖြည့်ချက် လုပ်ခဲ့သည်။ မြန်အောင်၊ ရွှေပြည်သာ၊ ပြည်တောင်တန်း၊ မန်းချောင်း၊ ထောက်ရှာပင်ကမ်းနီ၊ လက်ပံတို စသည့် ရေနံမြေသစ်များ ရှာဖွေတိုးချဲ့နိုင်ခဲ့သည်။ ထို့ အပြင် ဂျပန်ချေးငွေ၊ ဂျာမနီချေး ငွေများဖြင့် ရခိုင်ကမ်းလွန်၊ မုတ္တမ ကမ်းလွန်တို့တွင် ပြည်ပကုမ္ပဏီများနှင့် ရေနံရှာဖွေခဲ့ရာ သဘာဝ ဓာတ်ငွေ့တွန်းကန်မှုကြောင့် ပေါက်ကွဲမှု၊ မီးလောင်မှုများ ဖြစ်ခဲ့ပါသည်။ ဤသို့ဖြင့် မြန်မာ့ကမ်းလွန်တွင် ရေနံနှင့် ဓာတ်ငွေ့သိုက် များရှိနေကြောင်း ကမ္ဘာကသိခွင့်ရခဲ့ပါသည်။

မြန်မာ့ရေနံလုပ်ငန်းသည် ဖဆပလခေတ်နှင့် တော်လှန်ရေးကောင်စီခေတ်တွင် သတ္တုတွင်း ဌာန၏ ကွပ်ကဲမှုအောက်၌ရှိခဲ့ပြီး ၁၉၇၅ ခုနှစ်တွင် စက်မှု(၂)ဝန်ကြီးဌာနအောက်သို့ ရောက်ရှိခဲ့ပါသည်။ ၁၉၈၅ ခုနှစ်တွင် စွမ်းအင်ဝန်ကြီးဌာနပေါ်ပေါက်သဖြင့် ယနေ့အထိ ယင်းဝန်ကြီးဌာနအောက်တွင် ရှိနေပါသည်။ ရေနံလုပ်ငန်းကိုလည်း ဖက်စပ်ကုမ္ပဏီပုံစံရှိနေရာက အစိုးရပိုင် အင်ဒပ်စ်ထရီပုံစံ၊ ကော်ပိုရေးရှင်းပုံစံ၊ အင်တာပရိုက်ပုံစံ စသည်ဖြင့် အခေါ်အဝေါ် အမျိုးမျိုးဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ကြပါသည်။ ရေနံလုပ်ငန်းနယ်ပယ်အသီးသီးအတွက် ကျွမ်းကျင်ပညာရှင် မွေးမြူမှုတွင်မူ အားနည်းခဲ့ဟန်ရှိပါသည်။ ရှားရှားပါးပါးရှိခဲ့သည့် ပညာရှင်များ၏ အကြံဉာဏ်ကောင်းများကို အသုံးမချခဲ့မှု၊ ပညာရှင်များအားထိုက်ထိုက်တန်တန် တာဝန်ပေးချီးမြှောက်ရန် ပျက်ကွက်ခဲ့မှု စသည့်အားနည်းချက်များကြောင့် ပညာရှင်များလည်း ပြည်ပထွက်ခွာသွားခဲ့ကြသည်မှာ ဝမ်းနည်းဖွယ်ဖြစ်ခဲ့ပါသည်။ ဤနေရာတွင် မြန်မာနိုင်ငံထက် ရေနံလုပ်ငန်းခေတ်နောက်ကျခဲ့သည့် မလေးရှားနှင့် ထိုင်းတို့သည် ယခုအခါ မြန်မာကိုကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ပါသည်။ မလေးရှားနိုင်ငံသည် ၁၉၇၄ ခုနှစ်က ပတ်ထရိုနပ်စ် (Petronas) နိုင်ငံပိုင်ကုမ္ပဏီကိုလည်းကောင်း၊ ထိုင်းနိုင်ငံသည် ၁၉၇၈ ခုနှစ်က ပီတီတီ (PTT) နိုင်ငံပိုင်ကုမ္ပဏီကိုလည်းကောင်း ထူထောင်နိုင်ခဲ့ပြီး ၎င်းတို့နိုင်ငံအလိုက်စွမ်းအင်လိုအပ်ချက်ကို တာဝန်ခံဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။ ဤနေရာတွင် မြန်မာတို့


**စာမျက်နှာ(၂၅)သို့**

AKE SI TAN
MONEY CHANGER
D-23, Aung Thapyay Road, Bayint Naung, Yangon
Tel: 680063, 682288

USA/Singapore နိုင်ငံတွင် Automation ပညာ လေ့လာပြီး နိုင်ငံခြားတွင် ဆယ်နှစ်ကျော် လုပ်ငန်းအတွေ့အကြုံရှိသော မြန်မာ Engineer မှ ကြီးမှူး၍ PLC (Programmable Logic Controller) သင်တန်း Workshop ကို (May 30 မှ June 01)တွင် ဖွင့်လှစ်မည်။
➢ပြည်တွင်း/ပြည်ပတွင် အလုပ်လုပ်မည့်သူများ
➢Automation လုပ်ငန်းရှင်များ
➢လက်တွေ့သင်တန်း(Practical Workshop)တက်ရန်ဖိတ်ခေါ်ပါသည်။
စုံစမ်းရန် (ဖုန်း) (09)217-3368
Website-www.maukwan.com/register

လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရ လူငယ်များအတွက် အခွင့်အလမ်းကောင်း
လျှပ်စစ်အင်ဂျင်နီယာဘွဲ့ရလူငယ်များအတွက် စွမ်းဆောင်ရည်မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ B.E (Electrical Power) ဘွဲ့ရကျောင်းဆင်းများအား Myanma Power Spectrum Co., Ltd. မှ လုပ်ငန်းခွင် လက်တွေ့သင်တန်း (on-the-Job Training) အမှတ်စဉ်(၂)ကို ဇွန်လတွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ သင်တန်းကာလမှာ (၄)လ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းကာလအတွင်း သင့်တင့်သောလစာနှင့် Ferry စီစဉ်ပေးမည်။ Training ပြီးဆုံးပါက သင်တန်းဆင်းလက်မှတ် ထုတ်ပေးမည်။ ကုမ္ပဏီတွင် ဆက်လက်အလုပ်လုပ်လိုပါက ညှိနှိုင်းခန့်ထားပေးမည်။ စိတ်ပါဝင်စားသူများ ကုမ္ပဏီသို့ (၃၁. ၅. ၂၀၁၃)နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။
လိုအပ်သည့်အရည်အချင်း
(၁) B.E (E.P) ဘွဲ့ရဖြစ်ရမည်။
(၂) အသက် (၂၂)နှစ်မှ (၂၆)နှစ်အတွင်း ဖြစ်ရမည်။
(၃) ရန်ကုန်တွင် နေထိုင်ရေးအတွက် မိမိအစီအစဉ်ဖြင့် နေထိုင်နိုင်သူဖြစ်ရမည်။
(အဆက်အသွယ်ရှိပါက ကုမ္ပဏီမှ ညှိနှိုင်းကူညီပေးမည်)
ဆက်သွယ်ရန် : Myanma Power Spectrum Company Limited
တိုက် (A/7) အခန်း(၁၀၂) ပထမထပ်၊ ရွှေကမ္ဘာအိမ်ယာ၊ မင်းဓမ္မလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel : 01-655261, 655262, 655263

7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013



# မပြီးသေးဘူးလား သြဇာသီးခိုးမှု

မောင်သာချို

(တစ်)

ကွယ်လွန်သူ စာရေးဆရာကြီး ဇေယျက "ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မွန်" ဟူ၍ ဆောင်းပါးတစ်ပုဒ်ရေးခဲ့ဖူးပါသည်။ ဆောင်းပါး၏ ဆိုလိုရင်းအကျဉ်းချုပ်မှာ ထူးခြား၍ ချွန်မွန်သော မြန်မာနိုင်ငံသားတို့၏ အတ္ထုပ္ပတ္တိကို စာအုပ်စာတမ်းများဖြင့် ခပ်များများပြုစုထားသင့်သည်။ သို့မှသာ နှောင်းခေတ်လူငယ်တို့ဖတ်ရှုမိရာက အားကျစိတ်များဖြစ်ပေါ်လာကာ လူချွန်လူမွန်တို့ပေါ်ထွန်းလာနိုင်သည်။ ကြီးပွားတိုးတက်ပြီးသော နိုင်ငံတိုင်း၌ အားကျဖွယ်ရာ ပုဂ္ဂိုလ်ထူးတို့၏ အတ္ထုပ္ပတ္တိများ အများအပြားထုတ်ဝေထားကြပြီးသား ဖြစ်သည် စသည်တို့ပင် ဖြစ်ပါသည်။

ဆရာဇေယျက ထိုဆောင်းပါးကို ရေးရင်းက 'အတ္ထုပ္ပတ္တိထူး" ဟူသည့် စာအုပ်ကလေးတစ်အုပ်အကြောင်းကိုလည်း မိတ်ဆက်ပေးပါသည်။ သူလမ်းဘေး တစ်နေရာကနေ အမှတ်မထင်ဝယ်ယူရရှိလိုက်သည့် စာအုပ်ကလေးတဲ့။ စုတ်စုတ်ပြတ်ပြတ်နှင့် ပုံနှိပ်ရာဇဝင်ပင်လျှင် ပြည့်ပြည့်စုံစုံ မပါရှိပါလေတော့တဲ့။

ဆရာဇေယျကထိုစာအုပ်ပါးပါး ကလေးထဲတွင် မြန်မာနိုင်ငံသားအားကျစရာ လူထူးလူဆန်းတို့၏ အကြောင်းကို ဖတ်ခွင့်ရသဖြင့် ဝမ်းသာအားရ ပြန်လည်ဖောက်သည်ချထားခဲ့လေရာ "ဗညားကျန်းတော"ဟူသည့် ဝန်ကြီးတစ်ပါး၏ အကြောင်းလည်း ပါဝင်ပါသည်။ သမိုင်းစစ်စစ်တော့ ဟုတ်ချင်မှ ဟုတ်ပါလိမ့်မည်။ ပါးစပ်ရာဇဝင်ဟုပဲ ထားလိုက်ပါလေတော့။

သည်လိုပါ။

(နှစ်)

မြန်မာနိုင်ငံ၌ တောင်ငူခေတ်လွန်သော်ညောင်ရမ်းခေတ်ဟူ၍ ရှိကြောင်း အများသိကြပြီးဖြစ်ပါသည်။ ထိုခေတ်၌သာလွန်မင်းဟူ၍ ရှိပါသည်။ ဗညားကျန်းတောဟူသည်မှာ ထိုသာလွန်မင်း၏ ဝန်ကြီးတွေထဲက တစ်ပါးပဲဖြစ်ပါသည်။ မှန်သည်ဟု ယူဆလျှင် ရဲရဲဝံ့ဝံ့ ပြောဆိုလုပ်ကိုင် ဆောင်ရွက်တတ်သောကြောင့် ဘုရင်ကပင် လေးစားရသော ဝန်ကြီးဖြစ်ပါသည်။

တစ်နေ့ နန်းတော်ထဲသို့ အမှုတစ်ခု ရောက်လာပါသည်။ သြဇာသီးခိုးမှုတဲ့။ သြဇာသီးခိုးစားထားသဖြင့် တိုင်ကြားရာမှ ထိုအမှုကို ရွာ၌စစ်ဆေးနေခဲ့ကြသည်မှာ နှစ်ပေါက်၍ပင် လာခဲ့ပါသည်တဲ့။ တရားလို၊ တရားခံ၊ သက်သေ စုံစုံညီညီ စစ်ချက်ယူရင်း ဟိုနေ့ချိန်း သည်နေ့ချိန်းနှင့် တော်တော်နှင့် ဆုံးဖြတ်ချက် မချနိုင်သဖြင့် မကျေမနပ် ဖြစ်ရာက နန်းတော်သို့ ရောက်လာသော အမှုဖြစ်ပါသည်။

ဤတွင်"ဗညားကျန်းတော" စီရင်ချက်ချလိုက်ပုံက"သေဒဏ်" ဟူသတည်း။ တစ်ယောက်တည်း မဟုတ် အမှုနှင့်ပတ်သက်သူ အားလုံးသေဒဏ်။ ဘုရင်က စီရင်ချက်ချသူ ဝန်ကြီးဗညားကျန်းတောကို ကြည့်ကာ တွန့်သွားပုံရပါသည်။ အကြောင်းရှိရမည်ဟု တွက်ဆမိပြီး နှစ်ကိုယ်ချင်းတွေ့တော့မှ ဗညားကျန်းတောကို မေးရမြန်းရပါသည်။ အဘယ့်ကြောင့် သေဒဏ်ရတာလဲဟူလို။ မပြင်းထန်လွန်းဘူးလားဟူလို။

ဗညားကျန်းတော ပြန်လည်တင်လျှောက်ပုံက ကြောက်လန့်တကြားဖြစ်သွားအောင် ဟူ၏။ သြဇာသီးခိုးမှုလောက်ကလေးမျှကိုပင်လျှင် ကိုယ့်ရပ်ကိုယ့်ရွာထဲ၌ပြီးပြတ်အောင် အမှုမစီရင်ခြင်း။ နှစ်ပေါက်သည်အထိ ထိုအမှုကို အချိန်ဆွဲထားခြင်း စသည်စသည်တို့ကြောင့် အမြင်ကတ်ကာ အမှုနှင့်ဆိုင်သူမှန်သမျှ သေဒဏ်ဟူ၍ တမင်တကာ စီရင်ချက်ချလိုက်ခြင်းဖြစ်ကြောင်း လျှောက်တင်သည်ဟု ဆိုပါသည်။

ဘာပဲဖြစ်ဖြစ် ဗညားကျန်းတောလုပ်ပုံကိုကျွန်တော်သဘောကျသွားပါသည်။ သြဇာသီးခိုးတဲ့ အမှုလောက်နဲ့ ရုံးရောက်၊ ဂတ်ရောက်တဲ့။ နှစ်ပေါက်တာတောင် စီရင်ချက် မချနိုင်ကြဘူးလားတဲ့။ မောင်မင်းတို့ ဆယ်အိမ်ခေါင်းတွေ၊ ရာအိမ်ခေါင်းတွေ၊ ကျေးရွာသူကြီးတွေ အကုန်လုံးသေဒဏ်။ တကယ်လုပ်တာ မလုပ်တာ အပထား။ စီရင်ချက်ကဖြင့် ကြက်သီးထချင်စရာကြီး။

အခုအချိန်မှာ ဗညားကျန်းတောရှိစေချင်ပါဘိ။

(သုံး)

ရှေ့နေလောက နောက်ခံစာပြောင်ကလေးတစ်ပုဒ် ဖတ်ဖူးပါသည်။

ဖခင်ရှေ့နေကြီးက အမှုတစ်ခုကို လိုက်ရင်းကသားကို ကျောင်းထားပေးခဲ့ရာ ထိုသားပင်လျှင် ဘွဲ့ရသွားပြီး မယားနှင့် သားနှင့် ဖြစ်လာခဲ့ပါသည်။ သို့သော် ဖခင်ရှေ့နေကြီးလိုက်နေသည့် အမှုကမူ မပြီးသေး။ သို့ဖြင့် ဖခင်ရှေ့နေကြီးက မိမိအသက်အရွယ်ရလာပြီဖြစ်သဖြင့် ထိုအမှုကို မိမိကဲ့သို့ပင် ရှေ့နေဖြစ်လာသည့် သားကိုလွှဲပေးပါသည်။

တစ်နေ့ ထိုသားတရားရုံးမှ ပြန်လာပါသည်။ ရွှင်လန်းလို့။ တက်ကြွလို့။ မြူးတူးလို့။ ဖခင်ကြီးက လှမ်းမေးသောအခါ အလွန်အမင်း ဂုဏ်ယူဟန်ဖြင့် အဖေ့တုန်းက စီရင်ချက် မချနိုင်တဲ့အမှု အခုဒီနေ့သား အပြတ်ဖြတ်ခဲ့ပြီ အဖေ ဟုဆိုလိုက်ရာ ဖခင်ရှေ့နေကြီးက ဒေါသထွက်လျက် သားကိုကြည့်ရင်း မင်းသားကို ဘွဲ့ရတဲ့အထိ ကျောင်းထားရဦးမှာကွ" ဟူလို။

တရားစီရင်ရေး၏ နှောင့်နှေးကြန့်ကြာနေပုံများ။

(လေး)

လူမျိုးတစ်မျိုးသည် တရားစီရင်ရေးတွင်မှ မဟုတ်၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးမည်သည့်အရေးတွင် မဆို ကြိုးနီစနစ်ကို ကျင့်သုံးကာ နှေးနှေးကွေးကွေး သွားနေလေသမျှ မည်သို့သော နေရာမှာမှ ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်လိမ့်မည် မဟုတ်ပါ။

ဗိုလ်ချုပ်အောင်ဆန်းက အဘက်ဘက်က နောက်ကျနေသော သူ့နိုင်ငံကိုကြည့်ကာ သူများတွေက ခြေတစ်လှမ်းလှမ်းရင် ကျုပ်တို့က လေးငါးဆယ်လှမ်းဟု မိန့်ခွန်းမြွက်ကြားခဲ့ဖူးပါသည်။

၁၉၆၀ တုန်းက သာမန်နိုင်ငံတစ်နိုင်ငံမျှသာဖြစ်သော တောင်ကိုရီးယားကို ဘာကြောင့် ယနေ့ကိုရီးယားဖြစ်လာရသလဲဟု မေးကြရာ အရေးကြီးသော အဖြေတစ်ခုကို ပေးကြပါသည်။

Sense of Urgency တဲ့။ ဆဲန့်အော့ဖ် အာဂျင်စီ။ အလျင်လိုစိတ်ဟု ဆိုကြပါစို့။ နှေးကွေး၊ လေးလံ၊ ထိုင်းမှိုင်း၊ အချိန်ဆွဲခြင်း၊ ရစ်ခြင်း၊ ညစ်ခြင်းတို့၏ဆန့်ကျင်ဘက်။

ကျွန်တော်တို့တွေမှ သည်စိတ်မျိုးရှိကြပါစေ။ ပညာရေးနောက်ကျနေတာကို ချက်ချင်းရှင်း။ လျှပ်စစ်မီး မလုံလောက်တာကို ချက်ချင်းရှင်း။ ဘတ်စ်ကားတွေ ကျပ်တည်းနေတာကို ချက်ချင်းရှင်း။ ငြိမ်းချမ်းရေးမရနိုင်တာကို ချက်ချင်းရှင်း။ နိုင်ငံကူးလက်မှတ်လာလျှောက်တာကို ချက်ချင်းရှင်း။ သစ်တောတွေ ပြုန်းတီးနေတာကို ချက်ချင်းရှင်း။ အလုပ်လက်မဲ့ဦးရေတိုးပွားနေတာကို ချက်ချင်းရှင်း။ တရားရုံးထဲက အမှုတွေကို ချက်ချင်းရှင်း။

သြော်. . ဗညားကျန်းတောကြီးရှိစေချင်လိုက်တာ။ သြဇာသီးခိုးမှု မပြီးသေးတာလည်း သေဒဏ်ပဲတဲ့။

ဒါမှ ကြောက်ကုန်ကြမှာ။

။ ။

## စာမျက်နှာ(၂၄) မြန်မာ့ရေနံ မှ

အားကျအတုယူသင့်သည့် ရေနံကုမ္ပဏီတစ်ခုအကြောင်း ဖော်ပြလိုပါသည်။ ၁၉၉၂ခုနှစ်က မြန်မာ့ကမ်းလွန်ရေနံလုပ်ငန်းကို လာရောက်လုပ်ကိုင်သည့် ပြင်သစ်ပိုင်တိုတယ် (Total)ကုမ္ပဏီသည် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကို မြန်မာတို့ နောင်တစ်ချိန် ဦးဆောင်နိုင်အောင် မြန်မာပညာရှင်များ စုဆောင်းလေ့ကျင့်ပေးခဲ့ပါသည်။ ရေနံလုပ်ငန်းတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်အောင်လုပ်ကိုင်နည်း၊ ဒေသခံကျေးရွာများနှင့် ရေနံပိုင်ရှင်နိုင်ငံ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများတွင် ပါဝင်ဆောင်ရွက်သည့် အလေ့အကျင့်စသည်တို့ကိုလည်း လက်တွေ့လမ်းပြပေးခဲ့ပါသည်။ ထို့အပြင် ကမ်းလွန်သဘာဝဓာတ် ငွေ့ကို ရန်ကုန်-မန္တလေးထိ ပိုက် လိုင်းသွယ်၍ စက်မှုလုပ်ငန်း၊ လယ်ယာလုပ်ငန်း၊ လျှပ်စစ်ဓာတ် အားပေးလုပ်ငန်းများ ဖွံ့ဖြိုးအောင် မြန်မာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် စီမံကိန်းကိုလည်း အဆိုပြုတင်ပြခဲ့ဖူးပါသည်။ သို့သော် အစိုးရဘက်က ထိုင်းနိုင်ငံသို့ဓာတ်ငွေ့ရောင်းချရေးကိုသာ ဦးစားပေးခဲ့ကြောင်းသိရပါသည်။

၂၁ ရာစုတွင် ရေပန်းစားလာသည့် စွမ်းအင်နှစ်မျိုးအကြောင်းကိုလည်း ဖော်ပြလိုပါသေးသည်။ ပထမတစ်မျိုးက ယှေလကျောက် (oil shale) မှဓာတ်ငွေ့ (shale gas) နှင့် ရေနံ (shale oil) ထုတ်ယူခြင်းဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စု၏ ဓာတ်ငွေ့ထုတ်လုပ်မှုတွင် ယင်းဓာတ်ငွေ့က(၄၀) ရာခိုင်နှုန်းပါဝင်ကြောင်းသိရပါသည်။ မြန်မာပြည်အောက်ပိုင်း မော်လမြိုင်ဒေသ မဲပလဲ၊ ဒေါနတောင်တန်းများတွင် ယှေလကျောက် သယံဇာတပေါကြွယ်ပြီး ရေနံနှင့် ဓာတ်ငွေ့နှစ်မျိုးလုံးကို ဆယ်စုနှစ်ပေါင်းများစွာ ထုတ်ယူနိုင်ခြေရှိကြောင်း သိရပါသည်။ နောက်တစ်မျိုးမှာ ပင်လယ်ရေအောက်ကြမ်းခင်းတွင် ဓာတ်ငွေ့ခိုအောင်းနေသည့် ရေခဲများဖြစ်ပါသည်။ မီသိန်းဟိုက်ဒရိတ် (Methanehydrate) ဟုခေါ်ပါသည်။ ယင်းဓာတ်ငွေ့အောင်း ရေခဲများသည် မြန်မာ-အိန္ဒိယရေပြင်နယ်နိမိတ် အောက်ခြေကြမ်းခင်းများတွင် ရှိနိုင်ကြောင်းသိရပါသည်။ ယင်းမီသိန်းဟိုက်ဒရိတ်ရေခဲများအား နှစ်ပေါင်းရာချီပြီး ထုတ်သုံးနိုင်သည့်ပမာဏကို ဂျပန်က သူ့နိုင်ငံအနီးအနားတွင် တွေ့ရှိထားကြောင်းသိရပါသည်။ အထက်တွင်ဖော်ပြခဲ့သည့်ယှေလကျောက်ကြောမှ ရေနံနှင့် ဓာတ်ငွေ့ထုတ်ယူခြင်းနှင့် ပင်လယ်အောက်မှ မီသိန်းဟိုက် ဒရိတ်ရေခဲထုတ်ယူခြင်းကိစ္စသည် အဆင့်မြင့် နည်းပညာများ ပါဝင်နေသဖြင့် နည်းပညာထိပ်တန်းစာရင်းဝင်နိုင်ငံအချို့ကသာ စွမ်းဆောင်နိုင်မည်ဖြစ်ပါသည်။ မြန်မာတို့လည်း ယူတတ်လျှင်ရနိုင်သော နည်းပညာများဖြစ်၍ ကြိုးစားသွားရမည်သာဖြစ်ပါသည်။

အချုပ်အားဖြင့် မြန်မာတို့သည် ရေနံနှင့်ပတ်သက်၍ ကမ္ဘာပေါ်တွင် တာထွက်စောခဲ့သော်လည်း ယနေ့ထိ ပန်းမဝင်နိုင်သေးကြောင်း တွေ့ရမည်ဖြစ်ပါသည်။ စီမံခန့်ခွဲမှုအားနည်းသည့် ခေတ်ကာလများတွင်မူ 'အိတ်ပေါက်နှင့် ဖားကောက်'ဆိုသလို နိုင်ငံတော်က ရင်းနှီးကုန်ကျခံခဲ့ရသလောက် အကျိုးမများဘဲ နစ်နာခဲ့ရသည်များပင် ရှိခဲ့ပါသည်။ ယခုအခါ ဝင်ငွေ နည်းပါးကြသော ပြည်သူအများစုသည် လျော်ကန်သင့်မြတ်မှုမရှိသေးသော စက်သုံးဆီဈေးနှုန်း ဖိစီးမှုဒဏ်ကို ခံစားနေရဆဲဖြစ်ပါသည်။ အခြေအနေအရပ်ရပ်ကို ပြန်လည်သုံးသပ်၍ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်နေ့စွဲဖြင့် နိုင်ငံတော်က ဖွဲ့စည်းပေးခဲ့သော 'တွင်းထွက်သယံဇာတ အရင်းအမြစ်တူးဖော်ရေး စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးဦးဆောင်ကော်မတီ'အနေနှင့် လက်ရှိရေနံပြဿနာပြေလည်အောင်နှင့် အနာဂတ်မြန်မာ့ရေနံတိုးတက်ဖွံ့ဖြိုးအောင် ခေတ်မီ နည်းလမ်းကောင်းများဖြင့် စွမ်းဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း ဖော်ပြအပ်ပါသည်။

ကျမ်းကိုးစာရင်း
(၁)မြန်မာ့စွယ်စုံကျမ်း၊ အတွဲ-၁၀၊ ၁၉၆၈
(၂) Chambers's Encyclopedia, Vol.X,1950
(၃)Myanmar Times Journal, Energy Spotlight, August, 2012
(၄) We are the Weather Makers by Time Flannery, USA, 2005

# Business

7 DAY NEWS JOURNAL

Vol.12, No.10 • MAY 15 , 2013


## မွေးမြူရေးနှင့် စိုက်ပျိုးရေးဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများ ဖြေလျှော့ရန် စတင်ဆွေးနွေး



မွေးမြူရေးဘဲများကိုတွေ့ရစဉ်

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ခန့်ထက်**

**ရန်ကုန်၊ မေ-၁၁**

ပြည်သူ့ဝန်ဆောင်မှုစွမ်းဆောင်ရည် ရန်ကုန်အကဲဖြတ်အဖွဲ့က ကုန်သွယ်ရေးကဏ္ဍများတွင် ဖြေလျှော့ရန် အကြံပြုခဲ့ပြီးနောက် မွေးမြူရေးနှင့် စိုက်ပျိုးရေးကဏ္ဍများတွင် ဆွေးနွေးမှုပြုလုပ်နေပြီဖြစ်ကြောင်း ယင်းအဖွဲ့ဝင်ဦးတင်မောင်သန်းက ပြောသည်။

"အခုလောလောဆယ် မွေးမြူရေးနဲ့ စိုက်ပျိုးရေးဘက်ကနေ ပြီးတော့ ဆွေးနွေးနေတယ်။ သူတို့ဘက်ကစပြီး ဆွေးနွေးတာပေါ့"ဟု ဦးတင်မောင်သန်းက ပြောသည်။ ယင်းအဖွဲ့သည် ယခင်က ကုန်သွယ်ရေးကများဖြစ်သော အကောက်ခွန်၊ ဘဏ်လုပ်ငန်း၊ ဆိပ်ကမ်းနှင့် လေဆိပ်လုပ်ငန်းများ စသည်တို့တွင် အကြံပြု၍ ဖြေလျှော့သင့်သည်များကို ဆွေးနွေးအကြံပြုခဲ့သည်။

ပြည်သူ့ဝန်ဆောင်မှု စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့ အစိုးရဌာနများနှင့်ပတ်သက်၍ အကြံပြုချက်များ၊ ဝေဖန်မှုများ၊ တိုင်ကြားစာများ ကူညီဖြေရှင်းပေးရန် နိုင်ငံတော်သမ္မတရုံးအမိန့်ဖြင့် ဖေဖော်ဝါရီလ ၂၂ က ဖွဲ့စည်းခဲ့သည်။ "အဓိကဖြေလျှော့ပြောင်းလဲခဲ့တာတွေကလည်း အဖွဲ့ကြောင့် မဟုတ်ပါဘူး။ ချိန်မွှမ်းမယ် ဆိုရင်တော့ ဖြေလျှော့မှုတွေ လုပ်ခဲ့တဲ့ဌာနတွေကို ချီးမွှမ်းရမှာပါ"ဟု အဖွဲ့ဝင် ဦးတင်မောင်သန်းက ပြောသည်။

"အကောက်ခွန်ကဏ္ဍ၊ ဆိပ်ကမ်းလုပ်ငန်းများစသော ကုန်သွယ်ရေးကဏ္ဍများတွင် ဖြေလျှော့မှုများပြုလုပ်ခဲ့သောကြောင့် လုပ်ငန်းစဉ်နှောင့်နှေးကြန့်ကြာမှု၊ အပိုငွေကြေး ကုန်ကျမှုများတွင် သက်သာမှုများရှိကြောင်း ပို့ကုန်၊ သွင်းကုန်ကိုယ်စားလှယ်တစ်ဦးက ပြောသည်။

ပြည်သူ့ဝန်ဆောင်မှုစွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့က အစိုးရဝန်ကြီးဌာနများနှင့်ပတ်သက်၍ တိုင်ကြားချက်များကို လက်ခံကာ သမ္မတရုံးသို့ တင်ပြပြီး အရေးယူဆောင်ရွက်မှုများကို ပြုလုပ်ရန် အကြံပြုလျက်ရှိသည်။

## စီးပွားရေးဖွံ့ဖြိုးစေရန် ဆောင်ရွက်မည့်အဖွဲ့အစည်းများကို ဗြိတိသျှသံရုံးထောက်ပံ့မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ-၁၁**

ပြည်တွင်းရှိ ကုန်သွယ်မှုအတားအဆီးများလျှော့ချရေးနှင့် စီးပွားရေးပတ်ဝန်းကျင် တိုးတက်ရေးအစီအစဉ်များဆောင်ရွက်မည့် မည်သည့်အဖွဲ့အစည်းကိုမဆို ဘဏ္ဍာရေးထောက်ပံ့သွားမည်ဖြစ်၍ စိတ်ဝင်စားသည့်အဖွဲ့အစည်းများ ဇွန်လ ၁၀ ရက်နောက်ဆုံးလျှောက်ထားနိုင်ကြောင်း ဗြိတိသျှသံရုံးက ကြေညာသည်။

နိုင်ငံတကာစီးပွားရေးစနစ်စည်းမျဉ်းများကိုအခြေခံ၍ လွတ်လပ်သောကုန်သွယ်မှု ထောက်ပံ့ပေးခြင်း၊ ပွင့်လင်းမြင်သာမှု၊ ဉာဏပစ္စည်းမူပိုင်ခွင့်တို့ကို မြှင့်တင်ခြင်း၊ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အားပေးသော မူဝါဒဖွံ့ဖြိုးတိုးတက်စေခြင်း၊ ဘဏ္ဍာရေးကဏ္ဍနှင့် အခြားစီးပွားရေးလုပ်ငန်းများကို ပြုပြင်ပြောင်းလဲခြင်း၊ ဈေးကွက်မြှင့်တင်ခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု ပံ့ပိုးခြင်း၊ မလိုအပ်သော စည်းမျဉ်းစည်းကမ်း ဝန်ထုပ်ဝန်ပိုးများကို လျှော့ချခြင်း၊ အစိုးရကဏ္ဍစွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ စီးပွားရေးနတ်ဝါ့ခ်နှင့် ပူးပေါင်းစီမံအုပ်ချုပ်မှုကို အားကောင်းစေခြင်း၊ လာဘ်ပေးလာဘ်ယူမှု၊ ခြစားမှုတို့ကို တိုက်ဖျက်ခြင်းနှင့် ကာကွယ်ခြင်းအစီအစဉ် လုပ်ငန်းနယ်ပယ်များကို ဦးစားပေးဆောင်ရွက်သွားမည်ဟု ဖော်ပြထားသည်။

"မြန်မာနိုင်ငံရဲ့ လတ်တလော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေက ကျွန်တော်တို့နယ်


**စာမျက်နှာ( ၂၈)သို့**


## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၀၂ | ၉၀၄ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၂၄ | ၇၃၆ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၁၆၆ | ၁၁၈၄ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၂၈. ၅ | ၂၈. ၄၂ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၃၆ | ၁၃၇ | ကျပ် |

၂၀၁၃ မေ ၁၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅၀၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၉၆ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၁. ၅၇ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၄၁၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၄. ၈၀ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၃၇ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၀၆. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၂. ၉၈၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၂၉. ၇၈ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၇၃၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၂၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၁. ၁၀ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၁၁ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၀. ၉၉၇၄ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၀၄၄ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၁ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၀. ၃၅၃ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၄၄၇. ၀၀ |
| ရေနံစိမ်း | စည် | ၁၀၃. ၇၃ |
| ငွေ | ၁ အောင်စ | ၂၃. ၈၄ |
| ကြေးနီ | ပေါင် | ၃၃၈. ၅၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၁ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ မေ ၁၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။




7DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

# ဒေါ်လာဈေးကျပ် ၉၁၀ ထိရောက်

**အောင်သူရ**

**ရန်ကုန်၊ မေ-၁၂**

အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာ ဆက်တိုက်ဈေးတက်နေပြီး မေလ ၁၁ ရက်တွင်အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၉၁၀ အထိအရောင်းအဝယ်ဖြစ်နေကြောင်း သတင်းရရှိသည်။ ကမ္ဘာ့ရွှေဈေးကျဆင်းသည့်ဂယက်ကြောင့် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်း စတင်မြင့်တက်လာနေပြီး ယခုကဲ့သို့ ဆက်တိုက်တက်လာခြင်းမှာ သက်ဆိုင်ရာတာဝန်ရှိသူများက ဈေးတက်လို၍ ဈေးဆွဲတင်ခြင်းဖြစ်နိုင်ကြောင်း ငွေကြေးကျွမ်းကျင်သူများက ခန့်မှန်းပြောဆိုကြသည်။

"လွှတ်တော်ဥက္ကဋ္ဌကလည်းပြောတယ်။ ပညာရှင်တွေလုပ်ငန်းရှင်တွေနဲ့ အသင်းအဖွဲ့တွေကလည်းတစ်ဒေါ်လာကိုတစ်ထောင်ဖြစ်ဖို့ ခဏခဏပြောလာနေတော့ အစိုးရက ဆွဲတင်တာဖြစ်ဖို့များတယ်"ဟု ငွေကြေးဆိုင်ရာကျွမ်းကျင်သူတစ်ဦးက သုံးသပ်သည်။

ထိုကဲ့သို့ အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်သည့်နှုန်း တက်လာသဖြင့် ထိုင်းဘတ်ငွေ၊ တရုတ်ယွမ်ငွေများနှင့် မြန်မာကျပ်ငွေပါ ဈေးတက်လာခဲ့သည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာလဲလှယ်သည့်နှုန်းမှာ တစ်ဒေါ်လာလျှင် ကျပ် ၁၀၀၀ ခန့်ဖြစ်သင့်သည်ဟု ပြီးခဲ့သည့် လွှတ်တော်အစည်းအဝေးတွင်ပြောကြားခဲ့သည်။

သင်္ကြန်မတိုင်မီကာလအထိ အမေရိကန်တစ်ဒေါ်လာလျှင် ကျပ် ၈၈၀ ဝန်းကျင်သာ အရောင်းအဝယ်ဖြစ်ခဲ့သည်။



*တရားဝင်ငွေလဲကောင်တာတစ်ခုတွင် ကန်ဒေါ်လာလဲလှယ်နေစဉ်* ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)




# ကျောက်မျက်ဓာတ်ခွဲခန်း နိုဝင်ဘာတွင် ဖွင့်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ မေ-၁၁**

ပြည်တွင်းရှိကျောက်မျက်ရတနာများ နိုင်ငံတကာဈေးကွက်တွင် ရောင်းရာ၌ ဈေးနှိမ်ခြင်းများ မခံရစေရန် ကျောက်မျက်ဓာတ်ခွဲခန်းဖွင့်၍ အရည်အသွေးစစ်ဆေးကာ အသိအမှတ်ပြုလက်မှတ်များ ပြုလုပ်ပေးတော့မည်ဖြစ်ကြောင်း ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ သတင်းရရှိသည်။

အဆိုပါဓာတ်ခွဲခန်းကို ယခုနှစ် နိုဝင်ဘာလတွင် ကမ္ဘာအေးဘုရားလမ်းရှိကျောက်မျက်ခန်းမ၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ကျောက်မျက်လုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး(၃)ဦးထွန်းလှအောင်က ပြောသည်။

"ဓာတ်ခွဲခန်းဖွင့်ပြီးရင်တော့ ဘယ်သူမဆိုလာစစ်လို့ရအောင် လုပ်ပေးသွားမယ်။ အရောင်းအဝယ်လုပ်တဲ့အချိန်မှာ သံသယရှိလို့ စစ်ချင်ရင် စစ်ပေးမယ်။ Certificate တွေလည်းထုတ်ပေးမယ်။ ခိုင်မာမှုရှိအောင်လုပ်ပေးတဲ့သဘောပဲပေါ့"ဟု ဦးထွန်းလှအောင်ကပြောသည်။

ယင်းဓာတ်ခွဲခန်းတွင် ကျောက်မျက်များ၏ အဆင့်အတန်းနှင့် အရည်အသွေးကို မှန်ကန်စွာ ဆုံးဖြတ်ပေးနိုင်သောပညာရှင်များကိုထားရှိမည်ဟုလည်း ၎င်းကဆိုသည်။

နိုင်ငံတကာနှင့် အရောင်းအဝယ်လုပ်သည့် ကျောက်မျက်လုပ်ငန်းရှင်များကိုသာမက ပြည်တွင်းလုပ်ငန်းရှင်အချင်းချင်း ရောင်းချသောကျောက်များကိုသံသယရှိ၍ စစ်ဆေးလိုပါကလည်း စစ်ဆေးမှုများ ပြုလုပ်ပေးသွားမည်ဟု ဆိုသည်။ စစ်ဆေးသည့်နှုန်းထားများမှာလည်း လက်ရှိပုဂ္ဂလိက ဓာတ်ခွဲခန်းများမှယူနေသော ဈေးနှုန်းများနှင့် ကွာခြားမှုမရှိဘဲ လက်မှတ်တစ်စောင်လျှင် ၁၀,၀၀၀ ကျပ်ဖြစ်သည်။ "ကျောက်မျက်က အတုတွေလည်းရှိတော့ တွင်းထွက်ဆိုတာမှန်မှန်ကန်ကန်ပြောရောင်းနိုင်ရင်တော့ ပိုကောင်းတာပေါ့။ ဒီမှာက ပညာရှင်လည်းနည်းတယ်။ အမှန်တကယ်တာဝန်ယူလက်မှတ်ထိုးပေးနိုင်တဲ့ နေရာရှိရင်တော့ အရောင်းအဝယ်လုပ်ရတာပိုအဆင်ပြေနိုင်တာပေါ့"ဟု ကျောက်မျက်လုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောသည်။

စာမျက်နှာ( ၂၇)

## စီးပွားရေးဖွံ့ဖြိုးစေရန် ဆောင်ရွက်မည့်အဖွဲ့အစည်းများကို ဗြိတိသျှသံရုံးထောက်ပံ့မည်မှ

ပယ်အားလုံးကို ပူးပေါင်းဆောင်ရွက်ဖို့ အခွင့်အလမ်းတွေပေးနေပါတယ်။ မြန်မာနိုင်ငံသားတွေ ကြွယ်ဝစေနိုင်မယ့် သဘာဝပတ်ဝန်းကျင်နဲ့ကိုက်ညီတဲ့၊ ရေရှည်တည်တံ့တဲ့ စီးပွားရေးဖွံ့ဖြိုးမှုတွေအတွက် ကူညီပံ့ပိုးပေးဖို့ယူကေက ဆန္ဒရှိပါတယ်။ ဒီလို ရည်မှန်းချက်တွေနဲ့ ကိုက်ညီမှုတွေရရှိအောင် ကူညီနိုင်မယ့် အဆိုပြုမှုတွေကို ကျွန်တော်တို့ လက်ခံသွားဖို့ မျှော်မှန်းထားပါတယ်"ဟု ဗြိတိသျှ သံအမတ် HE Andrew Heyn က ပြောသည်။

ဗြိတိသျှသံရုံးက ယင်းအစီအစဉ်ကို မကြာသေးမီက အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး အစိုးရ၊ လွှတ်တော်၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတူ ပွင့်လင်းမြင်သာမှု တည်ဆောက်ရေး၊ စည်းမျဉ်းစည်းကမ်းများတည်ငြိမ်ရေး၊ စီးပွားရေးမူဝါဒခိုင်မာရေးတို့အတွက် ဆောင်ရွက်နေကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013



# တောင်ကိုရီးယား၌ လင်းလက်နေသော အမှောင်ကမ္ဘာ

ကြည်နေမင်းဝင်း

ချမ်းသာကြွယ်ဝအင်အားကြီးသော အာရှစူပါနိုင်ငံတစ်နိုင်ငံ ဖြစ်သလို နည်းပညာများထွန်းကားရာ အမေရိကန်၏မဟာမိတ်လည်းဖြစ်သည့် တောင်ကိုရီးယားနိုင်ငံတွင် မဲမှောင်နက်ရှိုင်းသောလျှို့ဝှက်ချက်တစ်ခုရှိသည်။ နိုင်ငံ၏ တောက်ပြောင်နေ သည့်အပေါ်ယံ မျက်နှာပြင် အောက်နားမှာပင် လိင်ရောင်းဝယ်ဖောက်ကားမှုထွန်းကားနေခြင်း ဖြစ်သည်။

တရားမဝင်သော်လည်း တောင်ကိုရီးယားလိင်ရောင်းဝယ်မှုလုပ်ငန်းမှာ အလွန်အမင်းကြီးမားနေပြီဖြစ်ရာယင်းလုပ်ငန်းမှ နိုင်ငံ၏ နှစ်စဉ် ပြည်တွင်းစုစုပေါင်း ထုတ်ကုန်တန်ဖိုး (GDP) ၏ လေးရာခိုင်နှုန်းဖြည့်ဆည်းပေးနေသည်ဟု အစိုးရကပင် ဝန်ခံထားရသည်။ ယင်းပမာဏမှာ ငါးဖမ်းလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်း နှစ်ခုပေါင်းမှ ရရှိသောဝင်ငွေနှင့်ညီမျှပါသည်။

အမှန်တကယ်လည်းတောင်ကိုရီးယားတစ်နိုင်ငံလုံးတွင် လိင်လုပ်ငန်းရှိနေပါသည်။ ကော်ဖီဆိုင်များ၊ မိုတယ်၊ ဟိုတယ်၊ ဈေးဝယ်စင်တာများ၊ ဆံပင်ညှပ်ဆိုင်များ အမေရိကန်စစ်သားများ မကြာခဏသွားရောက်ရာ Juicy bars ဟုခေါ်ဆိုသောနေရာများ၊ ပေါ်ပေါ်ထင်ထင် လုပ်ကိုင်နေသော အနီရောင်ဆောင်ကြာမြိုင်များ စသဖြင့်။ ထို့အပြင် အင်တာနက်စကားပြောခန်း (Chat Room) များနှင့် ဟန်းဖုန်းများကလည်း ရည်မှန်းချက်ကြီးသော ပြည့်တန်ဆာများနှင့် ပြည့်တန်ဆာ ခေါင်းများအတွက် စီးပွားရေး လမ်းကြောင်းသစ်များ ဖွင့်လှစ်ပေး နေပါသည်။

တောင်ကိုရီးယားနိုင်ငံ၏ လိင်လုပ်ငန်းတွင် အမျိုးသမီးပေါင်း ငါးသိန်းခန့်ပါဝင်လုပ်ကိုင်နေသည်ဟုအစိုးရ၏ကျားမတန်းတူညီမျှ အခွင့်အရေးဝန်ကြီးဌာနက ခန့်မှန်းထားသော်လည်း ကိုရီးယားအမျိုးသမီး လှုပ်ရှားမှုအဖွဲ့ကမူ အမှန်တကယ် လုပ်ကိုင်နေသူ တစ်သန်းခန့်ရှိမည်ဟုဆိုသည်။ ယင်းမှာတောင်ကိုရီးယားအမျိုးသမီး ၂၅ ဦးတွင် တစ်ဦးမှာ ငွေကြေးအတွက် မိမိခန္ဓာကိုယ်ကိုရောင်းစားနေသည် ဆိုသော အဓိပ္ပာယ်ပင်ဖြစ်သည်။ အချို့သော ခန့်မှန်းချက်များကလည်း အသက် ၁၅ နှစ်နှင့် ၂၉ နှစ်ကြား တောင်ကိုရီးယား အမျိုးသမီးငါးပုံ တစ်ပုံသည် တစ်ချိန်မဟုတ်တစ်ချိန် လိင်လုပ်ငန်းတွင် အလုပ်လုပ်ခဲ့သည်ဟု ဆိုကြသည်။

လိင်ရောင်းဝယ်ရေးလုပ်ငန်းမှာ အလွန်ပင်ပွင့်လင်းလှပြီး မကြာခဏဆိုသလိုပင် လိင်လုပ်သားအမျိုးသမီးများက ၎င်းတို့လုပ်ငန်းအပေါ် အစိုးရ၏ တားဆီးသော ဥပဒေများကို မကျေနပ်ကြောင်း ဆန္ဒဖော်ထုတ်ကြသည်။ မိမိကိုယ်ကိုမီးရှို့ဆန္ဒပြသူများပင်ရှိသည်။

ထုံးစံအတိုင်း ဝယ်လိုအားမှာ မြင့်မားပါသည်။ အစိုးရကထူထောင်ထားသော ကိုရီးယားပြစ်မှုလုပ်ငန်းဆိုင်ရာ အင်စတီကျုဒ်၏ ခန့်မှန်း ချက်အရဆိုလျှင် အသက် ၂၀ ကျော် အမျိုးသားများသည် တစ်လလျှင် အနည်းဆုံး လေးကြိမ် လိင်လုပ်သားများနှင့် ပျော်ပါးကြသည် ဖြစ်ရာ ခန္ဓာကိုယ်ရောင်းဝယ် ဖောက်ကားသူများအတွက် အဆုံးမရှိသော ဈေးကွက်ကြီးရရှိထားခြင်းဖြစ်သည်။ ပို၍ဆိုးသည်မှာ တောင်ကိုရီးယား နိုင်ငံတွင် ကလေးသူငယ်နှင့် ဆယ်ကျော်သက် လိင်သမများ ပေါများနေခြင်း ဖြစ်သည်။

အယ်လ်ဂျာဇီးရား သတင်းဌာန သတင်းတစ်ခုအရ နှစ်စဉ် တောင်ကိုရီးယား လူငယ် ၂၀၀,၀၀၀ ခန့် နေအိမ်မှထွက်ပြေးနေကြပြီး ၎င်းတို့ထဲမှ အများစုမှာ လိင်လုပ်ငန်းထဲ ရောက်ရှိသွားသည်ဟု ဆိုးလ်မြို့ မြူနီစပယ် ထုတ်ပြန်ချက်ကို ကိုးကား၍ ဖော်ပြသည်။ အခြားစစ်တမ်း တစ်ခုတွင်လည်း အိမ်မှထွက်ပြေးသူ မိန်းကလေးထက်ဝက်ခန့်မှာ လိင်အလုပ်သမများ ဖြစ်လာကြသည်ဟု ဆိုသည်။

ယင်းကိန်းဂဏန်းများအားလုံးက တောင်ကိုရီးယား လူ့အဖွဲ့အစည်းမှာ အလုပ်ကြိုးစားသော၊ ထက်မြက်သော၊ စာကြိုးစားသော ကျောင်းသားများ၊ နည်းပညာရှင် အတတ်ပညာရှင်များ မွေးထုတ်ရာ နိုင်ငံဟူသောပုံရိပ်ကို လှောင်ပြောင်သရော်နေကြသည်။ သို့သော်လည်း ထိုသို့ပညာထူးချွန်ရေး နှင့် မိသားစုအရေးကိစ္စ ဖိအားများကြောင့်ပင် လူငယ်များကို လမ်းပေါ်ရောက်သွားစေခြင်း ဖြစ်ပါသည်။

“ကျွန်မခန္ဓာကိုယ်ကို ကျွန်မရောင်းစားတာဟာ မှားတယ်လို့ ကျွန်မရဲ့ ကျောင်းဆရာမတွေ အပါအဝင် ဘယ်သူကမှကျွန်မကို မပြောခဲ့ဘူး” ဟု ယူဂျာဟုခေါ်သော အိမ်ပြေးမလေးက အယ်လ်ဂျာဇီရာ ရုပ်သံအား ပြောပါသည်။ “တစ်ယောက်ယောက်က ပြောပြခဲ့ရင် ကောင်းမှာပဲလို့ ကျွန်တော် ဆုတောင်းတယ်။ တောင်ကိုရီးယားနိုင်ငံမှာ ဒါကိုမိန်းကလေးတွေကို ငယ်ငယ်လေးကတည်းက သင်ကြားပေးသင့်တယ်။ ဒါပေမဲ့ သူတို့မသင်ကြဘူး” ဟု ယူဂျာက ထပ်မံပြောပါသည်။

တောင်ကိုရီးယားနိုင်ငံတွင် ကလေးသူငယ်နှင့် ဆယ်ကျော်သက် လိင်လုပ်ငန်းရှိနေသည်သာမက တောင်ကိုရီးယားယောကျ်ားများသည်လည်း ဤကဲ့သို့သော တရားမဝင်လုပ်ငန်းကို အခြားတိုင်းပြည်များတွင် လုပ်ကိုင်နေကြသည်။ အထူးသဖြင့် အရှေ့တောင် အာရှနိုင်ငံများ၌ လုပ်ကိုင်နေကြကြောင်း ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်းနှင့်ဖိလစ်ပိုင်နိုင်ငံများ၌ ကောက်ယူခဲ့သော စစ်တမ်းများကို အခြေခံ၍ ကိုရီးယားပြစ်မှုဆိုင်ရာ အင်စတီကျုဒ် (Korean Institute of Criminology) က ပြောသည်။

“အရွယ်မရောက်သေးသော လိင်အလုပ်သမများ၊ ရဲအရာရှိများနှင့် လူ့အခွင့်အရေးအုပ်စုများ၏ ပြောကြားချက်များသာ မှန်ကန်သည်ဆိုပါက တောင်ကိုရီးယားနိုင်ငံသားများမှာ အာရှဒေသ၌ ကလေးသူငယ်လိင်လုပ်ငန်း၏ အကြီးမားဆုံး ဖောက်သည်များဖြစ်သည်” ဟူ၍ KIC ၏ အစီရင်ခံစာက ဆိုထားကြောင်း ကိုရီးယားတိုင်းမ်စ်သတင်းစာ၌ ဖော်ပြသည်။

“တောင်ကိုရီးယားနိုင်ငံအတွက် တကယ်ကိုရှက်စရာ ကောင်းတယ်” ဟု ဆိုးလ်မြို့အခြေစိုက် လိင်လုပ်ငန်းလူကုန်ကူးမှု ဆန့်ကျင်ရေးအဖွဲ့မှ ယွန်ဟီဂျွန်က ကိုရီးယားတိုင်းမ်စ်သတင်းစာအား ပြောကြားသည်။ “အွန်လိုင်းအစုအဝေး ဝက်ဘ်ဆိုက်တွေမှာ ကလေးသူငယ်တွေနဲ့ ဆက်ဆံခန့်နှုန်းထားတွေ၊ အကောင်းဆုံးနေရာတွေ အလွယ်တကူရှာဖွေနိုင်တယ်။ ဗီယက်နမ်မှာ ကမ္ဘောဒီးယားမှာ ဘယ်နေရာတွေမှာ ရနိုင်တယ် စသဖြင့် ကိုရီးယားလို ရေးထားတဲ့ လက်ကမ်းတွေ အွန်လိုင်းမှာ အများကြီးတွေ့နိုင်တယ်” ဟု ၎င်းက ဆက်ပြောပါသည်။

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ၂၀၀၈ ခုနှစ် လူကုန်ကူးမှု အစီရင်ခံစာတွင်လည်း အရှေ့တောင်အာရှနှင့် ပစိဖိတ်ကျွန်းနိုင်ငံများ၌ ကလေးသူငယ် လိင်လုပ်ငန်း လိုအပ်ချက် မြင့်တက်လာခြင်းအတွက် တောင်ကိုရီးယားကမ္ဘာလှည့်ခရီးသွားများအား အပြစ်တင်ထားသည်။ တောင်ကိုရီးယား မိန်းကလေးအများစုမှာလည်း ဂျပန်နိုင်ငံတွင် လူကုန်ကူးခံနေရပြီး အမေရိကန်နှင့် ဥရောပအထိပါ လူကုန်ကူးခံနေရသည်ဟု ကန်နိုင်ငံခြားရေးဝန်ကြီး အစီရင်ခံစာက ဆိုသည်။ တခြားတစ်ဖက်တွင်လည်း ဆင်းရဲသော အာရှနိုင်ငံများမှ အမျိုးသမီးအများအပြား အထူးသဖြင့် ဖိလစ်ပိုင်နိုင်ငံမှ အမျိုးသမီးများမှာ စားပွဲထိုးနှင့် ဖျော်ဖြေရေးလုပ်ငန်းတွင် လုပ်ကိုင်ရမည်ဟု အယုံသွင်းခံရပြီး တောင်ကိုရီးယားလိင်လုပ်ငန်းအတွင်း ရောက်ရှိသွားတတ်ကြသည်။

၂၀၁၂ ဇန်နဝါရီလတွင် တောင်ကိုရီးယား ရဲတပ်ဖွဲ့က ဆိုးလ်မြို့ရှိအဆင့်အတန်းမြင့်သော ဂန်းနမ်းရပ်ကွက်၌ ကိုးထပ်အဆောက်အအုံ ဆောင်ကြာမြိုင်တစ်ခုအား ဝင်ရောက်စီးနင်း ခဲ့ရာ လိင်အလုပ်သမ တစ်ရာထက်မနည်း အလုပ်လုပ်နေသည်ကို တွေ့ရှိခဲ့သည်။ ၎င်းတို့က စားပွဲထိုးအမည်ခံ၍ လုပ်ကိုင်နေ သော်လည်း တစ်ကြိမ် ဆက်ဆံမှုအတွက် ကန်ဒေါ်လာသုံးရာ အခကြေးငွေယူကြကြောင်း တောင်ကိုရီးယားမီဒီယာ သတင်းများက ဖော်ထုတ်ခဲ့သည်။


“အမျိုးသမီးတွေ ညှော်ခံတဲ့ အရက်ခန်းနဲ့ဟိုတယ်က အဆောက်အအုံတစ်ခုထဲမှာ တွဲနေတတ်တာ အထူးအဆန်းမဟုတ်ဘူး” ဟု ဆိုးလ်မြို့မှ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ကိုရီးယားတိုင်းမ်သတင်းစာအား ပြောပါသည်။

*—Ref: International Business Times*

7DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

## 7DAY BOOK REVIEW

### မိုက်ကယ်ရယ်၊ သော်တာဆွေရယ်၊ လူနာတစ်ယောက်ရယ်၊ ကျွန်တော်ရယ်




**(ဒေါက်တာစိုးလွင်)**

စာရေးအားကောင်းလှသည် ဆရာဝန် စာရေးဆရာ ဒေါက်တာစိုးလွင်၏ မိုက်ကယ်ရယ်၊ သော်တာဆွေရယ်၊ လူနာတစ်ယောက်ရယ်၊ ကျွန်တော်ရယ်စာအုပ်သည် ဆေးလောကတွင် တွေ့ကြုံခဲ့ရသည့် ဇာတ်လမ်းများကို ဝတ္ထုအသွင်ရေးဖွဲ့ထားခြင်းဖြစ်သည်။ ရေးဖွဲ့ထားသော ဇာတ်လမ်းများ၏ရသနှင့်ပေးလိုသောမက်ဆေ့ချ်မှာတစ်ခုနှင့်တစ်ခု မတူ ကွဲပြားစွာ ဖတ်ရှုခံစားနိုင်မည်ဖြစ်သည်။

မိုက်ကယ်ရယ်၊ သော်တာဆွေရယ်၊ လူနာတစ်ယောက်ရယ်၊ ကျွန်တော်ရယ်လို့ ဗေဒင်ဆရာကို ယုံကြည်မိ၍ ရောဂါဖြစ်ရသောလူနာတစ်ဦး အကြောင်း ခပ်ထွေထွေဝတ္ထုတို၊ ဆရာဝန်လေးဆက်လုပ်ခွင့်ပေးပါနော် စသည့် ပြုံးချင်စရာ ဝတ္ထုတိုများပါသည်။ နားကြပ်ကိုယ်စီ သစ္စာတည်ဝတ္ထုတိုတွင် ပါရှိသော ဆေးကျောင်းဆင်းစ ဆရာဝန်အသစ်စက်စက်တို့၏ စိတ်ဓာတ်၊ မိမိဇနီးသည် ရောဂါ ပြင်းထန်စွာ ခံစားနေရချိန်တွင် ဖုတ်ဝင်နေသည် ဟူသော ရှေးရိုးစွဲဖြင့် ပယောဂဆရာနှင့်ကုသခဲ့သော ဝမ်းနည်းဖွယ် ဆင်ခြင်စရာဝတ္ထုတိုများ၊ လွမ်းစရာ၊ သံဝေဂယူစရာ၊ ကြေကွဲစရာစသည့်ရသမျိုးစုံကိုယခုစာအုပ်တွင်စုံလင်စွာ ဖတ်ရှုရပါမည်။

စာအုပ်တွင် ဆေးလောက၊ ဆေးရုံအတွေ့အကြုံစုစုပေါင်း ၁၃ ပုဒ်ပါဝင်ပြီး စိုးဇင်စာပေကတန်ဖိုး ၃၅၀၀ကျပ်ဖြင့်ဖြန့်ချိသည်။

### သူပုန်ကျောင်းသားတစ်ဦးရဲ့ မာရသွန်ခရီး



**(ထက်အောင်ကျော်)**

ထက်အောင်ကျော် ရေးသားသော 'သူပုန်ကျောင်းသား'တစ်ဦးရဲ့မာရသွန်ခရီးဆိုသည့် စာအုပ်ထွက်ရှိလာသည်။ ထိုစာအုပ်မှာ မြန်မာနိုင်ငံ ပြင်ပတွင်ထုတ်ဝေခဲ့သည့်ရောဝတီမဂ္ဂဇင်းတွင် အပတ်စဉ်ဖော်ပြပါရှိခဲ့သော ဆောင်းပါး ၅၂ပုဒ်ကို ပြန်လည်စုစည်းထုတ်ဝေခြင်း ဖြစ်သည်။

ဤစာအုပ်မှာထက်အောင်ကျော်၏ ခက်ခဲကြမ်းတမ်းလှသည့် တောတွင်းဘဝဖြတ်သန်းမှု အခြေအနေများကို တိတိကျကျ စေ့စပ်သေချာစွာ မှတ်တမ်းတင်ထားသည့်စာအုပ်ဖြစ်ရာ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒ-ကျောင်းသားတပ်မတော်)၏ ရဲဘော်တစ်ယောက်အဖြစ် တော်လှန်ရေးတွင် ပါဝင်ဖြတ်သန်းခဲ့သည့် ဖြစ်ရပ်များ၊ မကဒအဖွဲ့ အစည်းပေါ် အမြင်သဘောထားများကို ထဲထဲဝင်ဝင် သိရှိနိုင်မည် ဖြစ်သည်။

"အရေးကြီးပြီ ညီနောင် အပေါင်းတို့ သွေးစည်းကာညီစေ ညီကြစို့ ငါတို့ရဲ့သမိုင်းတစ်ခေတ် ကိုငါတို့ သွေးနဲ့ရေးခဲ့ပြီ. . . သွေး သစ္စာလည်း ပြခဲ့ပြီ။ နိုင်ငံအတွက်ဆိုအသက်ကိုလည်း ဘာမထီ၊ သေပစေခွပ်ဒေါင်းသွေးဟေ့ ရဲရဲရှေ့ကိုချီ၊ လွတ်လပ်ခွင့်နဲ့ ငြိမ်းချမ်းရေးအတွက်ရည်၊ အဆုံးသတ်တိုက်ပွဲငါတို့နွှဲရမည်"ဟူသောထူးအိမ်သင်ရေးသည့်ကျောင်းသားသီချင်းကို စာအုပ်တစ်နေရာတွင် ဖော်ပြထားသည်။ Dawei Watch Publishing House က တန်ဖိုး ၅,၀၀၀ ကျပ်ဖြင့် ထုတ်ဝေသည်။

## Knowledge ဗဟုသုတ

### လက်ကိုင်အိတ်တွေ ဘယ်အချိန်က စသုံးခဲ့တာလဲ

အမျိုးသမီးတို့ ကိုင်ဆောင်နေကြသော လက်ကိုင်အိတ်ခေါ် ဟန်းဘတ်အိတ်များကို ငွေကြေးသာမက အခြားလိုအပ်သည့် အသုံးအဆောင်ပစ္စည်းများထည့်သွင်းနိုင်သည့် လက်ဖြင့် အလွယ်တတူယူဆောင်သွားနိုင်သည့်အရာအဖြစ်လူသိများကြသည်။ အမေရိကန်အင်္ဂလိပ်စကားတွင် ဟန်းဘတ်အိတ်HandBagဟူသောစကားကို Purseဟူသောစကားဖြင့် အဓိပ္ပာယ်တူသုံးလေ့ရှိသည်။ လက်ကိုင်အိတ်များပေါ်လာသည်မှာ ၁၉၀၀ ပြည့်နှစ်များအစောပိုင်း၊ နှစ်ဆယ်ရာစုကာလအစပိုင်းတွင်ဖြစ်သည်။ ရှေးက urseဟုခေါ်သော အိတ်များကိုဥရောပသားတို့ သုံးကြသည်မှာ အကြွေစေ့များထည့်ရန်သာဖြစ်သည်။ ထိုအိတ်များကို အမျိုးသမီးများသာမက အမျိုးသားများပါ ကိုင်ကြသည်။


ခေတ်သစ်အသုံးဖြစ်သော Purse,Clutch,Pouch or handbag ဟူသော အသုံးမှာ အင်္ဂလန်တွင်စက်မှုတော်လှန်ရေးကာလအတွင်း၌ တွေ့လာရသည်။ ၁၈၄၁တွင် ဒွန်ကတ်စတာမှ စက်မှုလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဆန်မြူရယ်ပါကင်ဆန်သည် ၎င်း၏ ဇနီးဖြစ်သူ ခရီးသွားရာတွင် အသုံးပြုနိုင်ရန်အတွက် ထိုစဉ်က သုံးနေသောအိတ်များနှင့်မတူသည့် အိတ်များကို အထူးမှာယူချုပ်လုပ်ပြီး သုံးခဲ့ရာ လက်ကိုင်အိတ်အသုံးပြုမှု တွင်ကျယ်လာသည်။ ယနေ့ခေတ်တွင် သုံးသော တန်ဖိုးကြီးလက်ကိုင်အိတ်များ၏ ရှေ့ပြေးအိတ်များကို လန်ဒန်မှ အိတ်ချုပ်၊ ဂျေ၊ ကေ့ဗ်ဆိုသူက နောက်ပိုင်း၁၈၆၅တွင် စတင်ဖြန့်ချိရောင်းချခဲ့သည်။ ယခုအခါ ၎င်းအိတ်များကို အမ်စတာဒမ်ရှိ လက်ကိုင်အိတ်ပြတိုက်တွင် ခင်းကျင်းပြသထားသည်။

—Ref:Wiki

## တစ်ပတ်တာကံကြမ္မာ


မေ ၁၅ ရက်မှ မေ ၂၁ ရက်အထိ

စံဇာကိုဘို




### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

မိမိရည်ရွယ်ချက်၊ ရည်မှန်းချက်များ ဖြစ်မြောက်အောင်မြင်မည်။ ငွေကြေးကံကောင်းမည်။ အလုပ်စီးပွားကံကောင်းမည်။ အလိုပြည့်မည်။ အပြိုင်အဆိုင်အတိုက်အခံများကြားမှ တိုးတက်မှုများရရှိမည်။ ပြတ်တောက်နေသော အဆက်အသွယ်ဟောင်းများနှင့် ပြန်လည်ချိတ်ဆက်မိမည်။ ငယ်ရွယ်သူများ မေတ္တာရေးစန်းအထူးပွင့်သည်။ ၅၂၈၊ ၁၅၀၀ မေတ္တာကံ (၂)မျိုးစလုံးကောင်းသည်။



### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

သစ္စာမဲ့သောသူများ စကားမတည်ကြည်သောသူများနှင့် တွေ့မည်။ နောက်ဆုံးအခြေအနေကို ရောက်မှကပ်၍ ဒုက္ခပေးသူများနှင့် တွေ့မည်။ စကားရွှန်းရွှန်းဝေအောင်ပြောပြီး လက်တွေ့ပိုင်းတွင်ပြောသလောက်မဟုတ်သောသူများနှင့် တွေ့ရမည်။ ကိုယ်ပိုင်လည်း သတိရှိရမည်။ စိတ်အနှောင့်အယှက်များဖြစ်ပေါ်တတ်သည်။ မူလတစ်ကြိမ်မှ မဖြစ်ဖူးသော ပြဿနာများဖြေရှင်းရမည်။




### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

ဘက်စုံတိုးတက်မည်။ ခက်ခဲသော ကိစ္စများဖြေရှင်းအဆင်ပြေမည်။ ငွေကြေးကံကောင်းမည်။ အလုပ်အကြံအောင်မည်။ စိတ်ကူးသစ်များလက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ယခုကာလအတွင်း စတင်လိုက်သော ကိစ္စမှန်သမျှ အလွန်အဆင်ပြေမည်။ ရန်အခက်အခဲများကျော်လွှားရန်ကောင်းသည်။ ကိုယ်ပိုင်အရည်အချင်းများပေါ် လွင်ထင်ရှားနေမည်။ ရည်မှန်းချက်များအထူးအောင်မြင်မည်။



### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

သတိရှိရမည်။ အန္တရာယ်အနှောင့်အယှက်များဝန်းရံနေသည်။ ပေါ့ဆ၍မရ။ တစ်ချက်မှားသည်နှင့် များစွာ နစ်နာရမည့်ကိန်းနှင့် ကြုံနေသည်။ မနာလို အပြိုင်အတိုက်အခံများဝန်းရံနေသည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်ရတတ်သည်။ မိခင်၊ အကြီးအကဲ၊ အမျိုးသမီးတို့တွင် ဝမ်းနည်းကြေကွဲစရာတစ်ခုခုနှင့် ကြုံတွေ့တတ်သည်။ မျက်ရည်ကျရမည့်ကာလဖြစ်သည်။




### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

မိတ်ဆွေအကြီးအကဲများထံမှ ကောင်းသော အထောက်အကူများရရှိမည်။ မိသားစုတွင် အလုပ်မရှိသူ အလုပ်ရ၍ အလုပ်ရှိသူထပ်ဆင့်အလုပ်တိုးတက်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ နေရာအပြောင်းအလဲနှင့် တိုးတက်မည်။ အရပ်ဝေးမှ ငွေကြေးလက်ခံရရှိမည်။ မြုပ်နှံမှုအကြီးစားများမပြုသင့်။ မြုပ်နေ သောငွေများပြန်ပေါ် မည်။ မေတ္တာရေး ကံကောင်းနေမည်။ စိတ်ချမ်းမြေ့ရမည်။



### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ပျိုရွယ်သူများအဖို့ ချစ်သူနှင့် ပေါင်းဖက်ခြင်း၊ ပျော်ရွှင်ခြင်းများ ကြုံရမည်။ ဘေးစကား၊ သွေးသားအနှောင့်အယှက်အနည်းငယ်ရှိသည်။ ပညာနှင့် ပတ်သက်သောအကျိုးကောင်းခံစားရမည်။ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်၍ အောင်မြင်မှုများရရှိမည်။ အလှူမင်္ဂလာကိစ္စများ ကြုံမည်။ အစာအိမ်ဝမ်းဗိုက်ဂရုစိုက်ရမည်။ အဆင်အမြစ်ကိုက်ခဲတတ်သည်။ စိတ်ပင်ပန်း၊ လူပင်ပန်းဖြစ်မည်။




### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အလွန်သတိထားရမည်။ စိတ်အနှောင့်အယှက်များသည်။ ရန်အတိုက်အခံကြုံမည်။ စိတ်ပင်ပန်းမှုကြောင့်ကျန်းမာရေးဂရုစိုက်ရမည်။ လူယုံထား၍မရ။ ယာဉ်ကားမောင်းမှု လမ်းဖြတ်မှုများတွင် သတိရှိပါ။ အမှားအယွင်းမရှိအောင်နေပါ။ အစာအိမ်၊ ဝမ်းဗိုက်နှင့် ပတ်သက်သော ရောဂါဝေဒနာများဖြစ်တတ်သည်။ ဆီး၊ ကျောက်ကပ်ဂရုစိုက်ပါ။



### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ကံအထူးကောင်းသည်။ အလုပ်အကြံအစည်များအောင်မြင်မည်။ ပညာရှာသူများအဖို့ သာမန်ထက်ပိုသော၊ အောင်မြင်မှုကိုရရှိမည်။ လုပ်ငန်းခွင်အတွင်းမှသူများအဖော်အပေါင်းများနှင့် ခရီးသွားရကိန်းကြုံမည်။ ဆက်ဆံရသောသူပြောင်းလဲမည်။ ထင်းရှားသော တိုးတက်မှုများရရှိမည်။ မိသားစုတွင် ဆက်ဆံရသောဝန်းကျင်အတွင်း ကောင်းသောအပြောင်းအလဲကြုံမည်။




### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

လိုရာအောင်မြင်မည်။ ကံမြင့်မားမည်။ ဘဝတက်လမ်းပွင့်မည်။ ခက်ခဲသည့်ပြဿနာများပြေလည်အောင် ဖြေရှင်းနိုင်မည်။ စိတ်ချမ်းမြေ့ရမည်။ အရွေးရခက်အောင်အခွင့်အရေး (၂)ခုပေါ်မည်။ သူတစ်ပါးထက်သာအောင် ဆောင်ရွက်နိုင်မည်။ လက်လွှတ်ထားသော ရပိုင်ခွင့်များပြန်ရမည်။ ခက်ခဲသည့် ပြဿနာများဖြေရှင်းနိုင်မည်ဖြစ်သည်။




### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

ဘက်စုံကောင်းသည်။ စိတ်ကူးရည်ရွယ်ထားသည်များ အောင်မြင်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ ကာလအတန်ကြာ စိတ်ရှုပ်နေသည်များကို ပြေလည်အောင်ဖြေရှင်းနိုင်မည်။ ပိတ်နေသော လမ်းကြောင်းများပြန်ပွင့်မည်။ မိသားစုတွင် လုပ်ငန်းမရှိသူ လုပ်ငန်းရ၍ လုပ်ငန်းရှိသူ ထပ်ဆင့်လုပ်ငန်းတိုးတက်မည်။ အလိုရှိရာ ဆောင်ရွက်အဆင်ပြေမည်။



### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

မိမိရည်မှန်းထားသည်များ လက်တွေ့ဆောင်ရွက်ရန် အခါကောင်းကြုံသည်။ အတတ်ပညာနှင့် ပတ်သက်၍ အထူးကောင်းသည်။ စိတ်ကူး ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် အထူးသင့်တော်သည်။ ဥစ္စာဓနစီးပွားရေးများတွင် တိုးတက်ခြင်း လိုရာပြည့်စုံခြင်းများရှိမည်။ စီးပွားရေးလမ်းကြောင်းတွင် ထူးထူးခြားခြားအောင်မြင်မည်။



### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ဘက်စုံကောင်းသည်။ လိုရာအောင်မြင်နိုင်သော ကာလဖြစ်သည်။ ရည်ရွယ်ချက်၊ ရည်မှန်းချက်များအားလုံး အဆင်ပြေသွားမည်။ နာမည်အောင်မြင်မှုများရခြင်း၊ အလုပ်ကိစ္စအောင်မြင်ခြင်းများကို ကြုံတွေ့ရမည်။ သူတစ်ပါးကြောင့် မိမိတွင် စိတ်ရှုပ်စရာအနည်းငယ် ကြုံတွေ့လင့်ကစား အဆုံးတွင် အောင်မြင်မည်။

7Day News Journal
Vol.12, No.10 • MAY 15 , 2013

စာမျက်နှာ(၂၃)မှ

# ရှမ်းပြည်နယ် ပြန်လည်ထူထောင်ရေးကောင်စီ RCSS/ SSA ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရွက်ဆစ် နှင့် တွေ့ဆုံခြင်း

**ထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် ဘယ်လိုအဆင့်တွေ ဆက်ပြီးဆောင်ရွက်ရဦးမယ်လို့ ထင်ပါသလဲ။**

ထာဝရငြိမ်းချမ်းရေးရဖို့အတွက်အပြန်အလှန်ယုံကြည်မှုတွေတည်ဆောက်ဖို့လိုအပ်ပါတယ်။ ပြည်သူတွေရဲ့ စိတ်ဓာတ်နဲ့ စိတ်ထားတွေကို အစိုးရကပြန်လည်ကုသပေးဖို့လိုပါတယ်။ အပြန်အလှန်မကြာခဏဆိုသလို တွေ့ဆုံဆွေးနွေးကြဖို့ လိုပါတယ်။ အပြန်အလှန်တွေ့ဆုံဆွေးနွေးခြင်းသာ ထာဝရငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

**အစိုးရရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရရော အခြားတိုင်းပြည်တွေမှာရှိတဲ့ စနစ်အရရော တိုင်းပြည်တစ်ပြည်မှာ စစ်တပ်တစ်တပ် ပဲရှိရပါမယ်။ အဲဒါကိုရော ဘယ်လိုသဘောရပါသလဲ။**

စနစ်အရရောတိုင်းပြည်တစ်ပြည်မှာ စစ်တပ်တစ်တပ်ပဲရှိရပါမယ်ဆိုတာဟုတ်ပါပြီ။ပြည်ထောင်စု မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးစုပေါင်းစုံရဲ့ ပြည်တွေနဲ့ အခြေခံပြီး ပြည်ထောင်စုတည်ထောင်ထားခြင်းကြောင့် တပ်မတော်မှာလည်း တိုင်းရင်းသားတပ်တွေပါဝင်ဖို့ လိုအပ်ပါတယ်။ ပြည်နယ်နဲ့ တိုင်းတွေရဲ့ လုံခြုံရေးကိုသက်ဆိုင်ရာပြည်နယ်နဲ့တိုင်းတွေမှာရှိတဲ့ တိုင်းရင်းသားတပ်တွေက လုံခြုံရေးယူဖို့ လိုအပ်ပါတယ်။ ဗမာလူမျိုးတစ်မျိုးတည်းပုံစံ သဘောမျိုးမဟုတ်တဲ့တပ်မတော်ဖြစ်ဖို့လိုပါတယ်။ စစ်သံရုံး၊ တိုက်ခိုက်ရေးတပ်ရဲ့ စစ်ဦးစီးမှူးတွေ၊ ကာကွယ်ရေးဝန်ကြီးစတဲ့ နေရာတွေမှာ အရည်အချင်းပြည့်ဝတဲ့ တိုင်းရင်းသားတွေလည်း ပါဝင်ပိုင်ခွင့်ရှိဖို့ လိုအပ်သလို ပါဝင်ပိုင်ခွင့်ရှိမှသာပြည်ထောင်စုတပ်မတော်စစ်မှာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားမှာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိန့်ခွန်းပြောကြားရာမှာ တိုင်းရင်းသားတပ်တွေလည်းထားရှိဖို့လိုအပ်တယ်ဆိုတာ မှန်ကန်ကြောင်း ထောက်ခံလိုပါတယ်။ ဒါပေမဲ့တပ်နေရာချထားပုံနဲ့ဖွဲ့စည်းပုံတွေကို ပြန်လည်ဆွေးနွေးကြဖို့လိုပါတယ်။ တိုင်းရင်းသားတပ်တွေကိုနယ်မြေ စောင့်တပ်၊ နယ်ခြားစောင့်တပ် (HGF, BGF) လောက်ထားတဲ့ ပုံစံမျိုးတော့ မဖြစ်သင့်ပါဘူး။ တိုင်းရင်းသားတပ်ဆိုတာပြည်သူလူထုကအသိအမှတ်ပြုတဲ့ တပ်မျိုးသာဖြစ်ပါတယ်။

**ရှမ်းပြည်ထဲမှာလည်းလူမျိုးစုလက်နက်ကိုင်တပ်တွေအများကြီးရှိတဲ့အပေါ်ရော နောက်ပိုင်းဘယ်လိုဖြေရှင်းမယ်လို့ ရည်ရွယ်ထားပါသလဲ။**

ရှမ်းပြည်ထဲမှာ တိုင်းရင်းသားလက်နက်ကိုင်တပ်တွေ အများကြီးရှိပါတယ်။ သူတို့တစ်တွေလိုအပ်တဲ့ အခွင့်အရေးတွေကို ပေးနိုင်မယ်ဆိုရင် ဖြေရှင်းနိုင်ပါတယ်။ သူတို့တစ်တွေအားလုံးလက်နက်ဆွဲကိုင်ပြီး တော်လှန်နေတာ။ သူတို့ကိုယ်ပိုင်အခွင့်အရေးရရှိဖို့တိုက်ပွဲဝင်နေကြတာပါ။ တွေ့ဆုံဆွေးနွေးဖို့ အခွင့်အလမ်းမရနိုင်ခဲ့လို့လက်နက်ဆွဲကိုင်ပြီး မိမိတိုင်းရင်းသားတွေကို ကာကွယ်နေကြခြင်းဖြစ်ပါတယ်။ မေတ္တာတရားသာလျှင် ပြဿနာတွေကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ အထက်စီးကနေပြီး ပြဿနာဖြေရှင်းမယ်ဆိုရင် ငြိမ်းချမ်းရေးရနိုင်မှာမဟုတ်ပါဘူး။

**လက်ရှိရှမ်းပြည်ထဲမှာ အရပ်သားနိုင်ငံရေးပါတီနှစ်ခု ရှိပါတယ်။ အဲဒီပါတီနှစ်ခုပေါ်မှာရော ဘယ်လိုမြင်ပါသလဲ။**

ရှမ်းပြည်က ရှမ်းပါတီနှစ်ပါတီ။ ဒီမိုကရေစီ အခွင့်အရေးအရနဲ့ပြောမယ်ဆိုရင် ဘယ်နှပါတီရှိရှိပါ။ ဘာမှမဖြစ်ပါဘူး။ ဒါပေမဲ့ပါတီတွေဟာ အမျိုးသားရေးကိစ္စမှာသွားပြီးအဟန့်အတားတွေ မဖြစ်ကြဖို့အရေးကြီးပါတယ်။ ပါတီဆိုတာ ပြည်သူတွေရဲ့ထောက်ခံအားပေးမှုအပေါ်မူတည်ပါတယ်။ ပြည်သူလူထုကထောက်ခံအားပေးမယ်ဆိုရင် ခိုင်မြဲနေမှာပါ။

RCSS/SSA **ပေါ်မှာ ဒေသခံတွေရဲ့ယုံကြည်လေးစားမှုအတိုင်းအတာ ဘယ်လောက်ရနေပြီလို့ ထင်ပါသလဲ။**

RCSS/SSA ဟာ ပြည်သူတွေအပေါ်အခြေခံပြီး အုတ်မြစ်ချတည်ထောင်ခဲ့တာပါ။ ပြည်သူတွေရဲ့ထောက်ခံမှုမရရင်ရပ်တည်နေနိုင်မှာမဟုတ်ပါဘူး။ ကျွန်တော်တို့နှစ်ပေါင်းရှည်ကြာတိုက်ပွဲဝင်ခဲ့ပါတယ်။ စစ်တပ်က ဖြတ်လေးဖြတ် (4cut) သုံးပြီးချေမှုန်းခဲ့ဖူးပါတယ်။ ကျွန်တော်တို့ ရပ်တည်နေနိုင်တာ၊ အင်အားတွေပြည့်ဝလာတာ ပြည်သူတွေရဲ့ထောက်ခံမှုကြောင့်ပါ။

**အခုလျှောက်နေတဲ့ ငြိမ်းချမ်းရေးလမ်းကြောင်းကရော နောက်ပြန်ဆုတ်သွားနိုင်ပါသလား။နောက်ပြန်ဆုတ်သွားမယ်ဆိုရင် ဘယ်လိုဆိုးကျိုးတွေဖြစ်လာနိုင်ပါသလဲ။**

သမ္မတဦးသိန်းစိန်ဦးဆောင်ပြီး လုပ်ဆောင်နေတဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ ပြဿနာတွေ ဖြေရှင်းနိုင်ဖို့အတွက် လမ်းမှန်ကိုရောက်နေပါပြီ။ မှန်မှန်ကန်ကန်နဲ့တစိုက်မတ်မတ် လုပ်ဆောင်သွားဖို့ပဲလိုပါတယ်။ နှုတ်ကဘုရား ဘုရားတနေပြီး လုပ်ရပ်မှာ မတရားခဲ့ဘူးဆိုရင်လည်း ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်တွေမှာလည်း အောင်မြင်မှုရနိုင်မှာမဟုတ်ပါဘူး။ မိမိတို့RCSS/ SSA အနေနဲ့ငြိမ်းချမ်းရေးလမ်းစဉ်ပေါ်မှာရပ်တည်ပြီး နိုင်ငံရေးပြဿနာတွေကိုနိုင်ငံရေးနည်းလမ်းနဲ့ပဲ ဖြေရှင်းသွားမှာပါ။ မိမိတို့အနေနဲ့လည်း ထုတ်ပြန်ကြေညာချက်ထုတ်ပြီးဖြစ်ပါတယ်။ စစ်ရေးနည်းလမ်းနဲ့ အင်အားသုံးတဲ့နည်းလမ်းဟာ နောက်ဆုံးအဆင့်မတတ်နိုင်တဲ့ အဆုံးမှာတော့ မိမိကိုယ်မိမိကာကွယ်ဖို့အတွက် အသုံးပြုမှာပါ။ စစ်ရေးနဲ့ ပြဿနာဖြေရှင်းတာမျိုး လုပ်ဆောင်မှာမဟုတ်ပါဘူး။ ဒါပေမဲ့တစ်ဖက်ကဖိအားပေးအကျပ်ကိုင်နေရင်တော့မိမိကိုယ်မိမိ ကာကွယ်ဖို့အသင့်ရှိထားပါတယ်။ ကျားမျိုးဆိုတာ မေတ္တာတရားထားပြီး ပေါင်းသင်းရင် အန္တရာယ်မပြုတတ်ပါဘူး။ သူ့မှာလည်း အပြန်အလှန်မေတ္တာတရားဆိုတာရှိပါတယ်။ ဒါပေမဲ့ သူ့ကိုအန္တရာယ်ပြုမယ့်သူအပေါ်လည်း ညှာတာထားမှာ မဟုတ်ပါဘူး။

**ကေအိုင်အေနဲ့ အစိုးရငြိမ်းချမ်းရေး ဆွေးနွေးပွဲတွေမှာရော လေ့လာသူအနေနဲ့ တက်ရောက်ဖို့ အစီအစဉ်ရှိပါသလား။**

ကေအိုင်အိုနဲ့အစိုးရတို့ဆွေးနွေးတဲ့ ဆွေးနွေးပွဲမှာ ကေအိုင်အိုဘက်ကသက်သေအဖြစ်၊လေ့လာသူအဖြစ် တက်ရောက်ဖို့ဖိတ်ကြားတာက တစ်ပိုင်းတစ်ဖက်မှာလည်း ကေအိုင်အိုနဲ့ မိမိတို့ဟာ ဘဝတူတွေဖြစ်ကြတဲ့အတွက် တိုင်းရင်းသားအချင်းချင်း ရိုင်းပင်းကူညီလိုတဲ့ စိတ်ထား၊ အားပေးလိုတဲ့စိတ်ထားနဲ့ တက်ရောက်ခြင်းဖြစ်ပါတယ်။

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေအပေါ် အစိုးရရဲ့ ဆက်ဆံမှုကို မျှတတယ်လို့ ထင်ပါသလား။**

တပ်မတော်နဲ့အစိုးရက တိုင်းရင်းသားလက်နက်ကိုင်တပ်တွေအပေါ် ဆက်သွယ်ဆက်ဆံမှုတွေမှာ တရားမျှတဖို့၊ တူညီဖို့လိုပါတယ်။ ဒါပေမဲ့ အခုအချိန်ထိ မိမိတို့အနေနဲ့ အသိအမှတ် အပြည့်အဝမပေးနိုင်သေးသလို ယုံကြည်မှုလည်း အပြည့်အဝမရှိသေးပါဘူး။ တပ်မတော်အပိုင်းကိုကြည့်မယ်ဆိုရင် တိုင်းရင်းသားလက်နက်ကိုင်တပ်တွေကို ခွဲခြားဆက်ဆံနေတာတွေတွေ့ရပါမယ်။ အဖွဲ့အစည်းတစ်ခုကို အားပေးအားမြှောက်လုပ်ထားပြီးအခြား တစ်ဖွဲ့ကိုသွားဝင်တိုက်နေတာတွေ့နေရပါတယ်။ သူတို့အနေနဲ့ တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုကို မလိုတဲ့သဘောမျိုးဆောင်နေပါတယ်။ တရားမျှတမှုအတွက်ကတော့ ထပ်ပြီး စောင့်ကြည့်ဖို့လိုနေပါသေးတယ်။

**တခြားထပ်ဖြည့်စွက်ပြောလိုတာရှိလည်း ပြောပြပေးပါ။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတဦးသိန်းစိန် ဒီမိုကရေစီတံခါးကိုဖွင့်လှစ်လိုက်တာ အင်မတန်မှဂုဏ်ယူဝမ်းမြောက်ပါတယ်။ သမ္မတလုပ်ဆောင်နေတဲ့ ငြိမ်းချမ်းလုပ်ငန်းစဉ်သာ နိုင်ငံတော်ကြီးတိုးတက်အောင် ပြုပြင်ပြောင်းလဲနိုင်မှာဖြစ်ပါတယ်။ ဒါပေမဲ့ဘေးပတ်ဝန်းကျင်(အနီကပ်လူ)နဲ့ မေတ္တာတရားမရှိတဲ့သူတွေရဲ့ အဖျက်လုပ်ငန်းတွေကိုလည်း သတိထားဖို့လိုအပ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားတောင်မှ ဒေဝဒတ်ရဲ့ဖျက်ဆီးခြင်းကိုခံခဲ့ရဖူးပါတယ်။ ဒါပေမဲ့ မိမိတို့အနေနဲ့ စေတနာကောင်းရှိမယ်၊ ဝှက်ဖဲ မထားဘဲ ပြည်သူလူထုအတွက် ကောင်းမွန်တဲ့ရည်မှန်းချက်ရှိနေမယ်ဆိုရင် အရာရာအားလုံးကိုကျော်ဖြတ်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

ပြည်သူလူထုအနေနှင့် မိမိကိုယ်ပိုင်အခွင့်အရေးများကို တောင်းဆိုဖို့လိုပါပြီ။ ပြည်တွင်းစစ်ဒဏ်ကိုခံခဲ့ရသည်မှာ နှစ်ပေါင်း ၆၀ ရှိခဲ့ပါပြီ။ အမှောင်တွင်းမှာကျနေခဲ့ရတာ ရာစုထက်ဝက်ကျော်ခဲ့ပါပြီ။ ယခုအခါ အမှောင်တွင်းမှာ အလင်းတံခါးစတင်ဖွင့်နေပါပြီ။ မိမိကိုယ်ပိုင်အခွင့်အရေးတွေနဲ့မိမိရဲ့လူနေမှုဘဝမြှင့်တင်ဖို့ လွတ်လပ်စွာကြိုးစားဆောင်ရွက်သွားဖို့ တိုက်တွန်းလိုပါတယ်။ အားလုံးကို မင်္ဂလာပါခင်ဗျာ။

စာမျက်နှာ(၅)မှ

# နေညိုညိုဘဝထဲက မလှပသော ပုံရိပ်များ

ဒေါနစစ်ဆင်ရေးအတွက်ထောက်ပံ့ပစ္စည်းများ သိမ်းဆည်းထားသောသိုလှောင်ရုံကိုကေအင်န်ယူက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့သည်။ သိုလှောင်ရုံအတွင်းရှိလောင်စာဆီများကိုပါမီးစွဲလောင်ခဲ့ရာ Foam Truck များ မရှိသေးသည့်အချိန်ဖြစ်၍ရှိသည့် ကားများဖြင့်ခက်ခက်ခဲခဲ မီးငြိမ်းသတ်ခဲ့ရသည်။ မီးသတ်ကား ခြောက်စီးဖြင့် ရေလုံးချင်း ဆိုင်ပက်ကာ သိုလှောင်ရုံ၏အပေါ်တွင် ရေမှုန်ရေမွှားများပြန်ကျစေလျက် အောက်စီဂျင်ပြတ်တောက်အောင် လုပ်သည့်နည်းဖြင့် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ရုပ်ရှင်ဆန်လှသည့် တကယ့်စွန့်စားခန်းပင်။

ကလေးမြို့မီးသတ်ဦးစီးဌာနသို့ဦးစီးအရာရှိအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့်အချိန်တွင် ၈၈ အရေးအခင်းနှင့် ကြုံရလေသည်။ ထိုစဉ်က ကလေးမြို့ရှိ ခလရ(၈၉)တပ်ရင်း၏ တပ်ရင်းမှူး မှာ ယခုနိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ပင် ဖြစ်သည်။ ကလေးမြို့ ၈၈ အရေးအခင်းကလည်း မီးသတ်ဝန်ထမ်းဘဝ အမှတ်တရပင်ဖြစ်သည်။ တစ်နိုင်ငံလုံးလိုလို မဆလအစိုးရကို ဆန္ဒပြမှုတွေဖြစ်လာတော့ ကလေးမြို့မှာလည်း လှုပ်လှုပ် လှုပ်လှုပ် ဖြစ်လာသည်။ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ တာဝန်ပေးချက်အရ ဆန္ဒပြသူများကို မီးသတ်ဦးစီးဌာနက မီးသတ်ပိုက်နှင့်ပက်ကာ ဖြိုခွဲရန် ဖြစ်သည်။ ထိုစဉ် ဆန္ဒပြလူထုအတွင်း ကောလာဟလတစ်ခု ပျံ့သွားသည်။ မီးသတ်ကားထဲက ရေထဲမှာ အက်ဆစ်ပါသည်ဟု။ ဆန္ဒပြလူထုက မီးသတ်စခန်းကို လာဝိုင်းတော့သည်။ ထိုအခါ ဦးခင်မောင်တို့ မိသားစုနှင့်တကွ မီးသတ်ရဲဘော်တွေပါ မီးသတ်ကားထဲကရေကို သောက်ပြရသည်။ သည်တော့မှ ဆန္ဒပြလူထုလည်း လူစုခွဲကာပြန်ကြလေသည်။ မီးသတ်စခန်းတစ်ခုလုံးလည်း "ဟင်း"ချနိုင်လေတော့သည်။

ဦးခင်မောင် အသက် (၆၀) ပြည့်၍ အငြိမ်းစားယူချိန်၌ ဝန်ထမ်းလုပ်သက် ၄၂ နှစ်ရှိခဲ့သည်။ နိုင်ငံ့ဝန်ထမ်းအဖြစ် ပေးအပ်သမျှတာဝန်ကို ကျေပွန်စွာ ထမ်းရွက်ခဲ့သည်။ အသက်အန္တရာယ်ပင် ကြုံခဲ့ရသည့်အခါများလည်း ရှိသည်။ ပင်စင်ယူချိန်တွင် ရရှိသည့်လုပ်သက်ဆုငွေက ကျပ်တစ်သိန်းရှစ်သောင်းမျှသာ။ မိသားစုပါးစပ်ပေါက်တွေကများသဖြင့် ဝန်ထမ်းဘဝတွင်လည်း ငွေပိုငွေလျှံရယ်လို့မရှိခဲ့။ ယခုအငြိမ်းစား ယူလိုက်ပြီမို့ ဌာနကပေးထားသည့် အိမ်တွင်လည်း နေခွင့်မရှိတော့။ ဦးခင်မောင်၏ ဝန်ထမ်းဘဝနေဝင်ချိန်က အကျည်းတန်လွန်းလှသည်။ တော်ပါသေး၏။ သမီးနှင့်သမက်တို့မှာ ကိုယ်ပိုင်ခြံကလေးနှင့် သုံးပင်နှစ်ခန်း ပျဉ်ထောင်အိမ်ကလေး ပိုင်ဆိုင်ထားသဖြင့်သာ ဦးခင်မောင်တို့ ဇရာအိုဇနီးမောင်နှံ နှစ်ယောက် အခြေမပျက်ခဲ့ခြင်းဖြစ်လေသည်။မဟုတ်လျှင် ရရှိသည့် လုပ်သက်ဆုငွေကျပ်တစ်သိန်းရှစ်သောင်းနှင့် မြေလည်း ဝယ်မရ၊ အိမ်လည်း ဝယ်မရနှင့် အိမ်ငှားဘဝနှင့် နေရမည့် အခြေအနေဖြစ်လေသည်။

သူတို့မီးသတ်ဦးစီးဌာနမှ အချို့သော ဦးစီးအရာရှိများ၏ ဘဝက တရားကျစရာကောင်းလှသည်။ ပင်စင်ယူပြီးချိန်မှာ အလုပ်အကိုင်သာမက နေစရာဘုံပါ ပျောက်သွားတတ်သည်။ အနားယူပြီမို့ ဌာနပိုင်အိမ်တွင်လည်း နေခွင့်မရှိတော့။ ဝန်ထမ်းဘဝတွင်လည်း ရသည့် လခလေးက ဝမ်းဝရုံတောင် မှန်ကြည့်စားရသည့် အခြေအနေဆိုတော့ အာဏာပါဝါတွေ၊ လုပ်ပိုင်ခွင့်တွေနှင့် အောက်ဆိုက်ဝင်ငွေ ဖန်တီးနိုင်သည့် အရာရှိများလိုလည်း ပင်စင်ယူချိန်အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်မထားနိုင်တော့ သူတို့တစ်တွေ၏ ပင်စင်ယူချိန်ဇာတ်သိမ်းခန်းများက ရုပ်ပျက်ဆင်းပျက်နိုင်လှသည်။

အချို့ ဦးစီးအရာရှိများကတော့ ပင်စင်မယူမီမှာ သားသမီးတစ်ယောက်ယောက်ကို မီးသတ်ဌာနထဲသွင်းကာ လိုင်းခန်းရအောင် ယူထားရသည်။ သို့မှသာ ပင်စင်ယူပြီးချိန်၌ သားသမီးများ၏ လိုင်းခန်းသို့ အခြေမပျက်လိုက်နေနိုင်ကြမည် ဖြစ်လေသည်။ ထိုသို့မဟုတ်ဘဲ ကိုယ့်သားသမီးက ဌာနထဲမှာ မရှိခဲ့လျှင် ပြင်ပမှာ အိမ်ပိုင်၊ မြေပိုင်ရှိသူများအဖို့မည်သို့မျှအခြေအနေမပျက်သော်လည်း အိမ်ပိုင်၊ မြေပိုင်မရှိသည့် ပင်စင်စား အရာရှိအိုကြီးများကား ဆင်းရဲခြင်းလောကဓံကို ကြံ့ကြံ့ခံရင်း ဘဝနေဝင်ချိန်ကို ပင်ပန်းကြီးစွာ ဖြတ်သန်းရလေသည်။

ဦးခင်မောင်၏ စိတ်တို့က အတိတ်မှသည် ပစ္စုပ္ပန်သို့ ပြန်ရောက်လာချိန်မှာတော့ မျက်လုံးအိမ်၌ မျက်ရည်ကြည်တို့ဝေ့သီနေလေသည်။ တီဗီဖန်သားပြင်ဆီသို့ ပြန်လည်အာရုံပြုမိချိန်မှာတော့ မီးသတ်တပ်ဖွဲ့နေ့ သရုပ်ပြမြင်ကွင်းများက ပင်စင်စားအရာရှိအိုကြီးကိုလှောင်ပြောင်နေသယောင်။

# Environment

7DAY NEWS JOURNAL

Vol.12, No.10 • MAY 15 , 2013


## မြန်မာ–တရုတ်ဓာတ်ငွေ့ ပိုက်လိုင်း သဘာဝပတ်ဝန်းကျင် ထိခိုက်၊ မထိခိုက် အငြင်းပွား

**အိဖြူမွန်**

**ရန်ကုန်၊ မေ- ၁၀**

မြန်မာ-တရုတ်ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းစီမံကိန်းသည် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများရှိခဲ့သည်ဟု ပြောဆိုနေကြသော်လည်း စီမံကိန်းအကောင်အထည်ဖော်သည့် ကုမ္ပဏီက ကောက်ယူထားသော သဘာဝပတ်ဝန်းကျင် ထိခိုက်မှုစစ်တမ်းအရ ထိခိုက်မှုမရှိသည့်စီမံကိန်းဖြစ်ကြောင်း အရှေ့တောင်အာရှရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့မှ ဥက္ကဋ္ဌမစ္စတာလီကျန်ယွင်းက ပြောသည်။

သဘာဝပတ်ဝန်းကျင်နှင့် ညီညွတ်မှုရှိသော စီမံကိန်းဖြစ်ပြီး မြေအောက်တွင်လည်းညစ်ညမ်းမှုထုတ်လွှတ်ခြင်းမရှိဘဲ အဆက်မပြတ်လည်ပတ်နိုင်သည့် စီမံကိန်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံရှိသဘာဝပတ်ဝန်းကျင် ထိခိုက်မှုစစ်တမ်းအတွက် IEM (International Environment Management) Equator Principles နှင့် The World Bank Guildlines ဟူသော အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများအတိုင်း လုပ်ငန်းများ၏ ပတ်ဝန်းကျင်လွှမ်းမိုးမှုကို အကဲဖြတ်ကာ စာတမ်းရေးသား ပြုစုခဲ့ခြင်းဖြစ်သည်ဟု ကုမ္ပဏီကထုတ်ပြန်လိုက်သည်။



*ဓာတ်ငွေ့ပိုက်လိုင်း စီမံကိန်းတစ်နေရာ*

ဓာတ်ပုံ - အောင်သူရ

ထိုသို့ ကုမ္ပဏီက ပြောကြားသော်လည်း ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် စတင်ဖောက်လုပ်သည့်ဂတ်စ်ပိုက်လိုင်း တည်ဆောက်မှုတွင်လိုအပ်သော ဆောက်လုပ်ရေး လုပ်ငန်းသုံး ကျောက်များအတွက် ကျောက်တောင်များကို ထုခွဲခြင်းများရှိခဲ့ကြောင်း၊ ရေနံပိုက်လိုင်း စတင်သည့် မဒေးကျွန်း (မြဒေးကျွန်း) ဒေသရှိပင်လယ်ပြင်တွင်ကျောက်တုံးများပင်လယ်ပြင်တွင်းသို့ပို့ချမှုကြောင့် သန္တာကျောက်တန်းများ ပျက်စီးခြင်း၊ ငါးများဖမ်းဆီးရရှိမှု လျော့နည်းလာခြင်းတို့ကိုကြုံတွေ့ခဲ့ရကြောင်း စသည့်ပတ်ဝန်းကျင်ရေးရာ ထိခိုက်မှုများကို ရခိုင်ပြည်နယ်ရှိ ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီက ပြောသည်။

ယင်းပိုက်လိုင်းသည်ရခိုင်ရိုးမနှင့် ရှမ်းရိုးမ တောင်တန်းကိုဖြတ်သန်းရသောကြောင့် သစ်တောများ ထိခိုက်မှုရှိကြောင်း မကွေးမြို့နယ် ငဖဲကျေးရွာအနီးရှိ အစုအဖွဲ့ပိုင် သစ်တောများ၊ ဝန်ကြီးဌာနပိုင် သစ်တောများလည်း စီမံကိန်းဧရိယာထဲတွင် ပါဝင်သောကြောင့်လုံးဝထိခိုက်မှုမရှိသည်မှာ မှားယွင်းသော ထုတ်ပြန်ချက်သာဖြစ်ကြောင်း ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီက ဆိုသည်။

"ဒါဟာ လက်တွေ့အဖြစ်အပျက်တွေကို ပြောင်ပြောင်းနေတယ်လို့ ယူဆပါတယ်။ မျက်ကွယ်ပြုလိုက်တာပါ" ဟု ပိုက်လိုင်းစောင့်ကြည့်ရေး ကော်မတီ မန္တလေးအခြေစိုက် ကိုတင်သစ်က ပြောသည်။

ကုမ္ပဏီက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်းကောက်ယူမှုနှင့် လူမှုစီးပွားရေးထိခိုက်မှုစစ်တမ်း ကောက်ယူခဲ့သည်ဟု ဆိုသော်လည်း ဒေသခံများ မသိရှိခဲ့ကြောင်း၊ အမှန်တကယ် ကောက်ယူပြီးဆိုပါက ကောက်ယူထားသည့် စစ်တမ်းကို အများပြည်သူအား ချပြရန်လိုအပ်ကြောင်း၊ မည်သည့်ထိခိုက်မှုမျှ မရှိဟုဆိုသည်မှာ မျက်ကွယ်ပြုငြင်းဆိုခြင်းသာဖြစ်ကြောင်း အထက်ပါပုဂ္ဂိုလ်က ပြောသည်။

ပိုက်လိုင်းအသုံးပြုပို့ဆောင်ခြင်းကြောင့် အခြားနည်းလမ်းထက် စွန့်ပစ်ရေ၊ ဓာတ်ငွေ့နှင့် အညစ်အကြေးများကို မဖြစ်ပေါ်စေဘဲ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်အညီ ဆောင်ရွက်ထားသော လုပ်ငန်းဖြစ်ကြောင်း စစ်တမ်းများကို မြန်မာအစိုးရနှင့် အခြားပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများကို ပေးပို့ထားပြီးဖြစ်ကြောင်း၊ စစ်တမ်းများကို မြန်မာအစိုးရနှင့် အခြားပူးပေါင်းဆောင်ရွက်သည့် ကုမ္ပဏီများကို ပေးပို့ထားပြီးဖြစ်ကြောင်း ကုမ္ပဏီက ဆိုသည်။

## ကမ္ဘာ့ပတ်ဝန်းကျင်နေ့ အထိမ်းအမှတ်အကြို လူငယ်များ တွေ့ဆုံ

**ခိုင်ခိုင်စိုး**

**ရန်ကုန်၊ မေ- ၁၀**

ဇွန်လ ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အကြို လူငယ်များ တွေ့ဆုံပွဲကို မှော်ဘီမြို့ရှိ ဗေတိုခြံတွင် ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့တွင်မြန်မာနိုင်ငံရှိလူငယ်များမှပတ်ဝန်းကျင်ထိန်းသိမ်းရေး လှုပ်ရှားမှုများ လုပ်ဆောင်ရန် အကြိုညှိနှိုင်းဆွေးနွေးခဲ့ကြပြီး အခြားသောသူများမှလည်း ပတ်ဝန်းကျင်ပျက်စီးမှုများကိုပိုမိုသတိပြုမိစေရန်ရည်ရွယ်၍ လုပ်ဆောင်ခြင်းဖြစ်ကြောင်း ဂေဟာဟိတမှ ကိုသာဇင်ဦးကပြောသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများလုပ်ဆောင်နေသည့် လူငယ်များ တက်ရောက်ခဲ့သည်။

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ လှုပ်ရှားမှုအဖြစ် စက်ဘီးစီးခြင်း၊လမ်းလျှောက်ခြင်း၊ အမှိုက်ကောက်ခြင်းစသည့် လှုပ်ရှားမှုများကို ၂၀၁၂ တွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ဆောင်သူ လူငယ်များက လုပ်ဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

## အင်းလေးကန်တွင် ရေပြင်ရိုက်ငါးဖမ်းဆီးခြင်း တားမြစ်

**အိဖြူမွန်၊ သန်းဌေး**

**ရန်ကုန်၊ မေ- ၁၀**

ဒေသခံများ အင်းလေးကန်ရေပြင်ကိုရိုက်၍ ငါးဖမ်းခြင်းသည် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိသောကြောင့် မဖမ်းဆီးရန် သက်ဆိုင်ရာအာဏာပိုင်များက တားမြစ်လိုက်ကြောင်း အင်းလေးကန်ဒေသမှ သတင်းရရှိသည်။

ကန်ရေပြင်ကိုရိုက်ပြီးငါးဖမ်းခြင်းကြောင့်ဆောင်းခိုငှက်အများဆုံးလာရောက်ရာအင်းလေးဒေသတွင်ငှက်များကိုအနှောင့်အယှက်ဖြစ်စေကြောင်း၊ ဆောင်းခိုငှက်များ လာရောက်မှုကို ထိခိုက်နိုင်သောကြောင့် တားမြစ်ပေးရန် ငါးလုပ်ငန်း ဦးစီးဌာန၊ ငါးလုပ်ငန်းအဖွဲ့ချုပ်သို့ တင်ပြရာမှ ယခုကဲ့သို့ ဖမ်းဆီးမှုမပြုလုပ်ရန် သက်ဆိုင်ရာ တောင်ကြီးမြို့ရှိ ငါးလုပ်ငန်းဦးစီးဌာနက တားမြစ်ခဲ့ ခြင်းဖြစ်သည်ဟု သတင်းရရှိသည်။

အင်းလေးကန်သည် အာဆီယံထိန်းသိမ်းရေး အမွေအနှစ်စာရင်းတွင် ပါဝင်သော သဘာဝဘေးမဲ့တောကြီးဖြစ်သောကြောင့် ဘေးမဲ့တောဧရိယာအတွင်း ယခုကဲ့သို့သဘာဝကိုထိခိုက်စေသော ငါးဖမ်း ခြင်းအပါအဝင် တစ်နိုင်တစ်ပိုင် ငါးဖမ်းခြင်းမှလွဲပြီး ငါးလေလံပစ်ခြင်းများ ရုပ်သိမ်းပေးရန် လိုအပ်ကြောင်း အင်းလေးကန်ထိန်းသိမ်း ရေးလုပ်ဆောင်နေသူ အင်းစာပေယဉ်ကျေးမှုအဖွဲ့မှ ဦးသာဒိုးက ပြောသည်။

"အင်းတော်ကြီးကန်တောင် ငါးလေလံပစ်တာ ရုပ်သိမ်းထားတယ်။ အင်းလေးကန်လည်း အဲဒီလိုလုပ်သင့်တယ်။ ကန်ရေပြင်ငါးရိုက်ဖမ်းတာကြောင့် ငှက်တွေကို လွယ်လွယ်ကူကူ မတွေ့ရတော့ဘူး" ဟု ပြောပြီး တစ်ဆက်တည်းမှာပင်ငါးလေလံပစ်ခြင်းကိုပါ ရုတ်သိမ်းပေးရန် လိုအပ်ကြောင်း ဦးသာဒိုးက ပြောသည်။

ကန်ရေပြင်ကိုရိုက်ကာ ငါးဖမ်းခြင်းသည် မိရိုးဖလာငါးဖမ်းခြင်းဖြစ်သောကြောင့် ခွင့်ပြုရန်သင့်ကြောင်း၊ ၁၉၉၁ ရေချိုငါးလုပ်ငန်းဥပဒေတွင် စည်းကမ်းမဲ့ဘက်ထရီလျှော့တိုက်ခြင်းမှလွဲပြီး တခြားငါးဖမ်းခြင်းများကို ခွင့်ပြုထားကြောင်းရှမ်းပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးမြတ်မင်းစိုးက သဘောမတူညီသည့် အကြောင်းကို ငါးလုပ်ငန်း နှစ်ပတ်လည်အစည်းအဝေးတွင် ပြောကြားခဲ့သည်။



*အချို့က ရေပြင်ရိုက်ငါးဖမ်းခြင်းမှာ မိရိုးဖလာငါးဖမ်းနည်းဖြစ်သဖြင့် ခွင့်ပြုသင့်ကြောင်း ပြောကြသည်*

ဓာတ်ပုံ - အေးမြကျော်




# Tourism

7 DAY NEWS JOURNAL

Vol.12, No.10 • MAY 15 , 2013


## ပုဂံ၊ အင်းလေးဒေသဟိုတယ်များ မိုးကာလအခန်းခ ဈေးလျှော့မည်

**အောင်သူရ၊ ငြိမ်းချမ်း**

**ရန်ကုန်၊ မေ-၁၀**

ကမ္ဘာလှည့်ခရီးသွားများ အများဆုံး လာရောက်သော ပုဂံနှင့်အင်းလေးဒေသရှိဟိုတယ်များ မိုးတွင်းကာလတွင် အခန်းခများ ဈေးလျှော့ချမည်ဖြစ်ကြောင်း ဟိုတယ်လုပ်ငန်းရှင်များက ပြောသည်။

ယဉ်ကျေးမှု အမွေအနှစ်များရှိသော ပုဂံနှင့် အင်းလေးဒေသတို့တွင် ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ် မတ်လအထိ တစ်နေ့လျှင် ကမ္ဘာလှည့်ခရီးသွား ၁,၀၀၀ ဝန်းကျင် လာရောက်ပြီး ယခုမေလအတွင်း၌ သိသိသာသာ လျော့နည်းသွားကာ တစ်နေ့လျှင် ကမ္ဘာလှည့်ခရီးသွား ၂၀၀ ဝန်းကျင်သာ လာရောက်ကြောင်း ခရီးသွားလုပ်ငန်းများမှ သတင်းရရှိသည်။

"ဧည့်သည်တွေက တော်တော်ကိုပါးသွားတာ။ အခုကစပြီး တစ်မိုးတွင်းလုံး ဈေးလျှော့ယူမှာပါ။ အရင်ကဒေါ်လာ ၁၂၀ အခန်းကို အခု ၈၀ ပဲယူတော့မယ်"ဟု ပုဂံ သံတဲဟိုတယ် လက်ထောက်မန်နေဂျာ မလှလှမြင့်က ပြောကြားသည်။

မိုးတွင်းကာလတွင် ကမ္ဘာလှည့်ခရီးသွားဧည့်သည် အလာနည်းသောကြောင့် လာသမျှ ဧည့်သည်ကို အရခေါ်ယူ၍ ဟိုတယ်အခန်းခများ ဈေးလျှော့ပေးခြင်းဖြစ်ကြောင်း လောကနတ် (ပုဂံ) ဟိုတယ်မှမန်နေဂျာဦးကျော်သန်းက ပြောသည်။

ပုဂံညောင်ဦးတွင် ဟိုတယ်အလုံးရေ ၇၅ လုံးရှိပြီး အခန်းပေါင်း ၂,၂၀၀ ဝန်းကျင်ရှိကြောင်း ပုဂံဇုန်ဟိုတယ်လုပ်ငန်း ရှင်များအသင်းဥက္ကဋ္ဌဦးဇော်ဝိတ်က ပြောကြားသည်။

ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးဒေသရှိ ဟိုတယ်များလည်းမိုးတွင်းကာလတွင်ဟိုတယ် အခန်းခများ ဈေးလျှော့ယူကြောင်း ဂျီအိုင်စီ(၂) ဟိုတယ်မန်နေဂျာကိုခွန်မောင်နီက ပြောကြားသည်။

"အင်းလေးဒေသမှာရှိတဲ့ ဟိုတယ်တွေလည်း ဈေးလျှော့ယူကြတယ်။ အောက်တိုဘာလောက်ကျမှ ပုံမှန်ဈေးပြန်ရောက်မှာ"ဟု ကိုခွန်မောင်နီက ပြောသည်။

ပုဂံဒေသနှင့် အင်းလေးတို့တွင် ကမ္ဘာလှည့်ခရီးသွားများ အများဆုံးလာရောက်သော ကာလမှာ အောက်တိုဘာမှ မတ်လအထိ ဖြစ်ကြောင်း ဟိုတယ်လုပ်ငန်းရှင် အသိုင်းအဝိုင်းက ဆိုသည်။

---

## ရှေးဟောင်းနယ်မြေတွင် ညစာစားပွဲကျင်းပခြင်း ဧည့်လမ်းညွှန်အသင်းကန့်ကွက်မည်

**နိုင်ချို**

**ရန်ကုန်၊ မေ- ၁၀**

ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေနှင့် မန္တလေးမြို့ရှိရှေးဟောင်း ဘုန်းကြီးကျောင်းဝန်းကျင်၌ညစာစားပွဲ ကျင်းပခြင်း (Temple Dinner)ပြုလုပ်ခြင်းတို့အပေါ် ကန့်ကွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ သတင်းရရှိသည်။

"ဘုရားပုထိုး ဝန်းကျင်မှာ ညစာစားပွဲလုပ်တာမကောင်းဘူး။ ဒီကိစ္စနဲ့ပတ်သက်ပြီး လုပ်ဆောင်နေတဲ့ ခရီးသွားလုပ်ငန်းတွေကို အရေးယူသင့်တယ်။ဘာသာရေးအရကြည့်ရင်လည်း မဖြစ်သင့်ဘူး။ ဒေသခံတွေကလည်းမကြိုက်ကြပါဘူး" ဟုမြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ အတွင်းရေးမှူးတစ်ဦးကပြောသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယခုနှစ်ဆန်းပိုင်းမှ စတင်ပြီး ပုဂံယဉ်ကျေးမှုနယ်မြေအတွင်းရှိ ဓမ္မရံကြီးစေတီအနောက်မြောက်ဘက်ရှိယာကွက်၊ အိုးထိန်းတောင်နှင့် ရွှေနန်းရင်တောစေတီ၏ တောင်ဘက်နေရာ (၃)နေရာတွင် ညစာစားပွဲပြုလုပ်ခွင့်ကို တရားဝင်ခွင့်ပြုခဲ့သည်။

"တချို့နိုင်ငံခြားသားတွေကလည်း Sunset ကြည့်ချင်ကြတယ်။ ညစာစားပွဲဆိုတော့ အသောက်အစားတော့ပါမှာပေါ့။ သက်ဆိုင်ရာက သောက်စားခွင့်မပြုရင်တော့ အဆင်ပြေနိုင်မှာပါ" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောကြားသည်။

"ညစာစားပွဲကျင်းပဖို့နေရာတွေ သတ်မှတ်ပေးပေမဲ့ အချို့နေရာတွေမှာ စေတီ၊ ပုထိုးတွေ ရှိသေးတယ်။ ညစာစားပွဲတွေ ကျင်းပပေးနေတဲ့ ခရီးသွားလုပ်ငန်းတွေထဲမှာ ဒေသခံခရီးသွားလုပ်ငန်းတွေပါတယ်"ဟု ပုဂံဒေသခံဧည့်လမ်းညွှန်တစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံသို့ခရီးသွားဧည့်သည်ပိုမိုဝင်ရောက်လာသည်နှင့် အမျှမလိုလားအပ်သော ကိစ္စများ မဖြစ်ပေါ်စေရန် ယဉ်ကျေးမှုနယ်မြေ၊ စေတီ၊ ဘုရား၊ ပုထိုးများ၌ ညစာစားပွဲ ကျင်းပခြင်းများကို တားမြစ်စေရန် ဌာနဆိုင်ရာသို့ တင်ပြမည်ဖြစ်ကြောင်း ဧည့်လမ်းညွှန်များကဆိုသည်။

---

## ချင်းပြည်နယ်တိုးတက်ရေး ခရီးသွားလုပ်ငန်းဖြင့် မြှင့်တင်မည်ဟုဆို

**နိုင်ချို**

**ရန်ကုန်၊ မေ- ၁၀**

ချင်းပြည်နယ် ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးစေရန်ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ချင်းပြည်နယ် အစိုးရတို့ ပူးပေါင်းဆောင်ရွက်ရန် စီစဉ်နေကြောင်း သတင်းရရှိသည်။

ချင်းပြည်နယ်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များ တရားဝင်သွားရောက်လည်ပတ်ခွင့်ပြုလိုက်ခြင်းကြောင့် ယခုနှစ် ခရီးသွားဧည့်သည်အဝင်မှာ ယခင်နှစ်ထက် ထက်ဝက်ခန့်ပိုမိုမြင့်တက်လာသော်လည်း ဝင်ရောက်လာသော ခရီးသွားများ လုံလောက်စွာ တည်းခိုနိုင်သော ဟိုတယ်မရှိသေးကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ချင်းပြည်နယ်ကို နိုင်ငံခြားသားတွေအရမ်းစိတ်ဝင်စားတယ်။ အဓိကသွားတာ နတ်မတောင်ကို။ ရိဒ်ရေအိုင်ကိုလည်း အရမ်းသွားချင်ကြတယ်။ ဒါပေမဲ့ လမ်းပန်းဆက်သွယ်မှု၊ တည်းခိုနေထိုင်ရေးတွေက အခက်အခဲတွေတော်တော်များများရှိတယ်" ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှု အနိမ့်ဆုံးပြည်နယ်တစ်ခုဖြစ်ရာ ခရီးသွားလုပ်ငန်းဖြင့် တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

"ချင်းပြည်နယ်ကို အရင်ကတည်းက နိုင်ငံခြားသားဧည့်သည် အဝင်ရှိတယ်။ ဒါပေမဲ့ လူမှုရေးလုပ်ငန်းလုပ်တဲ့သူတွေများတယ်။ အခုဆို တရားဝင်သွားလာခွင့်ရတော့ ခရီးစဉ်တွေ ရောင်းရပါတယ်။ ဒါပေမဲ့ ဟိုတယ်အခန်းမလုံလောက်တော့ အခက်အခဲရှိတာပေါ့"ဟု မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူးတစ်ဦးက ပြောသည်။

ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ချင်းပြည်နယ်၏ ခရီးသွားလုပ်ငန်းကို ယခုထက် တိကျစွာ လုပ်ဆောင်မည်ဖြစ်ပြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘေးထွက်ဆိုးကျိုးများလည်း ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရန်လိုကြောင်း ချင်းပြည်နယ်ခရီးစဉ်၌ ပြောကြားခဲ့သည်။

---




7DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013



























7 ရက် သတင်းဂျာနယ် 7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

# “အိမ်နီးချင်းပတ်ဝန်းကျင်ကတော့ပိုကောင်းလာ ပိုပြီးချစ်ကြည်နွေးထွေးလာတာမျိုးတော့ မရှိပါဘူး”

## အစ္စရေးဝန်ကြီးချုပ်ဟောင်း အီဟွတ်အိုလ်မတ်နှင့် တွေ့ဆုံဆွေးနွေးခြင်း

**ကျော်မျိုး**

အစ္စရေး-ပါလက်စတိုင်း နှစ်နိုင်ငံနဲ့ အမေရိကန်ပြည်ထောင်စုတို့အကြား ထိပ်တန်းခေါင်းဆောင်အဆင့် ထိတွေ့ဆွေးနွေးမှုတွေ ပြန်လုပ်လာတာကြောင့် မကြာမီအချိန်ပိုင်းအတွင်း ငြိမ်းချမ်းရေးဆွေးနွေးမှုတွေပြန်စလာနိုင်ခြေရှိတယ်လို့ မျှော်လင့်ချက်တွေ ဖြစ်လာနေပါတယ်။ ဒီမျှော်လင့်ချက်တွေရှင်သန်လာအောင်လည်းပြန်အသက်ဝင်လာနေတဲ့ အာရပ်ငြိမ်းချမ်းရေးအစီအစဉ်၊ ဝန်ကြီးချုပ်နေတန်ညာဟုရဲ့ ကြေညာချက်ဖြစ်တဲ့ ဘယ်လိုသဘောတူညီချက်ကိုမဆို ဆန္ဒခံယူပွဲကျင်းပကာဖြေရှင်းဆောင်ရွက်သွားမယ်လို့ ပြောခဲ့တာတွေက အထောက်အပံ့ပေးခဲ့တာပါ။ ဧပြီလကုန်ပိုင်းအတွင်း နယူးယောက်မှာ ဂျေရုဆလင်ပို့စ်သတင်းစာကပြုလုပ်ခဲ့တဲ့ ကွန်ဖရင့်တစ်ခုမှာ နိုင်ငံခြားရေး မူဝါဒအသင်း Foreign Policy Association ရဲ့ အယ်ဒီတာရော ဘတ်နိုလန်ဟာ ယခင် အစ္စရေးဝန်ကြီးချုပ်ဟောင်းအီဟွတ်အိုလ်မတ်နဲ့တွေ့ဆုံစကားပြောဖြစ်ခဲ့ပါတယ်။ အိုလ်မတ်ဟာ အစ္စရေး-ပါလက်စတိုင်း ပြဿနာဖြေရှင်းရာမှာ နှစ်နိုင်ငံ ပူးတွဲနေထိုင်ရေး ဖြေရှင်းချက် Two-State Solution ကို နှိုးဆော်ဆောင်ရွက်ခဲ့တဲ့သူပါ။ ၎င်းဟာ ၂၀၀၉ မှာ လာဘ်စားမှု စွဲချက်တွေနဲ့ နိုင်ငံရေးကနေ ထွက်ခဲ့ရပေမယ့် ပြည်တွင်းနိုင်ငံရေးမှာ နေတန်ညာဟုကို စိန်ခေါ်နိုင်သူ ဖြစ်ပါတယ်။ ဒါကြောင့် နိုလန်နဲ့အိုလ်မတ်တို့ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်ရဲ့ ပြောင်းလဲနေတဲ့ ရှုမျှော်ခင်းတွေအကြောင်း၊ အာရပ်နွေဦးဖြစ်ထွန်းပြီးနောက် အစ္စရေးရဲ့ အခြေအနေအကြောင်း၊ အီရန်နဲ့ ဆီရီးယားတို့ရဲ့ စိန်ခေါ်မှုတွေ အကြောင်း၊ အမေရိကန်-အစ္စရေး ဆက်ဆံရေး အကြောင်းကို မေးမြန်းဆွေးနွေးခဲ့ပါတယ်။

**အိုဘားမားအစိုးရရဲ့ ဒုတိယသက်တမ်းမှာ အမေရိကန်-အစ္စရေး ဆက်ဆံရေးက ထောင့်ချိုးသစ်တစ်ခုကို ရောက်ခဲ့ပါပြီလား။**

ကျွန်တော့်အထင်တော့ ဆက်ဆံရေးတွေက ကောင်းပါတယ်။ အစ္စရေးပြည်သူတွေအပေါ်ထားရှိတဲ့ အမေရိကန်ရဲ့ ကိုယ်စားပြု တာဝန်ယူမှုနဲ့ပတ်သက်လို့ အခြေခံကျကျ စိတ်နှစ်မြှုပ်ထားမှု ရှိပါတယ်။ သမ္မတ(အိုဘားမား)က ပြောတယ်။ ကျွန်တော်တို့ဟာ ရန်သူတွေအပေါ်မှာ အစ္စရေးဘက်က အရည်အသွေးပိုင်းအရ သာလွန်မှုကို သေချာအောင် လုပ်ပေးထားမယ်။ အမေရိကန်က ကာကွယ်စောင့်ရှောက်ပေးမယ်လို့ ပြောပါတယ်။ ဒါဟာ ကျွန်တော်တို့ အနာဂတ်အတွက် အလွန်ထူးခြားတဲ့ အချက်ပါ။ ဒါကို သမ္မတအိုဘားမားက သံန္နိဋ္ဌာန်ချမှတ်ထားတာပါ။ ဒါကြောင့် နှစ်နိုင်ငံကြား ဆက်ဆံရေးတွေနဲ့ပတ်သက်လို့ ကျွန်တော်တကယ်မျှော်လင့်ပါတယ်။

**အမေရိကန်နဲ့ အစ္စရေးတို့ဟာ အီရန်နဲ့ပတ်သက်လို့တစ်သဘောတည်း ရှိနေပါသလား။**

ကျွန်တော်တို့ အမြဲပဲ အီရန်ကို ခြိမ်းခြောက်မှုတစ်ခုအဖြစ် ရှုမြင်ခဲ့ပါတယ်။ ဒီကိစ္စကို အမေရိကန်နဲ့ အစ္စရေးတို့က ကိုယ်တွယ်ရမယ်လို့ ကျွန်တော်တို့ အမြဲတွေးပါတယ်။ ဒါပေမဲ့ တကယ်ပဲ အမေရိကန်ခေါင်းဆောင်မှုနဲ့သာ ကိုင်တွယ်ရမယ်ပေါ့လေ။ အမေရိကဟာ ကမ္ဘာမှာ အင်အားအကြီးဆုံးနိုင်ငံပါ။ အမေရိကန်ကို အစ္စရေးနိုင်ငံရဲ့ အခြေခံအကျိုးစီးပွားတွေကို အသေအချာကာကွယ်ပေးပါလို့ တောင်းဆိုမယ့်အစား၊ အမေရိကန်ကို ဘာလုပ်ပါလို့ ပြောနေတာဟာ ဘာကိုကျွန်တော်တို့ ရည်ရွယ်နေတာလဲ။ အမေရိကန်ကလည်း ဒါကိုပဲပြောနေတာ။ သမ္မတကမကြာမီကပြောခဲ့တယ်။ အီရန်နိုင်ငံဟာ နျူလက်နက်ထုတ်လုပ်မှုကို ရပ်တန့်တော့မှာ မဟုတ်ဘူးလို့။ ကာကွယ်ရေးဝန်ကြီးချုပ်ဟတ်ဂယ်ကလည်း ဒီလိုပဲပြောတယ်။ နိုင်ငံခြားရေးဝန်ကြီးဂျွန်ကယ်ရီကလည်း ဒီတိုင်းပြောတာပဲ။ သူတို့ ဒီလိုပြောတိုင်း သူတို့ဆိုလိုတာကို ကျွန်တော်သံသယ မရှိပါဘူး။

**အစ္စရေးဟာ အာရပ်နွေဦးဖြစ်ပေါ်လာမှုကိုလိုက်လို့ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုနေရာချခဲ့ပါသလဲ။**

အိမ်နီးနားချင်းပတ်ဝန်းကျင်ကတော့ ပိုကောင်းလာ၊ ပိုပြီးချစ်ကြည်နွေးထွေးလာတာမျိုးတော့ မရှိပါဘူး။ ဒါပေမဲ့ မေးခွန်းက သူတို့တွေ ပြောင်းလဲနေတယ်ဆိုတာကို ငြင်းပယ်ဖို့ မဟုတ်ပါဘူး။ ဒါပေမဲ့ ဒီအပြောင်းအလဲတွေနဲ့ ကျွန်တော်တို့ ဘယ်လိုလိုက်ပါနိုင်မလဲ။ အစ္စရေးရဲ့ အခြေခံအကျိုးစီးပွားတွေကို မထိခိုက်အောင် ဘယ်လိုသေချာလုပ်နိုင်မလဲ ဆိုတာပဲဖြစ်ပါတယ်။ ကျွန်တော်ထင်တာတော့ အီဂျစ်ကို အခုထိန်းချုပ်ထားတဲ့ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခံထားရတဲ့ မွတ်ဆလင်ညီအစ်ကိုတော်များအဖွဲ့ဟာ အခြေခံအားဖြင့် အလွန့်အလွန် ဆင်းရဲတဲ့ လူ့အဖွဲ့အစည်းထဲနေနေရတဲ့လူသန်း၈၀လောက်ကို အရည်အသွေးရှိတဲ့ ဘဝတွေဖြစ်အောင်လုပ်နိုင်ဖို့ ပြဿနာတွေ့နေပါတယ်။ ကျွန်တော်ထင်တာတော့ သူတို့နဲ့ အစ္စရေးနိုင်ငံတို့ကြားက အင်အားချိန်ခွင်လျှာမှာဖြစ်တဲ့ ဘယ်အပြောင်းအလဲမဆိုဟာ အီဂျစ်ကို အကျိုးအမြတ်ဖြစ်စေတာထက် ပိုပြီးထိခိုက်မှုသာ ဖြစ်စေပါလိမ့်မယ်။

ဆီးရီးယားသမ္မတကတော့ နိုင်ငံသားတစ်သိန်းလောက်နီးပါးကိုသတ်ဖြတ်မှုအတွက်ပုဂ္ဂိုလ်ရေးအရ တာဝန်ရှိပါတယ်။ အဆုံးမှာတော့ တော်လှန်ရေးသမားတွေက အာဆက်ကို ဖြုတ်ချပါလိမ့်မယ်။ မေးခွန်းက ဘယ်သူတွေက တော်လှန်ရေးသမားတွေလဲ ဆိုတာပဲ။ သူတို့ကို ဘာတွေနဲ့ ဖန်တီးထားလဲ။ ဘယ်သူ့ကိုမှီခိုနေလဲ။ ဒီမှာ သူတို့ကို လွှမ်းမိုးထားတာ အယ်ကိုင်းဒါးလား။ အီရန်လား။ ဒါမှမဟုတ် သူတို့ဟာ ငြိမ်းချမ်းရေးကို ချစ်တဲ့၊ ဒီမိုကရေစီကိုချစ်တဲ့ တပ်ဖွဲ့တွေလား။ ဒါကို မြင်နိုင်နေရဆဲပါ။ ဒါပေမဲ့ ကျွန်တော်ထင်တာကတော့ ရုတ်တရက်ကြီး သူတို့မှာ အစ္စရေးနိုင်ငံကို အန္တရာယ်ပေးနိုင်တဲ့ စုစည်းထားတဲ့ တပ်ဦးတစ်ခုပေါ်လာဖို့က ဝေးလွန်းလှပါသေးတယ်။ ဒီအချက်မှာရော၊ လာမယ့် မြင်နိုင်တဲ့ အနာဂတ်မှာရော ဒါနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့ စိုးရိမ်စရာမလိုပါဘူး။

**ဒီနေ့ကာလမှာ ပါလက်စတိုင်းနဲ့ အစ္စရေးတို့ နှစ်ဖက်စလုံးအတွက် ငြိမ်းချမ်းရေးရရေးဖို့ အကြီးမားဆုံး အတားအဆီးတွေက ဘာတွေများ ဖြစ်မလဲ။**

တစ်ဖက်က ကြည့်ရင်တော့ ပါလက်စတိုင်းတွေအနေနဲ့ အစ္စရေးနိုင်ငံ တည်ရှိခြင်းနဲ့ပတ်သက်လို့ ညွှန်းဆိုရာမှာ သူတို့ရဲ့ အစဉ်အလာ ပြောဆိုနေမှုကို မေ့ပစ်ဖို့လိုပါတယ်။ အထူးသဖြင့် ပါလက်စတိုင်း နိုင်ငံရေးဒုက္ခသည်အားလုံး ပြန်လာရမယ်လို့ တောင်းဆိုတာမျိုးပေါ့။ ကျွန်တော်ဆိုလိုတာက အစ္စရေးနိုင်ငံကို ခင်ဗျားကပြန်သွားချင်နေရင် ဘာကြောင့်များ လွတ်လပ်တဲ့ ပါလက်စတိုင်းနိုင်ငံတစ်ခုကို ဖန်တီးနေတော့မလဲ။ ဒါက ဘယ်လိုအတွေးအမြင်မျိုးလဲဗျ။ ဒါအဓိပ္ပာယ်မဲ့တာပါ။ သူတို့က ပါလက်စတိုင်းသားတွေ တစ်နည်းမဟုတ် တစ်နည်းနဲ့ နေထိုင်နေတဲ့ နယ်နိမိတ်တွေထဲမှာ ဖန်တီးမယ့် ပါလက်စတိုင်းနိုင်ငံကို သွားရပါမယ်။ ပြီးတော့ အစ္စရေးနိုင်ငံဟာလည်း ကံမကောင်းစွာဘဲ သမိုင်းအရ ပိုင်နက်ဖြစ်ပြီး ဂျူးလူမျိုးတွေရဲ့ သမိုင်းအမွေအနှစ်ဖြစ်တဲ့ ဒါပေမဲ့ အခုပါလက်စတိုင်းတွေဝင်ရောက်နေတဲ့ နယ်မြေတွေက ပြန်ထွက်ဖို့လိုနေပြီး ပြန်စုစည်းရဦးမယ်။ သူတို့ကို နှင်ထုတ်ချင်တာရော၊ နှင်ထုတ်နိုင်တဲ့နည်းရော မရှိပါဘူး။ ဒါပေမဲ့ တစ်ချိန်တည်းမှာပဲ ကျွန်တော်တို့ သူတို့နဲ့ အတူနေရမယ်ဆိုရင် သူတို့ဟာအစ္စရေးနိုင်ငံရဲ့နိုင်ငံသားတွေအဖြစ် မဲပေးပိုင်ခွင့်တွေ၊ နိုင်ငံသားအခွင့်အရေးတွေ ရရှိရပါမယ်။ ဆိုလိုတာက သူတို့ဟာ ဂျူးနိုင်ငံမှာ လူများစုဖြစ်လာပါမယ်။

ဒီတော့ကျွန်တော်တို့အနေနဲ့ ဂျူးနိုင်ငံတစ်ခုနဲ့ ဒီမိုကရေစီနိုင်ငံတစ်ခုကိုလိုချင်တယ်ဆိုရင် တစ်ခုတည်းသောနည်းက အပေးအယူလုပ် ညှိနှိုင်းဖို့ပါ။ ဒါဟာ တချို့အစ္စရေးတွေအတွက် ဝန်ကြီးချုပ်အပါအဝင်ပေါ့လေ။ ခံစားမှုပိုင်းရော၊ စိတ်ဓာတ်ပိုင်းအရပါ ခက်ခဲတဲ့ဖြစ်စဉ်ပါ။ ဒါပေမဲ့ သူတို့ညှိယူကြရပါလိမ့်မယ်။ အဆုံးမှာတော့ သူတို့ ညှိယူကြလိမ့်မယ်လို့ ကျွန်တော်သိတယ်။ မေးခွန်းက သိပ်နောက်မကျသွားခင် အချိန်ဘယ်လောက်ယူမလဲဆိုတာပဲ။ ကျွန်တော်အမြဲ ပြောတာကတော့ အစ္စရေးဝန်ကြီးချုပ်မှာက တလွဲအချိန်မှာ မှန်တာတွေ လုပ်လေ့ရှိတဲ့အကျင့်ရှိတယ်လို့။ ဒီတော့ အချိန်အခါကောင်းမှာ လုပ်သင့်တဲ့ မှန်ကန်တဲ့အရာကို လုပ်ဖို့သူလုပ်တော့မယ်အချိန်ကို ရောက်ပါပြီ။

**ဝန်ကြီးချုပ်အနေနဲ့ ဘာကြောင့် အစ္စရေးနဲ့ တူရကီအကြား ချစ်ကြည်ရေးပြန်လုပ်ဖို့ သမ္မတ အိုဘားမားရဲ့ မကြာမီက လှုပ်ရှားဆောင်ရွက်မှုကို ဖန်တီးပေးခဲ့ရတာလဲ။**

ကျွန်တော်က ပြီးခဲ့တဲ့ငါးနှစ်လောက်ကတည်းက ချစ်ကြည်ရေးလုပ်ဖို့ အများကြီးအားပေးခဲ့တာပါ။ တူရကီတွေကိုတောင်းပန်သင့်တယ်လို့ နေတန်ညာဟုကို ကျွန်တော်ပြောခဲ့တာပါ။ မာမရာကို ဝင်ရောက်နေတာကိုရပ်ဖို့နဲ့ ဂါဇာမှာ သိမ်းပိုက်မှုတွေ ရပ်ဖို့သာမကပါဘူး အဲဒီမှာဖြစ်စဉ်ကြောင့် မသတ်ချင်ပေမယ့် သေဆုံးသွားခဲ့ရတဲ့ တူရကီနိုင်ငံသား ကိုးယောက်အတွက်ပါ တောင်းပန်ဖို့ပါ။ ကျွန်တော်တို့ တောင်းပန်ပြီး လျော်ကြေးပေးသင့်တယ်။ တူရကီနဲ့ ရှိထားတဲ့ မဟာဗျူဟာဆက်ဆံရေးတွေ မထိခိုက်စေချင်ဘူးပေါ့။ ကျွန်တော်ဘီဘီ (ဘင်ဂျမင်နေတန်ညာဟု)ကို ပြောပါတယ်။ “ကိစ္စက တောင်းပန်မလား၊ မတောင်းပန်ဘူးလား မဟုတ်ဘူး။ ခင်ဗျား ကျိန်းသေသာ တောင်းပန်လိုက်။ ကိစ္စက ခင်ဗျားအချိန်မီ တောင်းပန်မလား။ ထိရောက်မှု ရရှိမလား၊ မရှိဘူးလားဆိုတာပဲရယ်”လို့ပြောခဲ့ပါတယ်။ ဒီအတိုင်းအတိအကျ ကျွန်တော်တို့ ခုရင်ဆိုင်နေရတာပါ။ ဒီလိုမျိုး နှစ်နိုင်ငံကြား ပြန်လည်စေ့စပ်ရေးကို သမ္မတအိုဘားမားက ကြားဝင်ဆောင်ရွက်ပေးနေတာကို ကျွန်တော်ကျေးဇူးတင်ပါတယ်။ သိပ်နောက်ကျနေတာပဲ ကျွန်တော်နောင်တရတယ်။ အနာဂတ်မှာတော့ ဝန်ကြီးချုပ်ဟာ မှန်ကန်တဲ့အချိန်မှာမှန်ကန်တဲ့အရာကို သိပ်နောက်ကျမခံဘဲ လုပ်နိုင်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်။

*—Ref: 5 Questions with Former Israeli Prime Minister Ehud Olmert By Robert Nolan, May 3, 2013. Usnews*



## Leader's Profile

# ဗြိတိသျှရေနံ ကုမ္ပဏီအုပ်စု အမှုဆောင်အရာရှိချုပ် ဘော့ဘ်ဒပ်ဒလေ



ရဲမင်း

မစ္စတာ ဘော့ဘ်ဒပ်ဒလေသည် ဗြိတိသျှရေနံ (BP) ကုမ္ပဏီအုပ်စု၏ အမှုဆောင်အရာရှိချုပ်အဖြစ် ၂၀၁၀ ပြည့်နှစ် ဇူလိုင် ၂၇ ရက်တွင် ရာထူးခန့်အပ်ခံရသည်။

ဘော့ဘ်ဒပ်ဒလေကို အမေရိကန်နိုင်ငံ နယူးယောက်မြို့ကွင်းစ်ဒေသတွင် မွေးဖွားခဲ့ပြီး မစ္စစ္စပီပြည်နယ် ဟက်တစ်ဘာ့ဘ်မြို့၌ ကြီးပြင်းခဲ့သည်။ ၁၉၇၃ ခုနှစ်တွင် ချီကာဂိုမြို့ဆင်ခြေဖုံး ဟင်းဒေးလ်ဗဟိုအထက်တန်းကျောင်းမှ အောင်မြင်ခဲ့ပြီး အီလီနွိုက်တက္ကသိုလ်တွင် ဆက်လက်တက်ရောက်ကာ ဓာတုဗေဒအင်ဂျင်နီယာဘွဲ့ ရရှိခဲ့သည်။ Thunderbird School of Global Management ကျောင်းမှ MIM ဘွဲ့ရရှိခဲ့ပြီး Southern Methodist တက္ကသိုလ် (SMU) မှ စီးပွားရေး စီမံ ခန့်ခွဲမှု မဟာ (MBA) ဘွဲ့ ရရှိခဲ့သည်။

ဘော့ဘ် ဒပ်ဒလေသည် ၁၉၇၉ ခုနှစ်တွင် Amoco ရေနံကုမ္ပဏီ၌ ဝင်ရောက်လုပ်ကိုင်၍ တောင်တရုတ်ပင်လယ်တွင် ဆွေးနွေးညှိနှိုင်းမှုများ အပါအဝင် ရာထူးနေရာအများအပြား၌ တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၄ မှ ၁၉၉၇ ခုနှစ်အထိ ရုရှားနိုင်ငံ Amoco ၌ လုပ်ကိုင်၍ Amoco ကုမ္ပဏီအတွက် မဟာဗျူဟာရေးဆွဲရေး အထွေထွေမန်နေဂျာဖြစ်လာသည်။ ဗြိတိသျှရေနံ (BP) က Amoco ကို လွှဲပြောင်းရယူပြီးနောက်တွင်လည်း အလားတူရာထူး၌ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၉ နှင့် ၂၀၀၀ ပြည့်နှစ်တွင် မစ္စတာ ဘော့ဘ်ဒပ်ဒလေသည် BP အုပ်စု အမှုဆောင် အရာရှိချုပ်၏ လက်ထောက်အမှုဆောင်အဖြစ် တာဝန်ယူသည်။ ယင်းနောက် BP အုပ်စုဝင်ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် အစားထိုးစွမ်းအင်လုပ်ငန်းများအတွက် ဒုတိယဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့၍ ၂၀၀၂ ခုနှစ်တွင် BP အုပ်စု ဒုတိယဥက္ကဋ္ဌဖြစ်လာခဲ့သည်။ ၂၀၀၃ မှ ၂၀၀၈ ခုနှစ်အထိ TNK-BP ကုမ္ပဏီ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်အဖြစ် လုပ်ကိုင်ခဲ့သည်။

၂၀၀၉ ခုနှစ်တွင်မူ မစ္စတာ ဘော့ဘ်ဒပ်ဒလေသည် BP အုပ်စုသို့ ပြန်လာခဲ့ပြီး BP အုတ်အဖွဲ့တွင် ခန့်အပ်တာဝန်ပေးခြင်း ခံရကာ BP အုပ်စု၏ အမေရိကတိုက်နှင့် အာရှလုပ်ငန်းများကို ကြီးကြပ်ရသည်။ ၂၀၁၀ ပြည့်နှစ် ဇွန်လ ၂၃ မှစက်တင်ဘာလ ၃၀ ရက်အတွင်း အမေရိကန်နိုင်ငံ မက္ကဆီကို ပင်လယ်ကွေ့ BP ၏ ရေနံယိုဖိတ်မှု ပြန်လည်ရှင်းလင်းသန့်စင်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အမှုဆောင် အရာရှိချုပ်အဖြစ် တာဝန်ယူခဲ့သည်။

အမေရိကန်ပြည်နယ် ငါးခုကို ယင်းရေနံယိုဖိတ်မှုဖြစ်စဉ်အတွင်း မစ္စတာ ဘော့ဘ်ဒပ်ဒလေသည် ပင်လယ်ကွေ့အား ရှင်းလင်းခြင်း၊ ကန်အာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ BP ၏ လုပ်ကိုင်ဆောင်ရွက်မှုများကို ပြည်သူလူထုသို့ ရှင်းလင်းတင်ပြခြင်း၊ ပျက်စီးယိုယွင်းမှုများကို ဆန်းစစ်လေ့လာခြင်းများ ဦးဆောင်လုပ်ကိုင်ခဲ့သည်။

၂၀၁၀ ပြည့်နှစ်ဇူလိုင် ၂၇ ရက်တွင် မစ္စတာ ဘော့ဘ်ဒပ်ဒလေအား BP အုပ်စု အမှုဆောင် အရာရှိချုပ်အဖြစ် ခန့်အပ်ကြောင်း BP က ကြေညာခဲ့၍ ဒါရိုက်တာ ဘုတ်အဖွဲ့တွင်လည်း ခန့်အပ်ခဲ့သည်။

မစ္စတာ ဘော့ဘ်ဒပ်ဒလေသည် ဇနီးသည် မေရီဒပ်ဒလေနှင့် သားသမီးနှစ်ဦး ထွန်းကားခဲ့သည်။

*—Ref: Wikipedia*



7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

# ဖိလစ်ပိုင်ရေတပ်၏ ပစ်ခတ်မှုကြောင့် သေဆုံးခဲ့သော တိုင်ပေတံငါသည်မိသားစုကို အထူးသံတမန်သွားရောက်တောင်းပန်

**တိုင်ပေ၊ မေ- ၁၁**

တိုင်ပေငါးဖမ်းလှေတစ်စင်းအား ဖိလစ်ပိုင်ရေတပ်က ပစ်ခတ်မှုကြောင့် သေဆုံးသွားခဲ့ရသည့် တိုင်ပေတံငါသည် မိသားစုကို ဖိလစ်ပိုင်အထူးသံတမန်တစ်ဦးက သွားရောက်တောင်းပန်ခဲ့ကြောင်းသိရသည်။

ဖိလစ်ပိုင်နိုင်ငံ၏ တရုတ်တိုင်ပေဆိုင်ရာ သံအမတ်လည်းဖြစ်သူ အန်တိုနီယိုဘာစီလီယိုက တိုင်ပေနိုင်ငံခြားရေးဝန်ကြီးဌာနတွင် "ကျွန်တော်တို့ဟာ သေဆုံးသွားတဲ့ ဟွန်ရဲ့ မိသားစုတွေကို ရိုးသားစွာ စာနာထောက်ထားကြောင်းနဲ့ ဝမ်းနည်းကြောင်း တောင်းပန်လိုပါတယ်။ မစ္စတာဟွန်ရဲ့မိသားစုတွေကို ရိုးသားစွာ စာနာထောက်ထားကြောင်းနဲ့ဝမ်းနည်းမှုတွေကို စကားလုံးနဲ့ဖော်ပြနိုင်စွမ်းမရှိပါဘူး" ဟုပြောသည်။ ၎င်းကဖိလစ်ပိုင်အစိုးရသည်ကြေကွဲဖွယ်ရာ ထိုဖြစ်ရပ်ကိုဖြစ်စေခဲ့သော အခြေအနေများကို ဆက်လက် စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ နှစ်ဖက်အာဏာပိုင်များ ပူးတွဲစုံစမ်းမှုလုပ်လျှင်လည်း ကြိုဆိုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။



AFP

သေဆုံးခဲ့သည့် အသက် ၆၅ နှစ်အရွယ် တိုင်ပေတံငါသည်မှာ ဖိလစ်ပိုင်ရေတပ်သင်္ဘောပေါ်မှ တပ်ဖွဲ့ဝင်တစ်ဦး၏ ပစ်ခတ်မှုကြောင့်သေဆုံးခဲ့ရခြင်းဖြစ်သည်။ ဖြစ်စဉ်မှာ တိုင်ပေနှင့် ဖိလစ်ပိုင်အစိုးရတို့အကြားနှစ်ဖက်စလုံးက ပိုင်ဆိုင်သည်ဟု ဆိုထားသော ပင်လယ်ရေပြင်တွင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဖြစ်စဉ်တွင် ဖိလစ်ပိုင်တာဝန်ရှိသူများက ထိုရေပြင်ပိုင်နက်သည် ၎င်းတို့ပိုင်နက်ဖြစ်ကြောင်း ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ တိုင်ပေကိုယ်စားလှယ်ကို ပြောသည်။ ဤသည်ကို တိုင်ပေဘက်မှ ပြင်းထန်စွာကန့်ကွက်ပြီးနောက်ဖိလစ်ပိုင်ဘက်က ဖြစ်စဉ်ကို ပူးတွဲစစ်ဆေးရန် ကိုယ်စားလှယ်တစ်ဦး စေလွှတ်ခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်အစိုးရသည် သေဆုံးခဲ့သည့် တိုင်ပေတံငါသည်အတွက် လျော်ကြေး ဒေါ်လာ ၁,၆၀၀ ပေးအပ်ခဲ့ကြောင်းသိရသည်။ *—Ref: The China Post*

# ငါးဖမ်းသမားသေဆုံးမှု ပိတ်ဆို့မှုများနှင့် အရေးယူမည်ဟု တိုင်ပေခြိမ်းခြောက်

**တိုင်ပေ၊ မေ- ၁၁**

တိုင်ပေငါးဖမ်းသမားတစ်ဦးအား မနီလာကပစ်ခတ်ခဲ့ခြင်းအတွက် လူထုအမျက်ဒေါသများဖြစ်ပေါ်စဉ် ဖိလစ်ပိုင်နိုင်ငံအပေါ်ပိတ်ဆို့တားဆီးမှုများနှင့် အရေးယူရေးစဉ်းစားနေကြောင်း တိုင်ပေသမ္မတမာယင်ကျောင်းက မေ ၁၁ရက်တွင် ပြောကြားလိုက်သည်။

"ကျွန်တော်တို့ငါးဖမ်းသမားတွေအတွက် တရားမျှတမှုရအောင်လုပ်သွားမယ်" ဟု မစ္စတာမာယင်ကျောင်းကပြောကြားပြီး ပိတ်ဆို့တားဆီးမှုများဖြင့် အရေးယူခြင်းဖြစ်နိုင်ခြေကိုလည်း ဖယ်ထုတ်ထားမည်မဟုတ်ကြောင်း နိုင်ငံအလယ်ပိုင်း ကမ်းခြေစောင့်တပ်ဖွဲ့လှေကျင့်ရေးနေရာသို့သွားရောက်စဉ်ပြောကြားသည်။

တိုင်ပေငါးဖမ်းသမားသေဆုံးမှုအတွက်ဖိလစ်ပိုင်အာဏာပိုင်များကတောင်းပန်၍ သတ်ဖြတ်သူကိုအရေးယူကာလျော်ကြေးလည်းပေးရမည်ဟူသော တိုင်ပေ၏ တောင်းဆိုချက်ကို သမ္မတမာယင်ကျောင်းကထပ်မံပြောကြားသည်။

တိုင်ပေငါးဖမ်းလှေအား ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ပစ်ခတ်ခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံကဝန်ခံခဲ့ပြီးနောက် ဖိလစ်ပိုင်နိုင်ငံမှ အလုပ်သမားငှားရမ်းခြင်းကို ရပ်တန့်ထားရန် အချို့သော တိုင်ပေဥပဒေပြုအမတ်များက အစိုးရအားတိုက်တွန်းခဲ့သည်။

ယင်းပစ်ခတ်မှုကြောင့် အသက်(၆၅)နှစ်အရွယ်ရှိငါးဖမ်းသမား ဟန်ရှီချင်း သေဆုံးခဲ့ပြီး ၎င်း၏လှေမှာလည်းကျည်ဆန်ရာ၅၀ခန့်ဖြင့် ဆန်ခါပေါက် ဖြစ်သွားခဲ့ကြောင်းသိရသည်။ *—Ref: AFP*

# အွန်လိုင်းလောင်းကစားခြင်းကို အရေးယူနိုင်မည့်ဥပဒေ စင်ကာပူအစိုးရ လေ့လာနေ

**စင်ကာပူ၊မေ-၁၁**

အွန်လိုင်းမှ လောင်းကစားခြင်းအား အရေးယူနိုင်ရန် စင်ကာပူအစိုးရက ကျွမ်းကျင်သူများနှင့် လေ့လာလျက်ရှိပြီး တားဆီးရေးမဟာဗျူဟာအား အကောင်အထည်ဖော်နိုင်ရန် အခြားသော တရားစီရင်မှုများကို လေ့လာလျက်ရှိသည်။

အွန်လိုင်းတွင် လောင်းကစားနိုင်သည့် ဝက်ဘ်ဆိုက်များသို့ ဝင်ရောက်ခွင့်အား ပိတ်ပင်ရန် စင်ကာပူအစိုးရက ကျွမ်းကျင်သူများနှင့် လေ့လာလျက်ရှိပြီး ၎င်းလေ့လာခြင်းအား ၂၀၁၃ ခုနှစ်အကုန်တွင် အဆုံးသတ်နိုင်ရန် မျှော်လင့်ကြောင်း မေလ ၁၀ ရက်က ပြုလုပ်သည့် Casino Regulatory Authority (CRA) ၏ လုပ်ငန်းစဉ်တစ်ရပ်တွင် စင်ကာပူနိုင်ငံ ပြည်ထဲရေးဒုဝန်ကြီး အက်စ်အစ်ဝါရန်က ကြေညာလိုက်သည်။

၂၀၁၁ ခုနှစ်တွင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၄၀၀ ဘီလီယံရှိပြီး နှစ်စဉ် ၉ ရာခိုင်နှုန်း တိုးလာမည်ဟု ခန့်မှန်းထားသည့် ကမ္ဘာအနှံ့မှ အွန်လိုင်းလောင်းကစားလုပ်ငန်းတွင် အာရှဒေသများမှာ လောင်းကစားမှု ကြီးထွားရာ အဓိကနေရာများဖြစ်ကြောင်း ၎င်းကပြောသည်။

အွန်လိုင်းမှ လောင်းကစားခြင်းအား ပညာပေးရေး၊ စေ့စပ်ညှိနှိုင်းမှုများနှင့် တရားဥပဒေပြဋ္ဌာန်းရေးတို့ အပါအဝင် ပုံစံအမျိုးမျိုးဖြင့် တိုက်ထုတ်ရန်လိုအပ်ကြောင်း မစ္စတာအစ်ဝါရန်က ဖေ့စ်ဘွတ်ခ်တွင် ဖော်ပြသည်။

အထက်ပါလေ့လာရေးလုပ်ငန်းစဉ်တွင် စင်ကာပူနိုင်ငံ၏ လူမှုရေးနှင့် မိသားစုဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ သတင်းမီဒီယာတိုးတက်ရေးဌာနများ၊ ရဲတပ်ဖွဲ့များနှင့်အတူ စင်ကာပူဝန်ကြီးဌာနက အနီးကပ်လေ့လာမှုပြုလုပ်လျက်ရှိကြောင်း မစ္စတာအစ်ဝါရန်က ပြောသည်။ ယခုကိစ္စတွင် CRA နှင့် အခြားလောင်းကစားအေဂျင်စီများ မည်သည့်အခန်းကဏ္ဍမှ ပါဝင်နေသည်ကို သုံးသပ်ရန် အချိန်စောလွန်းကြောင်း ၎င်းကပြောကြားပြီး အွန်လိုင်းမှ လောင်းကစားခြင်းအားအရေးယူနိုင်ရန်လွယ်ကူမည်မဟုတ်ကြောင်း ကျွမ်းကျင်သူများက ပြောသည်။

*—Ref: CNA*

# နှင်းမုန်တိုင်းဒဏ်ခံခဲ့ရသော လယ်သမားများအတွက် အိန္ဒိယစိုက်ပျိုးရေးဌာန ရူပီးသန်း ၉၀ လျော်ကြေးပေး

**နယူးဒေလီ၊မေ-၁၁**

အိန္ဒိယနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာနသည် ဘတ်ဒဝမ်နှင့် အနောက် မစ်ဒနာပူရ်ပြည်နယ်တို့တွင် နှင်းမုန်တိုင်းကျရောက်မှုကြောင့် စိုက်ပျိုးခင်းများ ပျက်စီးခဲ့ရသော လယ်သမား ၁၃၀,၀၀၀ အတွက် လျော်ကြေးရူပီးသန်း ၉၀ (ဒေါ်လာ ၁ဒသမ ၆၆သန်း)တန်ဖိုးရှိ လျော်ကြေးများ ပေးလျော်သွားမည်ဖြစ်ကြောင်း သိရသည်။

အစိုးရက အဆိုပြုထားသော လျော်ကြေးပေးမှုများတွင် လယ်သမားများအတွက် ဓာတ်မြေဩဇာနှင့်မျိုးစေ့များအခမဲ့ ဖြန့်ဝေခြင်းများလည်း ပါဝင်သည်။ အစီအစဉ်အရလယ်သမားတစ်ဦးချင်းစီကို အရည်အသွေးမြင့် မျိုးစေ့ခြောက်ကီလိုဂရမ်နှင့် ဓာတ်မြေဩဇာ၁၈ ကီလိုဂရမ်စီပေးအပ်သွားရန်ပါဝင်သည်။ ဝန်ကြီးဌာနက ပေးအပ်လိုက်သော ထောက်ပံ့မှုများကို သက်ဆိုင်ရာပြည်နယ်များရှိသဘာဝဘေးကာကွယ်ရေးဌာနများမှတစ်ဆင့် ပေးပို့သွားမည်ဟု သိရသည်။ ပြည်နယ်အစိုးရသည်ပြီးခဲ့သည့် ဧပြီတွင် သဘာဝဘေးကြောင့် သေဆုံးခဲ့ရသည့် လူကိုးဦး၏ မိသားစုတစ်စုချင်းစီကိုလည်း ရူပီးနှစ်သိန်းစီထောက်ပံ့ခဲ့ပြီးဖြစ်သည်။

ဧပြီလကဖြစ်ပေါ်ခဲ့သော နှင်းမုန်တိုင်းကြောင့် ပျက်စီးမှုများကို စာရင်းပြုချက်အရ အနောက်မစ်ဒနာပူရ်ပြည်နယ်တွင်စိုက်ခင်းဟတ်တာပေါင်း ၁၁,၀၆၆ခန့်နှင့် ဘတ်ဒဝမ်တွင် ဟတ်တာပေါင်း ၁၆,၀၀၀ခန့်ပျက်စီးခဲ့ရသည်ဟု ဆိုသည်။

*—Ref: TheStatesman*

# တရုတ်ကွန်မြူနစ်ပါတီခေါင်းဆောင် မော်စီတုန်း၏ ရှားပါးဓာတ်ပုံ ဒေါ်လာငါးသောင်းကျော် လေလံဈေးရရှိ

**ဘေဂျင်း၊မေ-၁၁**

လူရှန်းတောင်များနောက်ခံဖြင့် ကုလားထိုင်ပေါ်တွင်အေးဆေးစွာထိုင်နေသော တရုတ်ကွန်မြူနစ်ပါတီ ဥက္ကဋ္ဌမော်စီတုန်း၏ ရှားပါးဓာတ်ပုံတစ်ခုကို ဘေဂျင်းမြို့တော်တွင် လေလံတင်ရောင်းချခဲ့ရာ မူလမျှော်မှန်းထားသည့်ဈေးထက်ဆယ်ဆခန့်ပိုရကာ ယွမ်သုံးသိန်းလေးသောင်း(ဒေါ်လာ၅၅,၃၀၀) ရရှိသွားခဲ့သည်။

"ကမ္ဘာ့ပြည်သူများ၏ နှလုံးသားတွင် အတောက်ပဆုံးနေမင်းကြီးဖြစ်သော ဥက္ကဋ္ဌကြီးမော်"ဟု အမည်ပေးထားသည့် ယင်းဓာတ်ပုံကို ၁၉၆၁တွင်လီကျင်းဟု ကလောင်နာမည်ပေးထားသည့်မော်၏ ဇနီးကျန်ကျင်းက ရိုက်ကူးထားခြင်းဖြစ်သည်။ဓာတ်ပုံလေလံပွဲကို ဘေဂျင်းရှိဟွာချင်းလေလံကုမ္ပဏီတွင်ပြုလုပ်ခဲ့ရာ မူလက ကြမ်းခင်းဈေး ယွမ် ၂၂,၀၀၀ဖြင့် ဈေးဖွင့်ခဲ့ပြီး ယွမ်သုံးသောင်းမှ ငါးသောင်းကြားခန့်သာအမြင့်ဆုံးဈေးရမည်ဟု ခန့်မှန်းထားခဲ့ကြသည်။ လေလံကုမ္ပဏီ၏ မန်နေဂျာ လီရှင်းက "ကျန်ကျင်းရဲ့ ဓာတ်ပုံတွေက ဈေးကွက်ထဲသိပ်မရောက်ပါဘူး။ ဒီပုံက ဆိုက်လည်းကြီးပါတယ်"ဟု ပြောသည်။

လေလံကုမ္ပဏီသည် "ဂန္ထဝင်အနီ"ဟူသောအမည်ဖြင့် ပြခန်းကို မော်၏ ၁၂၀နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ်ပြသခဲ့ပြီး ပြပွဲတွင် မော်၏ အခြားဓာတ်ပုံများစွာလည်း ပြသခဲ့ကြောင်း သိရသည်။

ယခုရောင်းချခဲ့သော မော်၏ဓာတ်ပုံမှာ မူလက အဖြူအမည်းနှင့်သာဖြစ်သော်လည်း နောက်ပိုင်းတွင် ပန်းချီဖြင့် ဆေးရောင်စုံပြန်ခြယ်ထားခြင်းဖြစ်ကြောင်း သိရသည်။

*—Ref: China Daily*

Vol.12, No.10 • MAY 15 , 2013



ဓာတ်ပုံ-လမင်းနိုင်

# "အမေ့အတွက်"သီချင်း အထူးသရုပ်ဆောင်မည့် ဖစ်ဖစ်တုန်နဲ့ ဝမ်း

ကြူကြူဟန်

**ရန်ကုန်၊ မေ-၁၁**

Rဇာနည်၏'အဆိပ်တက်အိပ်မက်' ခွေတွင်ပါသော မိခင်မေတ္တာကို ရေးဖွဲ့ထားသည့် 'အမေ့အတွက်' သီချင်းဗီစီဒီတွင် ဇနီး ဝမ်းနှင့် သားဖြစ်သူ ဖစ်ဖစ်တုန်တို့က ပါဝင် ရိုက်ကူးပေးထားကြောင်း သတင်း ရရှိသည်။

မိခင်ဖြစ်သူက ကလေးကို မွေးဖွားကာ ပြုစုပျိုးထောင်ခဲ့ပုံများ ကို ဝမ်း ကိုယ်ဝန်ရှိစအချိန်မှ ကလေးအရွယ်ရောက်သည့်အချိန် အထိ ဗီဒီယိုမှတ်တမ်းများ၊ ဓာတ်ပုံ မှတ်တမ်းများကို ဆက်စပ်ကာ ဒါရိုက်တာစိန်လင်းက ရိုက်ကူးပေး ထားကြောင်း ဝမ်းက ပြောသည်။

"ဒီခွေထဲမှာ ကိုဇာနည်ရဲ့ စိတ်တိုင်းကျပဲပေါ့။ 'အမေ့အ တွက်'သီချင်းကို စပြောတဲ့အချိန် ကတည်းက မိန်းမရယ်၊ သားလေး ရယ် သရုပ်ဆောင်ပေးပါ ဆိုပြီး ပြောတယ်။ အမေတစ်ယောက်က သားလေးကိုပြုစုပျိုးထောင်တဲ့ပုံ မျိုးပါ" ဟု ဝမ်းက ပြောသည်။

"အဆိပ်တက်အိပ်မက်"ဗီစီဒီ ကို မေ ၁၅ ရက်တွင် ရတနာမြိုင် ထုတ်လုပ်ရေးက ဖြန့်ချိမည်ဖြစ်၍ မင်းမော်ကွန်း၊ ဖြိုးငွေစိုး၊ နေမင်း၊ ဝိုင်းစုခိုင်သိန်း၊ ယွန်းဝတီလွင်မိုး၊ သန္တာဗို၊ Mဆိုင်းလူ စသည့် သရုပ် ဆောင် ၂၀ ခန့်နှင့် ရိုက်ကူးထား သည်။ MTV Exit သံတမန်တစ် ဦး၏ လှုပ်ရှားမှုအနေဖြင့် လူကုန် ကူးမှု ပပျောက်ရေးအတွက် သီဆို ထားသော"ဘဝ၏ထောင်ချောက် များ"သီချင်းကိုလည်း "အဆိပ် တက်အိပ်မက်"ခွေတွင်ထည့်သွင်း ပေးထားကြောင်း Rဇာနည်က ပြောသည်။

"ဘဝရဲ့ထောင်ချောက်များ သီချင်းက လူကုန်ကူးမှု ပပျောက် ရေးအတွက် စီစဉ်ထားတဲ့ အဲဒီ သီ ချင်းလေးကို အမှတ်တရထည့် လိုက်တယ်။ ကျွန်တော့်မျက်နှာကြီး ကို မြင်လို့ရှိရင် လူကုန်ကူးမှုတွေ ပပျောက်အောင်ဆိုတဲ့ ရည်ရွယ် ချက်နဲ့ပါ"ဟု Rဇာနည်က ပြော သည်။ မေ ၁၈ ရက်တွင် ၉ မိုင်ရှိ North Point နှင့် မေ ၁၉ ရက် တွင် သမိုင်း City Mart ၌ ညနေ ၆နာရီတွင် အခွေတွင်ပါဝင်သော အနုပညာရှင်များက အမှတ်တရ လက်မှတ်ထိုးပေးမည်ဖြစ်သည်။



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# မလုပ်နိုင်ဘူးဆိုတာ မရှိရအောင် အဲဒီကားမှာ မဖြစ်ဖြစ်အောင် သရုပ်ဆောင်ထားတာပါ

## ရွှေမှုံရတီနှင့်အင်တာဗျူး

**အေးသူစံ**

အသက် ၁၃ နှစ်အရွယ်နှင့် အနုပညာလောကတွင် ဈေးကွက်ဝင်မင်းသမီး တစ်လက်အဖြစ် ရပ်တည်လာနိုင်သော ရွှေမှုံရတီက အနုပညာပျိုးခင်းရဲ့ စင်တင်မင်းသမီးတစ်ဦးဖြစ်တဲ့ မျက်နှာသစ်သရုပ်ဆောင်တစ်ယောက် ပေမယ့် စင်တင်ပေးတဲ့ပျိုးခင်းက စူပါမင်းသားငါးဦးနှင့် တွဲဖက်ရိုက်ကူး ရတာကြောင့် ဈေးကွက်ထဲမှာ လျင်လျင်မြန်မြန်နဲ့ မင်းသမီးဖြစ်လာသူပါ။ စူပါမင်းသားတွေတင်ပေးတိုင်း အရည်အချင်းမရှိရင်လည်း ရပ်တည်လို့ မရတဲ့ ရုပ်ရှင်၊ဗီဒီယိုဈေးကွက်မှာ ရွှေမှုံရတီရယ်လို့ တစ်စထက်တစ်စ နာမည်ရလာချိန်မှာပဲ နေတိုးနဲ့ တွဲဖက်ရိုက်ကူးထားတဲ့ 'မျက်လုံးကလေး ကလယ်ကလယ်' ဇာတ်ကားပါဇာတ်ဝင် ခန်းကြောင့် ပရိသတ်စိတ်ဝင် စားမှု ရလာခဲ့ပါတယ်။ ဒီဇာတ်ကားမှာ ရွှေမှုံရတီ သရုပ်ဆောင်ရတာက သာမန်ကလေးထိန်းအမျိုးသမီးတစ်ဦးပေမယ့်ပါဝင်တဲ့ဇာတ်ဝင်ခန်း တချို့ ကြောင့်လတ်တလောမှာ လှုပ်လှုပ်ရှားရှားနဲ့ အငြင်းပွားစရာတွေဖြစ်နေတဲ့ ဇာတ်ကားလည်းဖြစ်ပါတယ်။ ရွှေမှုံရတီက 'မျက်လုံးကလေး ကလယ်က လယ်'ဇာတ်ကားနဲ့ပတ်သက်လို့ပြောကြားထားတဲ့စကားသံတွေကိုပြန်လည် မျှဝေလိုက်ပါတယ်။

**အသက်ငယ်ငယ်နဲ့ အနုပညာလောကမှာ ရပ်တည်ရတဲ့ အားသာချက်၊ အားနည်းချက်က ဘာတွေ ဖြစ်မလဲ။**

အနုပညာလောကမှာ ရပ် တည်ရတာ ရွှေမှုံ ပျော်ပါတယ်။ ရပ်တည်နိုင်အောင်လည်း ကြိုး စားတယ်။ ရွှေမှုံ့ဘေးမှာ ရွှေမှုံ့ မိဘတွေရှိတဲ့အတွက် ခုလိုရပ် တည်နိုင်တာပါ။ ရွှေမှုံ့ဘေးမှာ ဘယ်သူမှ မရှိရင် ရွှေမှုံ လုပ်နိုင် မှာမဟုတ်ပါဘူး။ သရုပ်ဆောင်လုပ် နေရတာကို အရမ်းကို ပျော်ပါ တယ်။

**အသက်ငယ်နေတဲ့အတွက် ဘယ်လိုနေရာတွေမှာ အခက်အခဲရှိနေလဲ။**

တချို့ ဖလန်းဖလန်း ကာ ရိုက်တာတွေကျတော့ အရမ်းအ ဆင်ပြေတယ်။ နည်းနည်း လူကြီး ဆန်ပြီးတော့ တည်တည်ငြိမ်ငြိမ် နေရတဲ့ ဇာတ်ကောင်စရိုက်တွေ မှာတော့ အဆင်မပြေဘူး။ ဒါပေ မဲ့ရအောင်တော့ကြိုးစားပါတယ်။

**တွဲဖက်ရိုက်ကူးရတဲ့ မင်းသားတွေနဲ့ အသက်ကွာပေမယ့် လိုက်ဖက်ညီညီ သရုပ်ဆောင်နိုင်တာက ရွှေမှုံရတီရဲ့ အားသာချက်လား။**

ကားတစ်ကားရိုက်ရင်တော့ ပေးလာတဲ့ ကာရိုက်တာပေါ် အသက်ဝင်အောင် ကြိုးစားပါ တယ်။

**စာ(၄၁)သို့**



7DAY NEWS JOURNAL
Vol.12, No.10 · MAY 15 , 2013

# နောက်ဆုံးအဆင့် လူနာဆောင်က ကလေးတွေနဲ့ တွေ့ဆုံခဲ့တဲ့ ဂျဒန်စမစ်

**ဆိုးလ်၊ မေ-၁၁**

ဂျဒန်စမစ်သည် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိနေစဉ် အမှန်တကယ်လိုအပ်နေသော ကလေးများကို ကူညီရန် YG Entertainment အဖွဲ့သား စင်း၊ 2NE1 အဖွဲ့သား မင်ဇီတို့နှင့် တွေ့ဆုံခဲ့သည်။ စင်းက သူ၏ အင်စတာဂရမ်တွင် ယခုလို ရေးသားထားခဲ့သည်။



ဂျဒန်က သူ့ရဲ့ ရုပ်ရှင်ကား ‘After Earth’ ကို ကြော်ငြာဖို့ ကိုရီးယားကိုရောက်လာတော့ နေမကောင်းတဲ့ကလေးတွေနဲ့ တွေ့ချင်တယ်ဆိုပြီး ကျွန်တော်တို့ကို ဆက်သွယ်လာပါတယ်။ အဲဒီတော့ ဂျဒန်နဲ့ ကျွန်တော်တို့ ‘ Severance Hospital’ ကို သွားခဲ့ကြပါတယ်။ အဲဒီမှာ နောက်ဆုံးအဆင့် လူနာဆောင်က ကလေးတွေနဲ့ ဓာတ်ပုံတွေရိုက်တယ်။ ကလေးတွေကို ဇာတ်လမ်းတွေ ပြောပြတယ်။ အမှတ်တရလက်မှတ်တွေ ထိုးပေးခဲ့ပါတယ်။ 2NE1 အဖွဲ့သား မင်ဇီလည်း ကျွန်တော်တို့နဲ့အတူတူ လိုက်ခဲ့တယ်။ ‘$ 10 Miracle’ အသင်းကို သူကူညီမယ်ဆိုပြီး ဂျဒန်ကပြောတယ်။ ကျွန်တော့်ကို အမေရိကန်ဒေါ်လာ ၃၆၅၀ တန် ချက်လက်မှတ်တစ်စောင်ပေးခဲ့တယ်။ ကျွန်တော် ဂျဒန်ကိုအရမ်းကျေးဇူးတင်ပါတယ်။ သူဟာ တကယ်ချို့တဲ့နေတဲ့ နေရာ၊ လိုအပ်နေတဲ့နေရာကို လှူရကောင်းမှန်းသိတယ်”။

ဝီလ်စမစ်နှင့် ဂျဒန်စမစ်တို့ သားအဖသည် ၎င်းတို့၏ သုံးညအိပ်လေးရက်ကိုရီးယားခရီးစဉ်အတွင်း YG အဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့၍ YG Entertainment ရုံးချုပ်သို့လည်း လာရောက်လည်ပတ်ခဲ့သည်။ ဝီလ်စမစ်တို့ သားအဖသည် မေလ ၈ ရက်က ကိုရီးယားနိုင်ငံမှ ပြန် လည်ထွက်ခွာခဲ့သည်။ —Ref: Allkpop




# ဒိုးပုံ့မြန်မြန်ထွက်ရေး နယ်ရှိုးတွေနားထားတယ်ဆိုတဲ့ထက်ထက်

ဖွဲ့ညက်

**ရန်ကုန်၊ မေ-၁၁**

ဒိုးပုံ့အမ်တီဗီခွေကို ပရိသတ်များ မျှော်လင့်နေပြီဖြစ်သောကြောင့် နယ်ရှိုးများကိုနားထားပြီး အမြန်ထွက်ရှိရေးအားစိုက်လုပ်နေကြောင်း ထက်ထက် (Bobby Soxer) က ပြောသည်။

“နယ်ရှိုးပွဲတွေအကုန်လုံးနားပြီးတော့ ဒိုးပုံ့ကိုပဲ နည်းနည်းအားစိုက်ပြီး လုပ်နေတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပရိသတ်တွေကလည်း အရမ်းမျှော်နေပြီဆိုတော့ မြန်မြန်လေးပြီးအောင်”ဟု ၎င်းက ပြောသည်။

နယ်ရှိုးများမှာ အချိန်ပေးရသောကြောင့် နားခြင်းဖြစ်ပြီး ရန်ကုန်တွင်မူ ပုံမှန်ရှိုးပွဲများတွင် ဖျော်ဖြေဖြစ်သည်ဟု ၎င်းကဆိုသည်။

ဒိုးပုံ့အမ်တီဗီခွေတွင်စီဒီထွက်စဉ်က (၁၇)ပုဒ်သာ ပါဝင်သော်လည်း Bonus Track အဖြစ် သီချင်းတစ်ပုဒ်ထပ်မံထည့်ထားသောကြောင့် (၁၈)ပုဒ်ပါဝင်မည်ဖြစ်သည်။ တစ်ကိုယ်တော်ခွေထွက်လိုသောကြောင့်သီချင်းများကိုဒိုးပုံ့အမ်တီဗီရိုက်ရင်း စုဆောင်းနေသည်ဟုထက်ထက်ကပြောသည်။



ဓာတ်ပုံ-ကျော်ဇင်သန်း






# Sports

7DAY NEWS JOURNAL

Vol.12, No.10 • MAY 15 , 2013


# အမြင့်ပျံဖို့ စိန်ခေါ်မှုအသစ်များနဲ့

**ဗိုလ်ဗိုလ်ဝင်း**

မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ၂၀၁၄ အာရှအမျိုးသမီးချန်ပီယံရှစ် ခြေစစ်ပွဲများကို မေလနောက်ဆုံးပတ်အတွင်းစတင်ယှဉ်ပြိုင်ရတော့မည်ဖြစ်သည်။ အာရှတိုက်အတွင်းမှ အသင်းပေါင်း ၂၀ ဝင်ရောက်ယှဉ်ပြိုင်မည့် အဆိုပါခြေစစ်ပွဲစဉ်များကို အုပ်စု(၄) ခုခွဲခြားထားပြီး မြန်မာအမျိုးသမီးဘောလုံးအသင်းသည် အုပ်စု(ဃ)တွင် တရုတ်(တိုင်ပေ)၊ အိန္ဒိယ၊ ပါလက်စတိုင်းအသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အုပ်စု (၄)ခုမှ ပထမရသည့် အသင်းလေးသင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပွဲစဉ်များကို ၂၀၁၄ ခုနှစ်မေလအတွင်း၌ ဂျပန်နိုင်ငံက လက်ခံကျင်းပမည်ဖြစ်သည်။ နောက်ဆုံးအဆင့်တွင် ခြေစစ်ပွဲအောင်အသင်းလေးသင်းသည် အိမ်ရှင်ဂျပန်၊ တောင်ကိုရီးယား၊ တရုတ်၊ ဩစတြေးလျအသင်းများနှင့် အတူဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာပါဝင်သည့် အုပ်စုပွဲစဉ်များကို ပါလက်စတိုင်းနိုင်ငံက မေလ ၂၁ မှ ၂၅ ရက်အထိ လက်ခံကျင်းပမည်ဖြစ်သည်။ မြန်မာအမျိုးသမီးများအနေဖြင့် ယခုတစ်ကြိမ်ကျော်ဖြတ်ရမည့်အာရှဖလားခြေစစ်ပွဲစဉ်မှာ ၂၀၁၅ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် အရေးပါသောပထမခြေလှမ်းဖြစ်နေသည်။

အဘယ်ကြောင့်ဆိုသော် ၂၀၁၄ အမျိုးသမီးအာရှဖလားပြိုင်ပွဲမှ ထိပ်ဆုံးငါးသင်းမှာ ကမ္ဘာ့ဖလားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်သောကြောင့် ဖြစ်သည်။ လက်ရှိအနေအထားတွင် အာရှအမျိုးသမီးဘောလုံးလောကကို တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဩစတြေးလျအသင်းများကသာ လွှမ်းမိုးထားသည့်အတွက် အရှေ့အာရှနှင့် အာဆီယံအသင်းများမှာ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်အတွက် ခြေလှမ်းမမီသေးသည့် အခြေအနေဖြစ်နေသည်။

သို့သော်ပြီးခဲ့သည့်အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင် မြောက်ကိုရီးယားအသင်းမှာ တားမြစ်ဆေးသုံးစွဲကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် ၂၀၁၅ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် ပိတ်ပင်ခံထားရရာ အခြားအာရှအသင်းများအတွက် ကမ္ဘာ့ဖလားဝင်ခွင့်တစ်နေရာလက်မှတ်အတွက် အခွင့်အရေးရရှိလာခြင်းဖြစ်သည်။

လက်ရှိအနေအထားတွင် အမျိုးသမီးဘောလုံးအားကစားအဆင့်အတန်းအရ အရှေ့အာရှဒေသအသင်းများပြီးပါက အရှေ့တောင်အာရှအသင်းများဖြစ်နေသည်။ အာဆီယံဒေသတွင် ထိုင်း၊ ဗီယက်နမ်၊ မြန်မာ အမျိုးသမီးဘောလုံးအသင်းများမှာ ဒေသတွင်း အင်အားကြီးအသင်းများအဖြစ်ရပ်တည်နေပြီး အာရှအင်အားကြီးနိုင်ငံများကို ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်းနေကြဆဲဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် တစ်နေရာအတွက် ကျန်အာရှအသင်းများထက် အာဆီယံဒေသမှ အသင်းတစ်သင်းက အခွင့်အရေးပိုရှိနိုင်ကြောင်းကို လေ့လာသူများက သုံးသပ်သည်။

အဆိုပါ ကမ္ဘာ့ဖလားဝင်ခွင့် တစ်နေရာအတွက် မြန်မာအမျိုးသမီးဘောလုံးအသင်းအနေဖြင့် အိပ်မက်မက်ခွင့်ရှိနေသော်လည်း ပထမဆုံးဖြတ်သန်းရမည်မှာ ပထမအဆင့် ခြေစစ်ပွဲစဉ်များဖြစ်ပါသည်။ အုပ်စုပထမရသည့် တစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည့်အတွက် မြန်မာအမျိုးသမီးအသင်းအနေဖြင့် အုပ်စုတွင်းပြိုင်ဘက်သုံးသင်းကိုဖြတ်ကျော်ရန် လိုအပ်သည်။

လက်ရှိ ကမ္ဘာ့အဆင့်သတ်မှတ်ချက်များအရ မြန်မာအသင်းက ကမ္ဘာ့အဆင့် (၄၆)၊ တရုတ်(တိုင်ပေ) အသင်းက ကမ္ဘာ့အဆင့် (၄၁)၊ အိန္ဒိယအသင်းက ကမ္ဘာ့အဆင့် (၅၁) အသီးသီးရှိကြသည့်အတွက် ခြေစွမ်းကွာခြားမှုများစွာမရှိနိုင်ဟု ဆိုရမည်သာဖြစ်သည်။ ပါလက်စတိုင်းအသင်းက ကမ္ဘာ့အဆင့် (၉၁)ဟု သိရသော်လည်း အိမ်ရှင်အခွင့်အရေး အပြည့်အဝရှိနေသည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းအား အာဆီယံအကောင်းဆုံးနည်းပြဆုရထားသည့် ဂျပန်လူမျိုးနည်းပြကူမာဒါက ကိုင်တွယ်နေသည်။ ပြီးခဲ့သည့် ၂၀၁၂ အာဆီယံချန်ပီယံရှစ်တွင် အိမ်ရှင်ဗီယက်နမ်အသင်းအား ပင်နယ်တီဖြင့်ရှုံးနိမ့်ခဲ့သောကူမာဒါ၏အသင်းသည် ယခုနှစ်ဆန်းပိုင်းမှစတင် စခန်းသွင်းလေ့ကျင့်ကာ နိုင်ငံတကာပြိုင်ပွဲများအတွက်ပြင်ဆင်နေသည်။

ပြိုင်ပွဲဝင်မည့်မြန်မာအသင်း၏ လက်ရှိအနေအထားနှင့် ပတ်သက်၍ ရာနှုန်းပြည့်မဟုတ်သည့်တိုင် အကောင်းဆုံးပြင်ဆင်ထားကြောင်း ကူမာဒါက ပြောသည်။ အုပ်စုပွဲစဉ်များအား မြက်ခင်းတုကွင်း၌ယှဉ်ပြိုင်ကစားရမည်ဖြစ်ရာ ကွင်းအနေအထားအသားကျစေရန် မြန်မာအမျိုးသမီးအသင်းအနေဖြင့်ရန်ကုန်ယူနိုက်တက်အသင်း၏မြက်ခင်းတုကွင်းတွင် လေ့ကျင့်၍ ကြိုတင်ပြင်ဆင်နေသည်။

**စာမျက်နှာ(၂၆)သို့**




ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း


၇ ရက် နေ့စဉ်သတင်းစာ

7DAY DAILY


INSIGHT, IN DEPTH & INDEPENDENCE

အိမ်အရောက် ပို့ပေးနေပါပြီ

၀၉ ၄၃၀ ၅၃၃၂၀

၀၉ ၄၃၂၀၈၉၀၇










## သင့်အတွက်စိတ်ချရတဲ့ဝန်ဆောင်မှု

ကျွန်ုပ်တို့ရဲ့ကားနဲ့ပက်သက်တဲ့နှံ့မင်မှုကတော့ နက်ရှိုင်းပါတယ်။ ကျွန်ုပ်တို့ရဲ့သင့်အပေါ်ထားရှိတဲ့ စေတနာက ပိုမိုနက်ရှိုင်းပါတယ်။ ကမ္ဘာ့အဆင့်မီ ဝန်ဆောင်မှုများနှင့်စစ်မှန်တဲ့ တိုယိုတာယာဉ် အပိုပစ္စည်းများဖြန့်ချိ ပေးရုံတင်မဟုတ်ပဲ သင့်ကိုတစ်သက်တာ မမေ့နိုင်တဲ့ မော်တော်ယာဉ် ပိုင်ဆိုင်ခြင်းအတွေ့အကြုံကိုဖြည့်ဆည်းပေးဖို့ ကျွန်ုပ်တို့ ရည်ရွယ်ထားပါတယ်။ အသေအချာ လေ့ကျင့်သင်ကြားပေးထားတဲ့ ကျွမ်းကျင်ဝန်ထမ်းများနဲ့ ထိပ်တန်းနည်းပညာကို ပိုင်ဆိုင်ထားတဲ့ ကျွန်ုပ်တို့ရဲ့ TTAS မော်တော်ယာဉ် ဘော်ဒီပြုပြင်ခြင်းနှင့် ဆေးမှုတ်လုပ်ငန်းအလုပ်ရုံက သင့်ကိုစိတ်တိုင်းကျဝန်ဆောင်မှုပေးဖို့လာပါပြီ။

**မော်တော်ယာဉ်ဘော်ဒီပြုပြင်ခြင်းနှင့် ဆေးမှုတ်လုပ်ငန်းအလုပ်ရုံ ဖွင့်လှစ်လိုက်ပါပြီ။**




**TTAS CO., LTD. Body Repair & Paint Center**
No. 85, Corner of Min Aye Yar St. & Than Lwin St.
Shwe Than Lwin Industrial Zone,
Hlaing Thar Yar Township, Yangon, Myanmar.
Tel: (95-1) 4211700400, 450062995
E-mail: ttasbp@gmail.com
OPEN Mon - Sat between 9AM - 6PM
CLOSE Sunday & Public Holidays




**TTAS CO., LTD. (HEAD OFFICE)**
No.87 (A), Kaba Aye Pagoda Road,
Bahan Township, Shwegondine P.O 11201,
Yangon, Myanmar.
Tel: (95-1) 540740, 540836, 512026
Fax: (95-1) 545424
E-mail: ttas@mptmail.net.mm
OPEN Mon - Sat between 9AM - 6PM
CLOSE Sunday & Public Holidays

TOYOTA

www.toyota-global.com

7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

# ရာသီအသိမ်းမှာ ကြည့်ရဦးမယ့် ဥရောပလိဂ်နောက်ဆုံးပွဲစဉ်များ

**ကိုအေးမြတ်**

ဒီတစ်ပတ်ရဲ့ ဥရောပလိဂ်တွေကတော့ စိတ်လှုပ်ရှားစရာ နည်းသွားပါပြီ။ တန်းဆင်းဇုန်က ရုန်းထွက်ရေး တိုက်ပွဲဝင်ရမယ့် အသင်းတွေတော့ ရှိနေမှာဖြစ်ပြီး ပရီးမီးယားလိဂ်မှာ ရီးဒင်း၊ ကျူပီအာတို့ တန်းဆင်းရဖို့ရှိပြီး စီးရီးအေမှာ ဆီနာ၊ ပတ်စကာရာတို့ ကျိန်းသေဆင်းရတော့မှာ ဖြစ်ပါတယ်။ လာလီဂါမှာလည်း ရီးရဲလ်တို့ ဒုတိယနေရာ ကျိန်းသေသလောက်ရှိနေကာ ဇယားအောက်က ဒီပို့တီဗို၊ ဆယ်လ်တာဗီဂို၊ မာယော့ကာတို့ နောက်ဆုံးပွဲစဉ်တွေအထိ ရုန်းကန်ရင်း အမှတ်ရသလောက်ယူကာ သူတို့ထဲက ဘယ်သူတန်းဆင်းရမလဲ စောင့်ကြည့်ရပါမယ်။ ချန်ပီယံအသင်းတွေ ထွက်ပေါ်နေပြီဖြစ်တဲ့ လိဂ်နောက်ဆုံးပွဲတွေဆိုပေမယ့် အသင်းကြီးတွေက သိက္ခာထိန်းကစားရမယ့်ပွဲတွေနဲ့ ရာသီကုန် မျက်နှာပန်းလှအောင်ကြိုးစားကြမှာဖြစ်လို့ အရင်အတိုင်းပဲခြေကုန်ထုတ်ကစားမယ့်ပွဲတွေ တွေ့ရပါဦးမယ်။

**ပရီးမီးယားလိဂ်**

**၁၉၊ မေ၊ တနင်္ဂနွေ။ ည (၉း၀၀)နာရီ**

**(မှတ်ချက်- ပွဲအားလုံးတစ်ချိန်တည်းကစားပါမည်)**

**ချယ်လ်ဆီး-အဲဗာတန်**

**ပကျော့ရလဒ် (၂-၁)**

ချယ်လ်ဆီးတို့ ယူရိုပါလိဂ်ခြေသွေးပွဲအဖြစ် မှတ်ယူပြီး ကစားပါမယ်။ လူထုတ်ပုံပေါ် မူတည်လို့ ရဂိုးအနည်းအများ ကွာနိုင်ပါတယ်။ အဲဗာတန်အမြင့်ဆုံး သရေရနိုင်ခြေရှိပေမယ့် ချယ်လ်ဆီးကပဲ ဂိုးအနည်းနဲ့ ကပ်နိုင်မှာပါ။

**မန်စီးတီး-နော်ဝစ်ချ်**

**ပကျော့ရလဒ် (၄-၃)**

မန်စီးတီးတို့ အိမ်ကွင်းမှာ နိုင်ခြေများတယ်။ တိုရေး ပြန်ကောင်းလာပြီး အက်ဖ်အေမှာရခဲ့တဲ့ ခြေစွမ်းအတိုင်း မန်စီးတီးကစားနိုင်ပါတယ်။ နော်ဝစ်ချ်တို့အပြန်အလှန်သွင်းဂိုးတွေနဲ့ ရှုံးမှာပါ။

**နယူးကာဆယ်-အာဆင်နယ်**

**ပကျော့ရလဒ် (၃-၇)**

ပထမအကျော့ရလဒ်အတိုင်း ဂိုးမများနိုင်ပေမယ့် အာဆင်နယ်တို့ အဝေးကွင်းခြေစွမ်းပြနိုင်မှာပါ။ အာဆင်နယ် အနည်းဆုံး တစ်ဂိုးအသာနဲ့ နိုင်မှာပါ။ သရေဖြစ်နိုင်ခြေမရှိဘူး။

**ဝက်စ်ဘရွန်း-မန်ယူ**

**ပကျော့ရလဒ် (၀-၂)**

မန်ယူတို့ အိမ်ကွင်းပရိသတ်ရှေ့မှောက်မှာ အေးအေးဆေးဆေးကစားပြီး အနိုင်ယူသွားပါလိမ့်မယ်။ အပြန်အလှန်သွင်းဂိုး တချို့ရှိနိုင်ပြီး မန်ယူကတော့ အနိုင်ပါ။ သရေမဖြစ်နိုင်ပါဘူး။

**စီးရီးအေ**

**၂၀၊ မေ၊ တနင်္လာ။**

**နံနက် (၂း၄၅)နာရီ**

**(မှတ်ချက်-ပွဲချိန်အားလုံး တစ်ချိန်တည်းဖြစ်ပါသည်)**

**ဆမ်ဒိုးရီးယား-ဂျူဗင်တပ်**

**ပကျော့ရလဒ် (၂-၁)**

ဆမ်ဒိုးရီးယားတို့ အိမ်ကွင်းမှာ အနိုင်ရနိုင်ခြေရှိပြီး ဂျူဗင်တပ်ဂရုစိုက်ကစားရပါမယ်။ သရေပွဲနဲ့ ရှုံးပွဲတွေရှိနေပေမယ့် အိမ်ရှင်တို့ခံကစားနိုင်ပြီး ဂျူဗီဂိုးရနည်းပါမယ်။ ကပ်နိုင်ဖို့လောက်ပဲ ရှိပါတယ်။

**ရိုးမား-နာပိုလီ**

**ပကျော့ရလဒ် (၁-၄)**

လက်ရှိခြေစွမ်းအရ ရိုးမားတို့ အိမ်ကွင်းနိုင်ပွဲနည်းနေပြီး ခြေကျနေပါတယ်။ နာပိုလီတိုက်စစ်ဖွင့်ကစားပြီး အနိုင်ရသွားနိုင်တယ်။ နှစ်ဂိုးလောက်နဲ့ နာပိုလီနိုင်သွားနိုင်တဲ့ပွဲပါ။

**အင်တာ-အူဒီးနီးစ်**

**ပကျော့ရလဒ် (၀-၃)**

နောက်ဆုံးတွေ့ထားတဲ့လေးကြိမ်လုံး အူဒီးနီးစ်ကို အင်တာမနိုင်သေးဘူး။ အင်တာတို့အိမ်ကွင်းပွဲဆိုပေမယ့် သတိထားရမယ်။ ညီ့သည် အူဒီးနီးစ်ဘက်မှာနေသင့်ပြီး အင်တာကပ်ရှုံးနိုင်ခြေများနေတယ်။

**လာလီဂါ**

**၂၀၊ မေ၊ တနင်္လာ။**

**ဇာရာဂိုဇာ-အက်သလက်တစ်**

**(နံနက် ၁၀း၀၀ နာရီ)**

**ပကျော့ရလဒ် (၂-၀)**

ရှုံးပွဲ ဆက်တိုက်များနေတဲ့ အက်သလက်တစ်တို့ အိမ်ကွင်းမှာ နိုင်ပွဲရဖို့ မလွယ်ပါဘူး။ ဇာရာဂိုဇာ အကောင်းဆုံးမဟုတ်ပေမယ့် နိုင်ခြေများတယ်။ ဂိုးနည်းနိုင်ပါတယ်။

**ဘာစီလိုနာ-ဗယ်လာဒိုလစ်**

**(နံနက် ၃း၀၀ နာရီ)**

**ပကျော့ရလဒ် (၃-၁)**

ဘာကာတို့ အိမ်ကွင်းနိုင်ပွဲကို အေးဆေးရယူသွားမှာပါ။ ဂိုးများနိုင်ခြေ ရှိ၊ မရှိဘဲ စောင့်ကြည့်ရပါမယ်။ ဗယ်လာဒိုလစ် ချေပဂိုးက အမြင့်ဆုံးတစ်ဂိုးလောက်ပဲ ရနိုင်မယ်။

**၂၁၊ မေ၊ အင်္ဂါ။**

**မာယော့ကာ-ဘက်တစ်**

**(နံနက် ၄း၀၀ နာရီ)**

**ပကျော့ရလဒ် (၂-၁)**

နောက်ဆုံးတွေ့ဆုံမှုတွေအရ ဂိုးမပြတ်တဲ့နှစ်သင်းပါ။ လက်ရှိမှာ မာယော့ကာကို ပိုကြိုက်မိပြီး အိမ်ရှင်တို့ ဖိကစားကာ နှစ်ဂိုးလောက်ရသွားနိုင်တယ်။ ဘက်တစ်တို့ အပြန်အလှန်သွင်းဂိုးတွေ ရနိုင်ပေမယ့် ကပ်ရှုံးမှာပါ။



LINDSEY PARNA /EPA



# ဒေါ်လာ ၄၅ သန်း ခိုးယူခဲ့သည့် ဆိုက်ဘာရာဇဝတ်မှု ကျူးလွန်သူ ရှစ်ဦး ဖမ်းဆီးမိ

**နယူးယောက်၊ မေ-၁၀**

တရားမဝင်ရယူထားသော ကြိုတင်ငွေသွင်းကတ် (Prepaid Debit Card)များ၏ အချက်အလက်များ အသုံးပြုပြီး ကမ္ဘာ့အနှံ့ရှိ အလိုအလျောက် ငွေသွင်းငွေထုတ်စက် (Automated Teller Machine) များမှ ဒေါ်လာ ၄၅ သန်းကို ဆိုက်ဘာရာဇဝတ်မှု ဂိုဏ်းတစ်ဂိုဏ်းက ခိုးယူခဲ့ကြောင်း အမေရိကန်အစိုးရရှေ့နေများက ပြောသည်။ နိုင်ငံပေါင်း ၂၆ နိုင်ငံတွင် ကျူးလွန်ခဲ့သည့် ထိုရာဇဝတ်မှုတွင် ပါဝင်သူ ခုနစ်ဦးကို နယူးယောက်မြို့၌ စွဲချက်တင်ထားသည်။ အာရပ်စော်ဘွားများ ပြည်ထောင်စုနိုင်ငံ (U.A.E) နှင့် အိုမန်နိုင်ငံရှိ ဘဏ်များအား ပစ်မှတ်ထားခိုးယူရန် ထိုဂိုဏ်းက ကတ်အတုများ အသုံးပြုခဲ့သည်ဟု တရားရုံးအချက်အလက်များအရ သိရသည်။

၎င်းဂိုဏ်းသားများသည် ကြိုတင်ငွေသွင်းထားသည့် ကတ် (Prepaid debit card) များ၏ အချက်အလက်များကို ခိုးယူရန် ကွန်ပျူတာစနစ်အတွင်းသို့ ဖောက်ထွင်းဝင်ရောက်နေကြ၍ ဘဏ်စာရင်းတစ်ခုနှင့် ချိတ်ဆက်ထားသည့် ကြိုတင်ငွေသွင်းကတ်များ၏ ငွေထုတ်ယူခွင့်ကန့်သတ်ချက်ကို ပယ်ဖျက်ပစ်ကာ လက်ဆောင်ကတ် (gift card) များ (သို့မဟုတ်) ဟိုတယ်တွင် အသုံးပြုသည့် (Hotel Key) ကတ်များကဲ့သို့ သံလိုက်လိုင်းပါဝင်သည့် ကတ်များ၌ ခိုးယူထားသော အချက်အလက်များ ထည့်သွင်းကာ ငွေမြောက်မြားစွာ ခိုးထုတ်ယူခြင်းဖြစ်သည်။

ပထမဆုံး ငွေခိုးထုတ်မှုမှာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ (U.A.E) ရှိ Rak ဘဏ်မှ ထုတ်ယူမှုဖြစ်ပြီး ရာဇဝတ်မှုကျူးလွန်သူများသည် နိုင်ငံပေါင်း ၂၀ ၌ အကြိမ်ပေါင်း ၄,၅၀၀ ငွေထုတ်ယူမှုပြုလုပ်ကာ ဒေါ်လာငါးသန်း ခိုးယူနိုင်ခဲ့သည်။ ဖေဖော်ဝါရီလအတွင်း အိုမန်နိုင်ငံရှိ Muscat ဘဏ်၏ ATM စက်များမှ ၁၀ နာရီ အတွင်း ဒေါ်လာသန်း ၄၀ ခိုးထုတ်ခဲ့သည်။

၎င်းတို့ခိုးယူရရှိသည့် ငွေများကို အမေရိကန်နိုင်ငံ မီယာမီ၌ ဘဏ်စာရင်းတစ်ခုဖွင့်ကာ ငွေဖြူပြုလုပ်ခြင်းဖြစ်သည်။ ထိုကဲ့သို့ ATM စက်များမှ တရားမဝင် ငွေထုတ်ယူရန် လျှို့ဝှက်ပူးပေါင်းကြံစည်မှုနှင့် ငွေမည်းများငွေဖြူပြုလုပ်မှုကြောင့် လူခုနစ်ဦးကို နယူးယောက်မြို့တွင်ဖမ်းဆီးလိုက်သည်။ ၎င်းတို့ခုနစ်ဦးလုံးမှာ နယူးယောက်မြို့သား အမေရိကန်နိုင်ငံသားများဖြစ်သည်။ ၎င်းတို့၏ ဂိုဏ်းခေါင်းဆောင်မှာမူ သီတင်းပတ်အတော်ကြာက ဒိုမီနီကန် နိုင်ငံ၌ သေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်အစိုးရရှေ့နေများက ပြောသည်။ ယခုကဲ့သို့ ခိုးယူမှုမှာ ကြုံတွေ့ဖူးသမျှတွင် အကြီးမားဆုံး ခိုးယူမှုဖြစ်ကြောင်း အမေရိကန် နယူးယောက်မြို့ အရှေ့ဘက်ခရိုင် တရားရုံးမှ တရားသူကြီးမစ္စလောရတ်တာလင့်ချ်က ပြောကြားသည်။

*—Ref: BBC*



AFP

# မာလီနိုင်ငံပြန်လည်တည်ဆောက်ရန် အလှူငွေ ယူရိုငွေ နှစ်ဘီလီယံ တောင်းခံ

**ဘရပ်ဆဲလ်၊မေ-၁၁**

ပြင်သစ်နိုင်ငံ ဦးဆောင်မှုဖြင့် မာလီနိုင်ငံမြောက်ပိုင်းရှိ အဓိကကျသော မြို့များမှ တိုက်ထုတ်ခံခဲ့ရသည့် အစ္စလာမ်မစ်အကြမ်းဖက်တပ်ဖွဲ့များ ပြန်လည်ရှင်သန်လာခြင်းကို တားဆီးရန်နှင့် နိုင်ငံပြန်လည်တည်ဆောက်ရန် ယူရိုငွေ နှစ်ဘီလီယံနီးပါးကို မာလီနိုင်ငံက နိုင်ငံတကာရှိ အလှူရှင်နိုင်ငံများထံ တောင်းခံလိုက်သည်။ ယူရိုငွေ ၁ ဒသမ ၉၆ ဘီလီယံခန့် နိုင်ငံတကာအသိုင်းအဝိုင်းမှထည့်ဝင်ပေးရန် လိုအပ်ကြောင်း အစိုးရက ပြောကြားသည်။

ယခင်ကပြင်သစ်ကိုလိုနီဖြစ်ခဲ့ဖူးသည့် မာလီနိုင်ငံ၏မြောက်ပိုင်း သုံးပုံနှစ်ပုံကို သိမ်းပိုက်ထားသည့် အစ္စလာမ်မစ်အဖွဲ့အား တိုက်ထုတ်ရန် ပြင်သစ်နိုင်ငံက ဇန်နဝါရီလအတွင်းတွင် လေကြောင်းနှင့် မြေပြင်ထိုးစစ်များ ဆင်နွှဲခဲ့သည်။ ယင်းတိုက်ခိုက်မှုကြောင့် စစ်သွေးကြွများ သိမ်းပိုက်ထားသည့် နယ်မြေအများစုကို ပြန်လည်ရရှိလိုက်သော်လည်း ၎င်းတို့၏ ပြောက်ကျားစစ် ဆင်နွှဲခြင်းကိုမူ တားဆီးနိုင်ခဲ့ခြင်း မရှိပေ။

အကျပ်အတည်းပြဿနာများမှ လွတ်မြောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိရန် မာလီနိုင်ငံသည် နိုင်ငံတကာမှ နည်းပညာနှင့် ငွေကြေးအကူအညီ လိုအပ်ကြောင်း မာလီအစိုးရကပြောသည်။ ယင်းအစီအစဉ်တွင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုအပါအဝင် ယုံကြည်စိတ်ချလောက်သော ရွေးကောက်ပွဲကျင်းပရန်နှင့် အကျင့်ပျက်မှုများအား တိုက်ခိုက်ရန် အစီအစဉ်များ အပါအဝင် ဦးစားပေးလုပ်ဆောင်ရမည့် အစီအစဉ် ၁၂ ရပ် ပါဝင်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပြင်သစ်နှင့် ဥရောပအဖွဲ့ဝင်နိုင်ငံများ ကျင်းပပြုလုပ်မည့် ညီလာခံ အနည်းဆုံး ဒေါ်လာ သန်း ၆၀၀ မှ ၇၀၀ အထိ တိုးမြှင့်ပေးသွားရန် ရည်ရွယ်ကြောင်း သံတမန်ရေးရာ သတင်းရင်းမြစ်တစ်ခုမှ သိရသည်။

ယခုအချိန်တွင် ပြင်သစ်နိုင်ငံသည် ၎င်းတို့၏ တပ်သားများအား မာလီနိုင်ငံမှ ဆုတ်ခွာပြီး လုံခြုံရေးတာဝန်များကို ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့သို့ လွှဲပြောင်းပေးရန် စီစဉ်လျက်ရှိသည်။

မာလီနိုင်ငံ၌ ၂၀၁၂ မတ်လအတွင်း အာဏာသိမ်းမှုအပြီး လှူဒါန်းမှုမပြုလုပ်ရန် ပိတ်ပင်ခံထားသော နိုင်ငံများအား ပြန်လည်လှူဒါန်းခွင့်ပြုလိုက်ပြီဖြစ်သည်။

အီးယူမှ ဖွံ့ဖြိုးတိုးတက်မှုအကူအညီ ယူရိုငွေ သန်း ၂၅၀ အား ပိတ်ပင်ထားခြင်းကို ဖွင့်ပေးလိုက်ပြီဖြစ်သည်။ ပြင်သစ်နိုင်ငံကလည်း မာလီနိုင်ငံ၌ ရေနှင့်လျှပ်စစ်ကဲ့သို့ အဓိက လိုအပ်သည့် ဝန်ဆောင်မှုများ ပြန်လည်တည်ဆောက်ရန် အရေးပေါ်ရန်ပုံငွေ ယူရို ၁၀ သန်း အပါအဝင် ယူရိုငွေ သန်း ၁၅၀ အား ပြန်လည်ပေးအပ်ထားပြီးဖြစ်သည်ဟု သတင်း၌ဖော်ပြထားသည်။

*—Ref: Reuters*



# International

7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013

**နောက်ကျောဖုံး မှ**

### တောင်ကိုရီးယားအမျိုးသားများ အလှကုန်ပစ္စည်းသုံးစွဲမှု မြင့်တက်လာ

ဆယ်မျိုးခန့်ကို အတူယူသွားလေ့ရှိကြောင်း ဆိုသည်။ ၎င်းက "ကျွန်တော် အပြင်ထွက်ရင်တော့ ငါးမျိုးကနေ ဆယ်မျိုးလောက် သယ်သွားပါတယ်။ အိမ်မှာနေရင်တော့ အမျိုး ၂၀ ကနေ ၃၀ လောက်အထိ သုံးပါတယ်"ဟု ပြောသည်။

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သော ငါးနှစ်နှင့် နှိုင်းယှဉ်ပါက အမျိုးသားတို့အတွက် အလှကုန်ဈေးကွက်မှာ ရောင်းအား ၁၀ ရာခိုင်နှုန်း တိုးလာခဲ့သည်။ နိုင်ငံတကာ ဈေးကွက်သုတေသနကုမ္ပဏီ Euromonitor ၏ အဆိုအရ တောင်ကိုရီးယားအမျိုးသားတို့သည် ၂၀၀၇ တွင် အသားအရေထိန်းသိမ်းရေး Skincare အတွက် ကန်ဒေါ်လာ ၄၉၃ သန်း သုံးစွဲခဲ့ပြီး ငါးနှစ်အကြာ ၂၀၁၂ တွင်မူ ထိုပမာဏမှာ ဒေါ်လာ ၈၃၆ သန်းအထိ များလာကြောင်း ဆိုထားသည်။

မကြာမီက ပြုလုပ်ခဲ့သည့် သုတေသနတစ်ခုတွင်လည်း ကိုရီးယားအမျိုးသား ၁၀ ဦးတွင် တစ်ဦးမှာ မိတ်ကပ်လိမ်းလေ့ရှိပြီး နိုင်ငံတွင်းရှိသော အမျိုးသားဦးရေ ၁၉ သန်းအတွက် လာမည့်နှစ်များအတွင်း အလှကုန်ပစ္စည်းများ တိုးတက်ရောင်းချနိုင်ရန် ကုမ္ပဏီများက ကြိုးစားနေသည်။ အလှကုန်ပစ္စည်းကုမ္ပဏီတစ်ခုမှ အမှုဆောင်အရာရှိ ဆိုဟွိဂျူက "အတိတ်တုန်းကတော့ ယောကျ်ားတွေဟာ နေပူမှာနဲ့ အရေပြားထိခိုက်မှာကို သိပ်စိုးရိမ်လေ့မရှိခဲ့ပါဘူး။ ဒါပေမဲ့ ကုမ္ပဏီတွေ အများအပြားက နေရောင်ကြောင့် ဘယ်လောက်ထိခိုက်တယ်ဆိုတာကို ပြောလာကြတာနဲ့အညီ သူတို့ဟာလည်း အလှကုန်ပစ္စည်းတွေကို ဂရုစိုက်လာကြပါတယ်"ဟု ပြောသည်။

ကိုရီးယားနိုင်ငံတွင် စစ်မှုထမ်းဥပဒေအရ အမျိုးသားတိုင်း နှစ် နှစ်ခန့် မဖြစ်မနေ စစ်တပ်ထဲ ဝင်ကြရပြီး ယောကျ်ားပီသသည့် ကြမ်းတမ်းသည့် ပုံရိပ်ကိုသာ ရှေးဆန်သည့်လူများက လက်ခံဆဲဖြစ်သည်။ သို့သော် အမျိုးသားများကြားတွင် ရုပ်ထွက်ပိုကောင်းစေရန် အလှကုန်ပစ္စည်းများ သုံးစွဲသည့် ဓလေ့မှာ ပိုမိုတွင်ကျယ်လာနေကြောင်း ချန်နယ်နယူးအေးရှသတင်းကဖော်ပြခဲ့သည်။

—*Ref: CNA*




**နောက်ကျောဖုံး မှ**

### ဖိလစ်ပိုင်ဟက်ကာများ တိုင်ပေသမ္မတရုံးနှင့် ဝန်ကြီးဌာနဝက်ဘ်ဆိုက်များကို တိုက်ခိုက်

အသေပစ်ခတ်ခဲ့မှုကြောင့် တိုင်ပေတွင် အစိုးရနှင့် လူထုအကြား ဒေါသထွက်စေခဲ့သည်။ ထို့နောက် နှစ်နိုင်ငံအကြား ဆက်ဆံရေး တင်းမာမှုရလဒ်အဖြစ် နောက်တစ်နေ့တွင် ဟက်ကာများက ဖိလစ်ပိုင်သမ္မတဝက်ဘ်ဆိုက်ကို တိုက်ခိုက်ခဲ့ပြီး အပြန်အလှန် အားဖြင့် တိုင်ပေဝက်ဘ်ဆိုက်များကိုလည်း ဖိလစ်ပိုင်ဘက်မှ တိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

တိုက်ခိုက်မှုများတွင် တိုင်ပေသမ္မတရုံးဝက်ဘ်ဆိုက်ကို နှစ်ကြိမ်တိုက်ခိုက်မှု၌ ပထမဟက်ကာမှာ ဖိလစ်ပိုင်ရှိ IP လိပ်စာဖြင့် တိုက်ခိုက်ခဲ့ခြင်းဖြစ်ကာ ဒုတိယအကြိမ်တိုက်ခိုက်မှုတွင် စင်ကာပူနိုင်ငံမှ လိပ်စာဖြင့် တိုက်ခိုက်ခဲ့ကြောင်း တိုင်ပေသမ္မတရုံး ပြောခွင့်ရပုဂ္ဂိုလ်က ဆိုသည်။ ဖိလစ်ပိုင်အစိုးရသည် တိုင်ပေတံငါသည်အား ပစ်ခတ်ခဲ့မှုကို ဝန်ခံခဲ့ပြီးနောက်ပိုင်း တိုင်ပေနိုင်ငံသို့ အထူးကိုယ်စားလှယ် အန်တိုနီယိုဘာစီလီယိုကို စေလွှတ်ပြီး သေဆုံးသူ၏ မိသားစုကို တောင်းပန်ခဲ့ပြီးဖြစ်သည်။ တိုင်ပေသမ္မတ မာယင်ကျောင်းကလည်း သေဆုံးသူ မစ္စတာဟန်၏သမီး တောင်းဆိုသည့်အတိုင်း ငါးဖမ်းသမားများအတွက် အရေးပေါ်ဖုန်းလိုင်း တပ်ဆင်ရန် ကတိပြုခဲ့ကာ နိုင်ငံရေပိုင်နက်နှင့် နယ်စပ်နေရာများတွင် အရေးပေါ်ကယ်ဆယ်ရေးစနစ်များ တပ်ဆင်ထားရန် စီစဉ်ခဲ့သည်။

—*Ref: ANN/Chinapost*

**နောက်ကျောဖုံး မှ**

### သူပုန်များ သိမ်းပိုက်ထားသည့် မြောက်ပိုင်းရှိ ကီဒယ်လ်မြို့သို့ မာလီစစ်တပ်ချီတက်

"စစ်ရေးအရ လှုပ်ရှားမှု မလုပ်ခင် ညှိနှိုင်းရန် အချိန်ရှိသေးသည်"ဟု တတိယစစ်ကြောင်း၏ သတင်းရင်းမြစ်တစ်ခုမှ သိရသည်။ ချဒ်တပ်ဖွဲ့များသည် အဂူရယ်ဟော့မြို့သို့ ပြန်လည်တပ်ဖြန့်ထားကြောင်း ကီဒယ်လ်မြို့သူမြို့သားများက ပြောသည်။ မာလီအစိုးရက နိုင်ငံမြောက်ပိုင်းတွင် လုံခြုံရေးစိုးရိမ်ဖွယ်ရာများရှိနေသော်လည်း ဇူလိုင်လ၌ ရွေးကောက်ပွဲ ကျင်းပရန် စီစဉ်ထားသည်။

—*Ref: Reuters*

**နောက်ကျောဖုံး မှ**

### ဆားစ်နှင့်တူသော ဗိုင်းရပ်စ်သစ် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ခဲ့ဖွယ်ရှိ

လူ ၂၄ ဦးအနက် ၁၅ ဦးသေဆုံးသွားပြီဖြစ်ကြောင်း ဆော်ဒီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

NCoV ဗိုင်းရပ်စ်သည် အဆုတ်ရောင်ရောဂါနှင့် ကျောက်ကပ်ပျက်စီးမှုတို့ကို ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရာရှိများသည် NCoV ဗိုင်းရပ်စ်ကူးစက်ခံရမှုများနှင့် လူတစ်ဦးမှတစ်ဦးသို့ ၎င်းဗိုင်းရပ်စ်ပျံ့နှံ့နိုင်မှုအပေါ် စိုးရိမ်မိကြောင်း ပြောကြားသည်။

၂၀၁၂ ခုနှစ်ကတည်းက ဥရောပနှင့် အရှေ့အလယ်ပိုင်း ဒေသများတွင် ရောဂါဖြစ်ပွားသူ ၃၃ ဦးရှိပြီး ၁၈ ဦးသေဆုံးခဲ့ကြောင်း မကြာသေးမီက ထုတ်ပြန်သော ထုတ်ပြန်ချက်အရ သိရသည်။

ရောဂါ ဖြစ်ပွားသူများကို ဆော်ဒီအာရေဗျနှင့် ဂျော်ဒန်နိုင်ငံတို့တွင် စတင်တွေ့ရှိခဲ့ပြီး ဂျာမနီ၊ ယူကေနှင့်ပြင်သစ်နိုင်ငံများအထိ ရောဂါပိုးများ ပျံ့နှံ့သွားခဲ့သည်။

နိုင်ငံအများအပြားတွင် မြင်တွေ့ရသော ရောဂါပိုးကူးစက်ခံရသူများကို လေ့လာကြည့်မှုအရ ၎င်းဗိုင်းရပ်စ်ပိုးရှိသူနှင့် အနီးကပ်ထိတွေ့ဆက်ဆံမှုများကြောင့် လူတစ်ဦးမှ တစ်ဦးသို့ ကူးစက်ပျံ့နှံ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေလ ၁၂ ရက်တွင် ပြောကြားသည်။ သို့ရာတွင် ယင်းအဖွဲ့အနေဖြင့် NCoV ဗိုင်းရပ်စ်ပိုးကြောင့် နောက်ဆုံး အသေအပျောက် စာရင်းများကိုမူ အတည်မပြုရသေးပေ။

—*Ref: BBC*

**နောက်ကျောဖုံး မှ**

### ကမ္ဘာကြီးပူနွေးလာမှုကြောင့် သစ်ပင်ပန်းမန် ထက်ဝက်ခန့်နှင့် တိရစ္ဆာန် သုံးပုံတစ်ပုံ ထိခိုက်နိုင်

ယခုနှုန်းအတိုင်းသာ ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$) ထုတ်လွှတ်မှု ဆက်လက်များပြားလာပါက ၂၀၈၀ ပြည့်နှစ်အရောက်တွင် သစ်ပင်ပန်းမန်မျိုးစိတ် ၅၀ ရာခိုင်နှုန်းနှင့် တိရစ္ဆာန်မျိုးနွယ် ၃၅ ရာခိုင်နှုန်း ရှင်သန်နေထိုင်နိုင်သော အခြေအနေ ထက်ဝက်လျော့ကျသွားမည်ကို ပညာရှင်များက တွေ့ရှိခဲ့သည်။

ယင်းတွင် တိရိစ္ဆာန်နှင့် သစ်ပင်ပန်းမန်များ၏ သဘာဝပတ်ဝန်းကျင်သစ်၌ ပြောင်းလဲရှင်သန်နိုင်စွမ်းကိုလည်း ထည့်တွက်ထားသည်။

အန္တရာယ်အရှိဆုံး မျိုးနွယ်များမှာ ကုန်းနှင့်ရေတစ်ဝက်စီ နေထိုင်သောအခါ သတ္တဝါများ၊ အပင်များ၊ တွားသွားသတ္တဝါများဖြစ်ပြီး အန္တရာယ်အရှိဆုံးဒေသများမှာ ဆာဟာရတစ်ပိုင်း အာဖရိက၊ အမေရိကတိုက်အလယ်ပိုင်း၊ အမေဇုံးနီးယားဒေသနှင့် ဩစတြေးလျတိုက်တို့ဖြစ်ကြောင်း သုတေသီများက စာတမ်းတွင် ဖော်ပြထားသည်။

—*Ref: France.24*

7 DAY NEWS JOURNAL
Vol.12, No.10 • MAY 15 , 2013


# ဗြိတိန်မင်းသားဟယ်ရီအမေရိကန်နိုင်ငံကိုလိုရာဒိုသို့ရောက်ရှိ


KEVIN LAMARQUE/AFP

**ဒန်ဗား**- ဗြိတိန်မင်းသားဟယ်ရီသည် တစ်ပတ်ကြာ အမေရိကန်ခရီးစဉ် ဒုတိယ ခရီးတစ်ထောက် ရပ်နားရာ ကိုလိုရာဒိုပြည်နယ် ဒန်မာမြို့သို့မေလ ၁၀ ရက်တွင်ရောက်ရှိလာခဲ့ သည်။ မင်းသားသည် ဒဏ်ရာရစစ်ပြန်ကြီးများအတွက် ကျင်းပပြုလုပ်သည့် အားကစားပြိုင်ပွဲဖြစ်သည့် 2013 Warrior Games ပြိုင်ပွဲအတွက် ဒန်ဗာမြို့သို့ရောက်ရှိလာခြင်းဖြစ်သည်။ ၎င်းအား ဒန်ဗာမြို့တော်ဝန်နှင့် အုပ်ချုပ်ရေးမှူးများ အပါအဝင် တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်း Warrior Games ပြိုင်ပွဲအား ယခုသီတင်းပတ်အကုန်တွင် အမေရိကန်စစ်ဘက်ဆိုင်ရာ အဖွဲ့ငါးဖွဲ့နှင့် ဗြိတိန်မှ တစ်ဖွဲ့ အပါအဝင် Olympic Training Center နှင့် Air Force Academy တို့၌ ကျင်းပ မည်ဖြစ်သည်။

ယင်းမတိုင်မီ တစ်ရက်က မင်းသားသည် အိမ်ဖြူတော် လက်ဖက်ရည်ပွဲသို့လည်း တက်ရောက်ခဲ့သည်။

"ကျွန်တော်တို့ရဲ့ ဒဏ်ရာရထားတဲ့ စစ်သည်တွေနဲ့ ကျဆုံးသွားတဲ့လူတွေရဲ့ မိသားစုတွေကို ဗြိတိသျှစစ်တပ်က ဗိုလ်ကြီးတစ်ဦးဖြစ်တဲ့ မင်းသားဟယ်ရီက အများကြီး ကူညီပေးခဲ့ပါတယ်" ဟု သမ္မတအိုဘားမားက အိမ်ဖြူတော်လက်ဖက်ရည်ပွဲ၌ ပြောသည်။

ဝါရှင်တန်မြို့မှ မထွက်ခွာမီ ဟယ်ရီသည် အာလင်တန် အမျိုးသားစစ်သင်္ချိုင်းနှင့် ဝေါလာတာရိဒ်ဆေးရုံသို့ သွားရောက်ကြည့်ရှုခဲ့သည်။ မင်းသားသည် အမေရိကန်နိုင်ငံ အထက်လွှတ်တော်ရုံးရှိ Halo Trust အဖွဲ့မှပြသထားသည့် မြေမြှုပ်မိုင်း ရှင်းလင်းရေးပြပွဲသို့လည်း သွားရောက်ကြည့်ရှုခဲ့သည်။

၎င်း Halo Trust အဖွဲ့မှာ မင်းသား၏ ကွယ်လွန်သွားပြီဖြစ်သည့် မိခင်ဖြစ်သူ မင်းသမီးဒိုင်ယာနာ ထောက်ပံ့ပေးခဲ့သော အဖွဲ့ဖြစ်သည်။ မင်းသားအမေရိကန်နိုင်ငံသို့ စတင်ရောက်ရှိသောနေ့တွင် ဗြိတိသျှသံရုံး၌ ညနေစာစားခဲ့ကြောင်း USA Today သတင်းဌာနက ပြောသည်။

*—Ref: UPI*

# အိုဟိုင်းယိုးပြည်နယ်မှ ဖမ်းဆီးခံထားရသူ အမျိုးသမီးများအား ကယ်တင်ခဲ့သူ နေ့ချင်းညချင်း နာမည်ကြီးသွား



**ကလိဗ်လန်း**-ကလိဗ်လန်းမြို့ရှိနေအိမ်တစ်အိမ်တွင် နှစ်ပေါင်းအတော်ကြာ ဖမ်းဆီးခံခဲ့ရသော အမျိုးသမီးသုံးဦးနှင့် အမျိုးသမီးငယ်တစ်ဦးကို အာဖရိကန်-အမေရိကန်လူမျိုး ချားလိစ်ရပ်ဆေးက ကယ်တင်လိုက်ပြီးနောက် ၎င်း၏ နာမည်သည် အွန်လိုင်းတွင် အုတ်အော်သောင်းတင်း ကျော်ကြားသွားသည်။

အသက် (၄၀) ကျော်အရွယ် ချား လိစ်ရပ်ဆေးသည် အိုဟိုင်းယိုးပြည်နယ် ကလိဗ်လန်းမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ပန်းကန်ဆေးသူအဖြစ် လုပ်ကိုင်နေသူဖြစ်သည်။ ၎င်းသည် ဖမ်းဆီးခံထားရသော အမျိုးသမီးသုံးဦးနှင့် အမျိုးသမီးငယ်တစ်ဦးအား အိမ်နီးချင်းဖြစ်သူ၏ တံခါးကို ဖြိုဖျက်ကယ်တင်လိုက်ပြီးနောက် အွန်လိုင်းတွင် အမေရိကန် သူရဲကောင်းတစ်ဦးအဖြစ် အုတ်အော်သောင်းတင်း နာမည်ကျော်ကြားသွားခြင်းဖြစ်သည်။

ယင်းဖြစ်ရပ်ကို ရမ်ဆေးက ရှင်းလင်းပြောကြားသည့် ရုပ်မြင်သံကြား တွေ့ဆုံမေးမြန်းမှု ဗီဒီယိုကို Youtube ၌ အကြိမ်ပေါင်းများစွာ ကြည့်ရှုခံရပြီးနောက် Twitter တွင်လည်း ၎င်းသည် နာမည်ကြီးတစ်ဦးဖြစ်လာသည်။ ၎င်း၏ သတင်းဆောင်းပါးအား ဂုဏ်သတင်းကြီးသော ဝါရှင်တန်ပို့စ် သတင်းစာမှသည် လူပြိန်းကြိုက်သတင်းများရေးသည့် နယူးယောက်နေ့စဉ်သတင်းစာအထိ သတင်းစာအသီးသီးတွင် ဖော်ပြလျက်ရှိသည်။

ရမ်ဆေးက ရဲတပ်ဖွဲ့သို့ ကနဦး ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားပုံကို နိုင်ငံတစ်ဝန်းရှိ သတင်းလိုင်းများစွာက ပြန်လည်ရိုက်ကူးထုတ်လွှင့်လျက်ရှိသည်။

*—Ref: France-24*



7 DAY NEWS JOURNAL

# International

Vol.12, No.10 • MAY 15 , 2013

## ဆားစ်နှင့်တူသော ဗိုင်းရပ်စ်သစ် လူတစ်ဦးမှတစ်ဦးသို့ ကူးစက်ခဲ့ဖွယ်ရှိ

**ပါရီ၊ မေ-၁၂**

ဆားစ်ဗိုင်းရပ်စ် (SARS) နှင့်ဆင်တူသော နိုဗယ်ကိုရိုနာ ဗိုင်းရပ်စ်သစ် (NCoV) တစ်မျိုးသည် လူတစ်ဦးမှ လူတစ်ဦးသို့ ကူးစက်ခဲ့ဖွယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က ပြောကြားသည်။ ပြင်သစ်နိုင်ငံ၌ ဒုတိယမြောက်ဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူမှာ လူအချင်းချင်း ကူးစက်ခြင်းမှ ဖြစ်သည်ဟု ပြင်သစ်ကျန်းမာရေးဝန်ကြီးဌာနက အတည်ပြုပြီးနောက်အဆိုပါပြောကြားချက် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဆော်ဒီအာရေဗျနိုင်ငံတွင် ပြီးခဲ့သော နွေရာသီကတည်းက အဆိုပါဗိုင်းရပ်စ်ကူးစက်ခံရသော

**စာမျက်နှာ(၄၆)သို့**



REUTERS

*မေလ ၁၃ ရက်က ဘန်ကောက်မြို့၌ကျင်းပသော နှစ်စဉ်ပြုလုပ်သည့် တော်ဝင်လယ်ထွန်မင်္ဂလာပွဲတော်တွင် စပါးမျိုးစေ့များကို လက်ထဲဆုပ်ကိုင်ကာ အတားအဆီးများကိုဖြတ်ကျော်ပြေးနေကြသူများ။ ရှေးယခင်ကပင်ရှိခဲ့သော လယ်ထွန်မင်္ဂလာပွဲတော်သည် ဗုဒ္ဓဘာသာထိုင်းနိုင်ငံတွင် ပူပြင်းခြောက်သွေ့သောရာသီ၏ အဆုံးသတ်လည်းဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး ဆန်တင်ပို့သည့်နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏ စပါးစိုက်ရာသီအစလည်းဖြစ်သည်။*

## ဖိလစ်ပိုင်ဟက်ကာများ တိုင်ပေသမ္မတရုံးနှင့် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်များကို တိုက်ခိုက်

**တိုင်ပေ၊မေ-၁၃**

တိုင်ပေငါးဖမ်းလှေတစ်စင်းအား ဖိလစ်ပိုင်ရေတပ်က ပစ်ခတ်မှုကြောင့် တံငါသည်တစ်ဦး သေဆုံးပြီး နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာချိန်တွင် ဖိလစ်ပိုင်ဟက်ကာများသည် တိုင်ပေသမ္မတရုံး ဝက်ဘ်ဆိုက်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ စီးပွားရေးဝန်ကြီးဌာနနှင့် ကမ်းခြေစောင့် အာဏာပိုင်ရုံး ဝက်ဘ်ဆိုက်များကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

ပြီးခဲ့သော မေ ၉ ရက်က တိုင်ပေတံငါသည် ဟန်ရှိချင်းကို ဖိလစ်ပိုင်ငါးလုပ်ငန်းနှင့်ပင်လယ်ပြင် ရင်းမြစ်ဆိုင်ရာဗျူရိုမှ တပ်ဖွဲ့ဝင်တစ်ဦးက

**စာမျက်နှာ(၄၆)သို့**

## သူပုန်များ သိမ်းပိုက်ထားသည့် မြောက်ပိုင်းရှိ ကီဒယ်လ်မြို့သို့ မာလီစစ်တပ်ချီတက်

**ဘာမာကို၊မေ-၁၂**

မာလီ တပ်ဖွဲ့ဝင်များသည် တူအာရက်ခွဲထွက်ရေးသူပုန်များ သိမ်းပိုက်ထားသည့် ကီဒယ်လ်မြို့သို့ မေလ ၁၂ ရက်တွင် ချီတက်သွားသည်။ အစ္စလာမ်မစ်သောင်းကျန်းသူများ သိမ်းပိုက်ထားသည့် မာလီနိုင်ငံ မြောက်ပိုင်းအား ပြင်သစ်တပ်ဖွဲ့များက တိုက်ခိုက်ချေမှုန်းခဲ့ခြင်းကြောင့် တူအာရက်ခွဲထွက်ရေး သူပုန်များအဖွဲ့ (MNLA)သည် ကီဒယ်လ်မြို့ကို သိမ်းပိုက်ခွင့် ရသွားခဲ့သည်။ သို့သော် မာလီနိုင်ငံတွင် ယခုနှစ် ဇွန်လအတွင်း ကျင်းပမည့် ရွေးကောက်ပွဲများ ရှိနေခြင်းကြောင့် အစိုးရက ပြန်လည်၍ ၎င်း၏ အာဏာတည်စေလိုသည်။

ယခုသီတင်းပတ်စောစောပိုင်းတွင် မာလီစစ်တပ်မှ စစ်ကြောင်းတစ်ကြောင်းသည် ဂါအိုမြို့မှကီဒယ်လ်မြို့သို့ထွက်ခွာသွားခဲ့သည်။ MNLA အဖွဲ့က ကီဒယ်လ်မြို့အား သိမ်းပိုက်ထားသည့်ကိစ္စနှင့်ပတ်သက်၍ မေးမြန်းထားသည်များအား မေလ ၁၅ ရက်တွင် ဖြေကြားနိုင်လိမ့်မည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ယာမိုဆာကာရာမာက ပြောသည်။ MNLA အဖွဲ့သည် မာလီအစိုးရထံ လက်နက်ချရန် ငြင်းပယ်ထားပြီး ကီဒယ်လ်မြို့အား အစိုးရစစ်တပ်က ပြန်သိမ်းရန် ကြိုးစားမှုကို ခုခံသွားမည်ဟု ပြောသည်။ သို့သော် အစိုးရမှ နိုင်ငံရေး စေ့စပ်ညှိနှိုင်းမှု ပြုလုပ်ရန် ကမ်းလှမ်းထားသည်ဟု ဆိုသည်။

ကီဒယ်လ်မြို့ အနောက်တောင်ဘက် ကီလိုမီတာ ၉၀ အကွာရှိ အာနီဗစ်မြို့သို့ မာလီစစ်တပ်များ ချီတက်သွားပြီဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်မှ အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်။ မာလီစစ်တပ်များ အာနီဗစ်မြို့ကို ဝင်ရောက်လာသော်လည်း ထိုမြို့အား MNLA အဖွဲ့က ထိန်းချုပ်ထားဆဲဖြစ်ကြောင်းပြောသည်။ MNLA အဖွဲ့က သိမ်းပိုက်ခဲ့ဖူးသည့် ယမန်နှစ်က အစ္စလာမ်မစ်များ သိမ်းပိုက်ထားသည့် မာလီနိုင်ငံအရှေ့ဘက် မန်နာကာမြို့သို့လည်း ဒုတိယမြောက်စစ်ကြောင်း ချီတက်သွားသည်။

**စာမျက်နှာ(၄၆)သို့**

## ကမ္ဘာကြီးပူနွေးလာမှုကြောင့် သစ်ပင်ပန်းမန် ထက်ဝက်ခန့်နှင့် တိရစ္ဆာန် သုံးပုံတစ်ပုံ ထိခိုက်နိုင်

**ပါရီ၊ မေ-၁၂**

ယခုနှုန်းအတိုင်းသာ ကာဗွန်ဒိုင်အောက်ဆိုက်ထုတ်လွှတ်မှု ဆက်လက် များပြားနေပါက ၂၀၈၀ပြည့်နှစ်အရောက်တွင်ကမ္ဘာပေါ်ရှိ သစ်ပင်ပန်းမန် ၅၀ ရာခိုင်နှုန်းနှင့် တိရစ္ဆာန်မျိုးနွယ် သုံးပုံတစ်ပုံခန့်မှာ ၎င်းတို့ရှင်သန်နေထိုင်စရာနေရာ ထက်ဝက်လျော့ကျသွားမည်ဖြစ်ကြောင်း ရာသီဥတု လေ့လာမှုစာတမ်းတစ်ရပ်က ဖော်ပြသည်။

လူ့ပယောဂကြောင့် ထွက်ပေါ်လာသော ဖန်လုံအိမ်ဓာတ်ငွေ့များမှာ ၂၁၀၀ ပြည့်နှစ်တွင် ၁၈ ရာစု စက်မှုတော်လှန်ရေး ခေတ်မတိုင်မီကနှင့် နှိုင်းယှဉ်လျှင် ၄ ဒီဂရီဆဲလ်စီးယပ်စ် (၇ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်) သို့ ရောက်ရှိရန် ဦးတည်နေကြောင်း သုတေသနစာတမ်းတွင် ဖော်ပြသည်။

ယင်းသို့ယခင်က မျှော်မှန်းမထားခဲ့သော ပူနွေးမှု မြန်ဆန်ခြင်းက သဘာဝသစ်ပင်နှင့် တိရစ္ဆာန်များ ရှင်သန်နေထိုင်နိုင်သော ရာသီဥတုအခြေအနေကို ဆိုးဆိုးရွားရွား ထိခိုက်စေမည်ဖြစ်ကြောင်း စာတမ်းတွင် သုံးသပ်သည်။

ဗြိတိန်နိုင်ငံ East Anglia တက္ကသိုလ်မှ စူးစမ်းလေ့လာသူများသည် တိရစ္ဆာန်နှင့် သစ်ပင်ပန်းမန် မျိုးစိတ်ပေါင်း ၄၈,၇၈၆ ကို နမူနာယူ၍ ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုများပြားလာခြင်းက ၎င်းတို့အပေါ် မည်သို့သက်ရောက်သည်ကို လေ့လာတိုင်းတာခဲ့ကြသည်။

**စာမျက်နှာ(၄၆)သို့**

## တောင်ကိုရီးယားအမျိုးသားများ အလှကုန်ပစ္စည်းသုံးစွဲမှုမြင့်တက်လာ

**ဆိုးလ်၊မေ-၁၃**

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သော နှစ်များအတွင်း အမျိုးသားအလှကုန်ပစ္စည်းများ ဈေးကွက်ကြီးထွားလာသည်နှင့်အမျှ စီးပွားရေး ကျပ်တည်းသော ကာလများတွင် အမျိုးသားများသည် ၎င်းတို့၏ရှေ့ရေးကောင်းရန် မျှော်လင့်ချက်ဖြင့် အလှကုန်ပစ္စည်းများကို ပို၍ အသုံးများလာကြသည်။

အသက်(၂၀)အရွယ်တောင်ကိုရီးယားကုမ္ပဏီလုပ်သားတစ်ဦးဖြစ်သည့် ဟွန်ဒူရီက ၎င်းသည် မနက်ခင်းတိုင်း နေအိမ်မှထွက်ခွာရာတွင် အလှပြင်ပစ္စည်းငါးမျိုးမှ

**စာမျက်နှာ(၄၆)သို့**

